# ကြေးမုံ

**The Mirror**

Established in 1957

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်၊ သောကြာနေ့ (27-2-2015) (၈၁၂၉)


သတင်းစာတွေကို ကျွန်တော်ပြောချင်တယ်။ သတင်းစာတွေဟာ ဒီအစိုးရလက်ထက်နဲ့ အရင်တုန်းက အခြားအစိုးရလက်ထက်နဲ့ သေသေချာချာ နှိုင်းယှဉ်ကြည့်စေချင်တယ်။ ကျွန်တော်တို့ဟာ ဘယ်လိုအစိုးရဆိုတာလဲ၊ ဘာမှ အထူးပြောနေစရာမလိုဘူး။ အဲ့ဒီတော့ကာ ကျွန်တော်တို့ကို ထောက်ခံအားပေးနေတဲ့သတင်းစာတွေလည်း အားပေးချင်ပေးကြ။ ဒီလိုမှမဟုတ်လို့ ကျွန်တော်တို့ကို ဝေဖန်ပြီးတော့ အတိုက်အခံလုပ်ချင်ကြတဲ့သတင်းစာတွေဆိုရင်လည်း သဘောအတိုင်းပဲ။ သို့ပေမယ့် အကြည်ညိုတစ်ဦးနဲ့တစ်ဦး ပျက်စေတဲ့စကားမျိုး၊ တိုင်းပြည်ဆူပူအောင် လှုပ်ရှားအောင် လှုံ့ဆော်တဲ့ စကားမျိုး၊ ဖက်ဆစ်အစီအမံကို လုံးဝတစ်ခါတည်း လိမ်လည်လှည့်ဖြားပြီး ရေးသားတဲ့အရေးအသားမျိုးဆိုရင်ကျွန်တော်တို့သည်းခံမှာမဟုတ်ဘူးဆိုတာ တိတိလင်းလင်းပဲ သတိပေးပါရစေ။

*(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့တွင် ပြောကြားခဲ့သော နှစ်သစ်ကူးမိန့်ခွန်းမှ ကောက်နုတ်ချက်)*

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မလေးရှားသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်



**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ မိုဟာမက် ဟာနဖ်ဘင် အဗ္ဗဒူလာရာမန်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။**(ဝဲပုံ)**

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**


အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်က အကြံပြုချက်များပေးပို့ စာမျက်နှာ » ၃

အမျိုးသားပညာရေးဥပဒေ-ကောင်းစေချင်သည် စာမျက်နှာ » ၆၊ ၇

နိုင်ငံလုံးဆိုင်ရာ ပညာရေးပြုပြင်ပြောင်းလဲမှု ကွန်ရက်နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေး စာမျက်နှာ » ၇

ခြေလျင်တောင်တက်အဖွဲ့ ကချင်ပြည်နယ် ဂူဘားရွာ၌ ဘုရားတည်မည် စာမျက်နှာ » ၁၀


# ရှမ်းပြည်နယ် လီဆူတိုင်းရင်းသားများ စုပေါင်းနှစ်သစ်ကူးပွဲတော်ကျင်းပ



**လားရှိုး ဖေဖော်ဝါရီ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် ခါးသျှိကျေးရွာတွင် ရှမ်းပြည်နယ် လီဆူတိုင်းရင်းသားများ စုပေါင်းနှစ်သစ်ကူးပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် လီဆူတိုင်းရင်းသားရေးရာဝန်ကြီး ဦးယောဝိ၊ လီဆူတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်း၊ ဗဟိုဒူးလေးပါတီဥက္ကဋ္ဌ ဦးရွှေမင်းတို့က လီဆူတိုင်းရင်းသားများ စုပေါင်းနှစ်သစ်ကူးပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် လီဆူတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်းက နှစ်စဉ်နှစ်တိုင်း ဖေဖော်ဝါရီလ၏ သင့်တော်သောနေ့ရက်များတွင် ကျင်းပလျက်ရှိပြီး ယခုဒုတိယအကြိမ်မြောက် လားရှိုးမြို့နယ် ခါးသျှိကျေးရွာတွင် ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။ နှစ်သစ်ကူးပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များမှာ အမြို့မြို့အနယ်နယ်မှ လီဆူတိုင်းရင်းသားတို့၏ အမြင်ချင်းဖလှယ်ရန်၊ နောင်လာနောက်သားများအားလုံးကလည်း ရိုးရာဓလေ့များကို စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်ရန်၊ မိမိတို့လီဆူတိုင်းရင်းသားများနှင့်အတူ အခြားသောတိုင်းရင်းသားများကို ဖိတ်ခေါ်၍ အမြင်ချင်းဖလှယ်ပြီး ယဉ်ကျေးမှုချင်းဖလှယ်ခြင်းကို **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻**


**နဂါးနီ** ဘရိတ်ခါးဆူးကြိုး တပ်ဆင် ဖြန့်ချိရေး




★ အမျိုးအစား အလိုက် ဈေးနှုန်းမှန် ဖြစ်ရမည်၊

★ ကျွမ်းကျင်ဝန်ထမ်းများဖြင့် စနစ်တကျ စံချိန်မှီ တပ်ဆင်ပေးသည်၊

★ အိမ်အရောက် ပစ္စည်းပြသ၍ ကုန်ကျစရိတ်ကို ကြိုတင်ခန့်မှန်း တွက်ချက်ပေးသည်၊

ဆိုင် (၁) – အမှတ် (၇၆) သမိန်ဗရမ်းလမ်း၊ တာမွေမီးသတ်မျက်နှာချင်းဆိုင်။

ဆိုင် (၂) – အမှတ် (၁) သံသုမာလမ်း၊ မြန်မာ့ဂုဏ်ရောင်အိမ်ယာမျက်နှာချင်းဆိုင်၊ တာမွေ။

Ph: 09 730 20031, 09 730 20032

**မှန် ဒေါက်တာ**

ကားမှန် **မှန်စပေါ့** နှင့် **အက်ကြောင်းရှည်** များကို အိမ်အရောက် ပြုပြင်ပေးသည်။

ရန်ကုန် - 09 4211 51119, 09 4500 54449

မန္တလေး - 09 7322 9563, 09 7987 97917

**ကြွက်တိုင်းအောင် မျက်နှာကျက်**

❖ ၁၀ ပေပတ်လည် (တစ်ကျင်း) အပြီးအစီး ၇၀၀၀၀ ကျပ် (ပစ္စည်းဖိုး၊ တပ်ဆင်ခ၊ သယ်ယူစရိတ် အားလုံးပါဝင်ပြီး)

❖ **အရည်အသွေးကောင်း** မျက်နှာကျက်ပြား (2′ x 2′) T-Bar, L-Bar များကိုသာ သုံးစွဲတပ်ဆင်ပေးသည်။

❖ အပူဒဏ် နှင့် ဆူညံသံ လျော့ပါးစေပြီး၊ ဆေးသုတ်ရန်မလိုပါ။

Ph:09 730 20031, 09 730 20032, 09 7969 37880

ကြေးမုံစာတည်းရှုထောင့် ၂၇-၂-၂၀၁၅၊ သောကြာနေ့

# ကြက်ငှက်တုပ်ကွေး စုပေါင်းကာကွယ်ပေး

ကြက်ငှက်တုပ်ကွေးရောဂါသည် ရောဂါအမျိုးအစား အေဗီဇရှိသည့် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားသော ကူးစက်ရောဂါတစ်မျိုးဖြစ်သည်။ အများစုမှာ အတောင်ရှိသော ငှက်မျိုးစိတ်သတ္တဝါများတွင် ဖြစ်ပွားလေ့ရှိပြီး အခြားသတ္တဝါများသို့လည်း ကူးစက်ပျံ့နှံ့နိုင်ပါသည်။ ထို့အပြင် ရောဂါရှိသောတိရစ္ဆာန်နှင့် ထိတွေ့သော လူမှတစ်ဆင့် အခြားလူများသို့လည်း ကူးစက်နိုင်ပါသည်။ ထို့ကြောင့် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားပါက ရောဂါရှိတိရစ္ဆာန်များကို အမြန်ရှင်းလင်းပြီး လူသို့မကူးစက်နိုင်အောင် ကာကွယ်ကြရမည်ဖြစ်သည်။

ကြက်ငှက်တုပ်ကွေးရောဂါပိုးကို လွန်ခဲ့သည့်ကာလများက ကမ္ဘာတစ်ဝန်းရှိ အာရှ၊ အာဖရိက၊ ဥရောပ ဒေသ ၆၁ နိုင်ငံတွင် ဖြစ်ပွားခဲ့ပြီး ရောဂါဖြစ်ပွားသည့် ကြက်ငှက်အကောင်ရေ သန်း ၂၆၀ ခန့် သုတ်သင်ခဲ့ရသည်ဟု သိရသည်။ ယမန်နှစ်ကလည်း တရုတ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ H5 N6 ဖြစ်ပွားမှုကိုတွေ့ရှိခဲ့ပြီး ငန်းငှက် ၁၇၀၀၀ကျော် ကူးစက်သေဆုံးခဲ့သည့်အပြင် ထိုတိရစ္ဆာန်နှင့်ထိတွေ့သော လူအချို့သို့ပါ ကူးစက်ခဲ့ကြောင်းသိရသည်။ ထို့အပြင် ဂျပန်နိုင်ငံ၊ ဟောင်ကောင်နှင့် တောင်ကိုရီးယားနိုင်ငံတို့တွင်လည်း ဖြစ်ပွားခဲ့ပြီး ရောဂါဖြစ်ပွားသော ကြက်၊ ဘဲများကို သုတ်သင်ရှင်းလင်းခဲ့ရကြောင်းသိရသည်။

ယခုနှစ်ဦးပိုင်းကလည်း တောင်ကိုရီးယားနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ H5 N8 တစ်မျိုး ထပ်မံတွေ့ရှိခဲ့ရပြီး ရှင်းလင်းသုတ်သင်မှုများပြုလုပ်ခဲ့ရကြောင်း ထပ်မံသိရှိရသည်။ ထိုရောဂါမှာ ငှက်မျိုးစိတ်များတွင် မကြာခဏဖြစ်ပေါ်လေ့ရှိရာ၌ ဆောင်းခိုငှက်များ နယ်မြေဖြတ်ကျော် အုပ်စုဖွဲ့ပြောင်းရွှေ့နားခိုရာမှ ရောဂါရှိသောငှက်အချို့ပါဝင်လာပြီး ရောက်ရှိသောဒေသတွင် ကူးစက်ပြန့်ပွားခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် မန္တလေးဒေသနှင့် စစ်ကိုင်းဒေသတို့တွင် ၂၀၀၆ ခုနှစ်က စတင်ဖြစ်ပွားခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် ရန်ကုန်၊ ပဲခူးနှင့် မွန်ဒေသများတွင် ဒုတိယအကြိမ်ထပ်မံဖြစ်ပွားခဲ့ပြီး ထို့နောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် တတိယအကြိမ်ဖြစ်ပွားခဲ့သည်။ မြန်မာနိုင်ငံတွင် ထိုသို့ဖြစ်ပွားခဲ့မှုကို မွေးမြူရေးနှင့်ရေလုပ်ငန်း၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းတိုက်ဖျက်နိုင်မှုကြောင့် ထိုရောဂါကို ထိန်းချုပ်နိုင်ခဲ့သည်။ ၂၀၀၈ ခုနှစ် ဧပြီ ၂၀ ရက်နေ့တွင် ကြက်ငှက်တုပ်ကွေးရောဂါ ကင်းရှင်းသောနိုင်ငံအဖြစ် တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်။

ယခုတစ်ဖန် အာရှနိုင်ငံများတွင် ဖြစ်ပွားခဲ့မှုနှင့်အတူ ကြက်ငှက်တုပ်ကွေးရောဂါသည် မြန်မာနိုင်ငံသို့ ထပ်မံဝင်ရောက်လာပြန်သည်။ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ် ကြက်မွေးမြူရေးဇုန်အတွင်းရှိ ကြက်၊ ငုံးမွေးမြူရေးခြံတွင် ဖေဖော်ဝါရီ ၁၀ ရက်မှစတင်၍ ကြက်နှင့်ငုံးများ သေဆုံးခဲ့ကြောင်းသိရသည်။ ထို့ကြောင့် သက်ဆိုင်ရာအဖွဲ့အစည်းများက ဓာတ်ခွဲစမ်းသပ်စစ်ဆေးရာ H5 N1 ဗိုင်းရပ်စ်ပိုးဖြစ်ကြောင်း အတည်ပြုပေးခဲ့သည်။ ထို့နောက် ရောဂါထိန်းချုပ်နိုင်ရေး၊ အခြားဒေသသို့ မကူးစက်နိုင်ရေးအတွက် ကာကွယ်တားဆီးရေးလုပ်ငန်းများကို အလျင်အမြန်ဆောင်ရွက်နေကြောင်း သိရသည်။

ထို့ကြောင့် မြန်မာနိုင်ငံသို့ တစ်ကျော့ပြန်ရောက်ရှိလာသော ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ဆောင်းခိုငှက်များနှင့် အိမ်မွေးတိရစ္ဆာန်များ ထိတွေ့မှုမရှိစေရေး၊ မွေးမြူရေးခြံများတွင် ဇီဝလုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရေး၊ မွေးမြူရေးခြံနှင့် ကြက်၊ ဘဲအရှင် ဈေးများတွင် ပိုးသတ်သန့်စင်ခြင်းရှိစေရေး၊ မွေးမြူရေးခြံပတ်ဝန်းကျင်သန့်ရှင်းရေး၊ ပိုးသတ်ဆေးဖျန်းရေး၊ မွေးမြူရေးခြံအတွင်းသို့ဝင်ပါက အကာအကွယ်ပစ္စည်းများသုံးရေး၊ ခြံမှထွက်သည့်အခါတိုင်း မိမိကိုယ်ကိုသန့်ရှင်းရေးပြုလုပ်ရေး၊ အသား၊ ဥတို့ကို ကျက်အောင် ချက်ပြုတ်ပြီးမှ စားသောက်ရေး၊ ကြက်၊ ငှက်သေဆုံးကြောင်းသိရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးအကြောင်းကြားရေးတို့ကို အထူးသတိပြုဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသို့ တစ်ကျော့ပြန်ဝင်ရောက်လာသော ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးနှင့် ကင်းစင်ရေးအတွက် ရောဂါကြိုတင်ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများ၊ စူးစမ်းရှာဖွေရေးလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်အတူ ပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပါသည်။ ။

# အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု ညှိနှိုင်းရေးကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု ညှိနှိုင်းရေးကော်မတီ အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ **(ယာပုံ)** ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးများ၊ နိုင်ငံတော်သမ္မတ၏ အကြံပေးပုဂ္ဂိုလ်များ၊ UNDP မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသည့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု ညှိနှိုင်းရေးကော်မတီ အစည်းအဝေးသည် တတိယအကြိမ်မြောက် ကျင်းပသည့် အစည်းအဝေးဖြစ်ပါကြောင်း၊ ပထမအကြိမ်အစည်းအဝေးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြည်သူလူထု လိုလားချက်များကို လေ့လာ၍ ပြောင်းလဲသင့်သည့် အချက်များကို ပြုစုတင်ပြရန် ဆုံးဖြတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဒုတိယအကြိမ်ကျင်းပသည့် အစည်းအဝေးတွင် ပြုစုတင်ပြလာသော အချက်များအပေါ် မူတည်၍ Quick Win ရရှိစေမည့် ကိစ္စရပ်များကို ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ပါကြောင်း။

ယင်း Quick Win ရရှိစေမည့် ကိစ္စရပ်များမှာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက တင်ပြလာသော အကြံပြုချက်များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးမည့် အချက် (၇၈)ချက်၊ လုပ်ငန်းသဘာဝအရ တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည့် အချက် ၅၅ ချက်နှင့် ခေတ်နှင့် လိုက်လျောညီထွေဖြစ်စေရန် ပြင်ဆင်သင့်သည့် အချက် ၉ ချက်ဟူ၍ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ပါကြောင်း။

ယခု တတိယအကြိမ် ကျင်းပသည့် အစည်းအဝေးတွင် အုပ်ချုပ်ရေးစနစ်ဟောင်း တစ်ခုဖြစ်ပေါ်စေရေးအတွက် ရေရှည်ခိုင်မာသည့် အုတ်မြစ်ကောင်းတစ်ခုကို ချမှတ်နိုင်ရန်အတွက် မျှော်မှန်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရန်အတွက် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်တစ်ရပ် ပေါ်ထွန်းရေးကို ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု၊ မူဘောင်တစ်ရပ် ပေါ်ထွန်းသင့်သည့် အကြောင်းတရားများမှာ (က) ဘက်စုံလွှမ်းခြုံသော အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်တစ်ရပ်လိုအပ်ခြင်း၊ (ခ) နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်ကောင်းတစ်ရပ်ချမှတ်ရန် လိုအပ်ခြင်း၊ (ဂ)အကောင်အထည်ဖော်ဆောင်ရွက်သူများ အားလုံးအကြား ပူးပေါင်းညှိနှိုင်း ဆွေးနွေးနိုင်ရန် မူဘောင်တစ်ရပ်လိုအပ်ခြင်း၊ (ဃ) နှစ်ကာလ အပိုင်းအခြားဖြင့် တိကျစွာ သတ်မှတ်၍ ဆောင်ရွက်ရန် လိုအပ်ခြင်းတို့ဖြစ်ပါကြောင်း။

အသေးစိတ်ဆွေးနွေးဆောင်ရွက်နိုင်ရန်အတွက်နှင့် သက်ဆိုင်သူများ အားလုံးကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆွေးနွေးနိုင်ရန်အတွက် ရည်ရွယ်ပြီး အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု မူဘောင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ခု ကျင်းပရန်လည်း စဉ်းစားထားပါကြောင်း၊ သို့ဖြစ်၍ တက်ရောက်လာကြသော ကော်မတီဝင်များ အားလုံးအနေဖြင့်လည်း ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးပါရန် ပဏာမ ပြောကြားလိုပါကြောင်း။

အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းများကို ဖွံ့ဖြိုးဆဲနိုင်ငံများ၌ လုပ်ကိုင်ဆောင်ရွက်ကြရာတွင် အမြန်ဆုံးပြုပြင်ပြောင်းလဲနိုင်သော နိုင်ငံပေါင်း ၂၀ က အချိန်ယူခဲ့ကြရသည့် ပျမ်းမျှနှစ်သည် နှစ်ပေါင်း ၂၀ ခန့် ဖြစ်ပါကြောင်း၊ အမြန်ဆုံးပြုပြင်ပြောင်းလဲနိုင်သော နိုင်ငံပင် ၁၂ နှစ်ခန့်ကြာခဲ့သည်ကို လေ့လာမှုစစ်တမ်းများအရ သိရှိရကြောင်း၊ နိုင်ငံအားလုံးက စံနှုန်းအဖြစ် လိုက်နာကျင့်သုံးရမည့် ပြုပြင်ပြောင်းလဲရေး နည်းနာများလည်း မပေါ်ထွန်းသေးပါကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှုနှင့် ကာလဒေသအလျောက် ကျင့်သုံးဆောင်ရွက်ရပါကြောင်း။

ထို့ကြောင့် အပြုသဘောအောင်မြင်ခဲ့သောနိုင်ငံတကာ အတွေ့အကြုံများအပေါ် အခြေခံပြီး ဌာနအချို့နှင့် မြို့နယ်အချို့တို့တွင် စီမံချက်များဖြင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်ရာတွင် နိုင်ငံတကာ၏ လုပ်ပုံကိုင်ပုံများကို လေ့လာရမည်ဖြစ်သော်လည်း ပြုပြင်ပြောင်းလဲရေးပုံစံသည် မိမိတို့၏ အခြေအနေနှင့် ကိုက်ညီရန် လိုအပ်ပါကြောင်း၊ ရေရှည်အမြင်ရှိရန် လိုအပ်ပါကြောင်း၊ တဖြည်းဖြည်းတိုးတက်ရန် ပြင်ဆင်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူတို့၏ မျှော်လင့်ချက်မြင့်မားနေမှုများကို စီမံကိုင်တွယ်ရမည်ဖြစ်ပါကြောင်း၊ ပျော့ပျောင်းညင်သာမှုရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။


ယင်းနောက် UNDP ကိုယ်စားလှယ်က အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုမူဘောင်(မူကြမ်း)နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက အကြံပြုဆွေးနွေးကြသည်။

ထို့နောက် UNDP ကိုယ်စားလှယ်က အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်ဆိုင်ရာနှင့် ပတ်သက်၍ အလုပ်ရုံ ဆွေးနွေးပွဲ အစီအစဉ်များကို အသေးစိတ် ရှင်းလင်းတင်ပြခဲ့ပြီး ကော်မတီဝင်များက အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှု မူဘောင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်များနှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးကြပြီး အထွေထွေကိစ္စရပ်များ အပေါ် ဝိုင်းဝန်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**






# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပန်လုံ၌ ပေးအပ်

**ပန်လုံ ဖေဖော်ဝါရီ ၂၆**

'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ပန်လုံမြို့တွင် မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးအပ်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက်က ရပ်ကွက်(၈) ရုံး၌ ပြုလုပ်ရာ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးကော်မတီဥက္ကဋ္ဌ ဦးဝေမိုးဦး (မြို့နယ်အုပ်ချုပ်ရေးမှူး)နှင့် ရပ်ကွက်နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးအထောက်အကူပြုအဖွဲ့များတက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းလင်းက နိုင်ငံသားအရည်အချင်းပြည့်မီသူ ၂၅ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နေ့ချင်းပြီး ဆောင်ရွက်ပေးရာ ရပ်ကွက်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအိုက်ကျူက ကိုယ်စားလက်ခံရယူခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၇၉၉၀၀ | - | ၆၈၀၉၀၀ |
| မန္တလေး | ရွှေဈေး | ၆၇၉၉၀၀ | - | ၆၈၀၉၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၀ | ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၈၅၀ | ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၈၀ | ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၇၇၀ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၀၂၇. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၁၆၆. ၈ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၆၄. ၀၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၁. ၅၈၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၈၅. ၀၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၆. ၅၉၇ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၈၆၂. ၉၉ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၃. ၅၀၄ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၀၆. ၆၃ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၇၅၈. ၂၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ပတ်သက်၍
## အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်က အကြံပြုချက်များ ပေးပို့

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ပတ်သက်၍ သာသနာရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်က ဖေဖော်ဝါရီ ၂၀ ရက်တွင် အကြံပြုချက်များပေးပို့ခဲ့ကြောင်း သိရသည်။

ယင်းအကြံပြုချက်များတွင် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၌ အခန်း(၁၃) ပုဒ်မ ၆၈ (ခ) အား ပယ်ဖျက်ထားခြင်းနှင့် ပတ်သက်၍ မူလအမျိုးသားပညာရေးဥပဒေ အခန်း(၁၃) ပုဒ်မ ၆၈(ခ)တွင် ပါရှိသည့် ပြည်တွင်းရှိ လူမှုရေး၊ ဘာသာရေး အသင်းအဖွဲ့များက ပုဒ်မ ၃၄ ပုဒ်မခွဲ (ဈ)တွင် အကျုံးဝင်သော ကျောင်းများကို ဖွင့်လှစ်လိုလျှင် ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့က ထုတ်ပြန်သည့်နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်ဟူသည့်အချက်ကို ပယ်ဖျက်လိုက်ပါက ဘာသာရေးကျောင်းများသည် အထိန်းအကွပ်မဲ့သွားနိုင်သဖြင့် ပယ်ဖျက်ခြင်းမပြုဘဲ မူလအတိုင်းထားရှိသင့်ပါကြောင်း အကြံပြုထားသည်။

ထို့ပြင် ပြင်ဆင်သည့်ဥပဒေကြမ်း အခန်း(၁) ပုဒ်မ ၂ (ဟ)တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီကို ပြင်ဆင်ထည့်သွင်းထားခြင်းနှင့် ပတ်သက်၍ မူလအမျိုးသားပညာရေးဥပဒေတွင်လည်း အခန်း(၁) ပုဒ်မ ၂ (ဟ) ကျောင်းအကျိုးဆောင်အဖွဲ့ဟုပါရှိရာ ထိုတက္ကသိုလ်အုပ်ချုပ်ရေးကောင်စီနှင့် ကျောင်းအကျိုးဆောင်အဖွဲ့တို့သည် သဘောတရားချင်း အတူတူပင်ဖြစ်၍လည်းကောင်း၊ ထေရဝါဒဗုဒ္ဓတက္ကသိုလ်များအနေဖြင့် ကျောင်းသား၊ ဆရာ သမဂ္ဂများ မရှိသဖြင့်လည်းကောင်း ယခင်အတိုင်း ကျောင်းအကျိုးဆောင်အဖွဲ့ဟုသာ ပြင်ဆင်ဖြည့်စွက်ခြင်းမပြုဘဲ မူလအတိုင်းထားရှိသင့်ကြောင်း။

ဥပဒေကြမ်း အခန်း(၄) အပိုဒ်(င)တွင်ပါရှိသော သင်ကြားရေးတွင် ဘာသာစကားသုံးမျိုးစနစ်ဖြစ်သော မိခင်ဘာသာစကား၊ မြန်မာဘာသာစကား၊ အင်္ဂလိပ်ဘာသာစကားတို့ကို အသုံးပြုသင်ကြားမည်ဆိုရာ၌ အပိုဒ်ခွဲ (ခခ) တွင် မိခင်ဘာသာစကားကို ဦးစွာရွေးချယ်ပြီးပါက မြန်မာစာနှင့် အင်္ဂလိပ်စာကို ဒုတိယဘာသာစကားအဖြစ် လေ့လာနည်းများအသုံးပြုပြီး ကျန်ဘာသာရပ်များကို မိခင်ဘာသာစကားအဖြစ် သင်ကြားသင်ယူခွင့်ရှိသည်ဟု ဖော်ပြခြင်းသည် အမျိုးသားရေးအတွက် အထူးသတိပြုရန်ဖြစ်သည့်အပြင် အခုအချိန်ကာလ၌ ဘာသာရေးအယူသီးမှု၊ လွှမ်းမိုးမှုများကို အားပေးသကဲ့သို့ဖြစ်နေသည်ကို တွေ့ရှိရကြောင်း၊ ထို့အပြင် အပိုဒ်ခွဲ (ကက)မှ (ဃဃ)အထိကိုသာ ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်ပါက မိခင်ဘာသာစကားဟု ပြဋ္ဌာန်းပြီးဖြစ်၍ တရုတ်လူမျိုး၊ ဘင်္ဂလီလူမျိုးများအနေဖြင့် ၎င်းတို့၏ မိခင်ဘာသာစကားနှင့်ပင် ပညာသင်ကြားရန် သဘောသက်ရောက်သွားမည်ဖြစ်ကာ အလွန်အန္တရာယ်ကြီးမားသော ဘာသာရေး၊ ပညာရေးနောက်ဆက်တွဲဆိုးကျိုးများဖြစ်ပေါ်လာစေနိုင်သဖြင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် အခန်း(၄) အပိုဒ်(င)၌ ပါရှိသော အပိုဒ်ခွဲ(ကက)မှ(ဃဃ) အထိကို အသစ်ဖြည့်စွက်ခြင်းမပြုဘဲ ပယ်ဖျက်သင့်ပါကြောင်းဖြင့် ဖော်ပြထားသည်။

ဆက်လက်၍ ဥပဒေကြမ်း အခန်း(၆) ပုဒ်မ ၃၄ (ည) အခြားဘာသာရေးအဖွဲ့အစည်းများမှ ဖွင့်လှစ်ထားသော ပညာရေးကျောင်းများဟု အသစ်ဖြည့်စွက်ထားခြင်းသည် ကျောင်းသားမဟုတ်သူတို့က ကျောင်းသားများအား ကိုယ်စားပြုထားသယောင် သံသယမျိုးဖြစ်နိုင်သဖြင့် အသစ်ဖြည့်စွက်ခြင်းမပြုဘဲ ပယ်ဖျက်သင့်ပါကြောင်း၊ အခန်း (၉) ပုဒ်မ ၅၂ တွင်ပါရှိသော ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ဆရာများ၏ အရည်အသွေးမြင့်မားစေရေးနှင့် နိုင်ငံတကာအတွေ့အကြုံရှိစေရေးတို့အတွက် စီမံဆောင်ရွက်ပေးရမည်ဟူသည့် အဆိုပြုချက်ကို ပယ်ဖျက်ထားခြင်းနှင့်ပတ်သက်၍ ယင်းအဆိုပြုချက်သည် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်အနေဖြင့် အစဉ်တစိုက် ကျင့်သုံးဆောင်ရွက်သွားရမည့်ကိစ္စဖြစ်၍လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့နှင့် သာသနာရေးဝန်ကြီးဌာနတို့၏ ပံ့ပိုးကူညီမှုဖြင့်လည်းကောင်း အစဉ်တစိုက် ဆောင်ရွက်ရမည့်ကိစ္စဖြစ်၍ ပယ်ဖျက်ခြင်းမပြုဘဲ မူလအမျိုးသားပညာရေးဥပဒေ အခန်း (၉) ပုဒ်မ ၅၂ အတိုင်းသာ ထားရှိသင့်ပါကြောင်းဖြင့် အကြံပြုထားသည်။

ထို့ပြင် ပြင်ဆင်သည့် ဥပဒေကြမ်းတွင် အခန်း (၁၁) ပုဒ်မ ၅၇ အား ပယ်ဖျက်ထားခြင်းနှင့်ပတ်သက်၍ မူလအမျိုးသားပညာရေးဥပဒေ အခန်း(၁၁) ပုဒ်မ ၅၇ (ခ)တွင် ပါရှိသော ထူးခြားသော လုပ်ငန်းသဘာဝအရ အစိုးရအဖွဲ့၏ သီးခြားခွင့်ပြုချက်ဖြင့် သာသနာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့က ထူထောင်ဖွင့်လှစ်ထားသည့် အဆင့်မြင့်ပညာကျောင်းများမှအပ ကျန်တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံများအားလုံးသည် အဆင့်မြင့်ပညာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရမည်ဟူသည့်အချက်သည် ဝန်ကြီးဌာနအသီးသီးအောက်ရှိ တက္ကသိုလ်များ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးကိစ္စတို့ဆောင်ရွက်ရန် အဆင်ပြေချောမွေ့မှုရှိသဖြင့် ပယ်ဖျက်ခြင်းမပြုဘဲ မူလအတိုင်း ထားရှိသင့်ပါကြောင်း စသည်ဖြင့် အကြံပြုထားကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

**မြန်မာစာနှင့် အင်္ဂလိပ်စာကို ဒုတိယဘာသာစကားအဖြစ် လေ့လာနည်းများအသုံးပြုပြီး ကျန်ဘာသာရပ်များကို မိခင်ဘာသာစကားအဖြစ် သင်ကြားသင်ယူခွင့်ရှိသည်ဟု ဖော်ပြခြင်းသည် အမျိုးသားရေးအတွက် အထူးသတိပြုရန်**

## မြောင်းမြတွင် အမျိုးသမီးအဆင့်မြင့်စက်ချုပ်အထူးသင်တန်း ဖွင့်

**မြောင်းမြ ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၏ လမ်းညွှန်စီစဉ်မှုဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော အဆင့်မြင့် စက်ချုပ် အထူးသင်တန်းကို ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် ဖေဖော်ဝါရီ ၂၃ ရက်က စတင်၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။



အဆိုပါ အဆင့်မြင့် စက်ချုပ် အထူးသင်တန်းကို နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာလုပ်ငန်း သင်တန်းကျောင်းများမှ ဒုတိယကျောင်းအုပ်တစ်ဦးအပါအဝင် ဆရာမ ငါးဦးတို့က ကလေးဝတ်အင်္ကျီ၊ ဘောင်းဘီ၊ ဂါဝန်၊ အမျိုးသမီးဝတ် ဘလောက်အင်္ကျီ လေးမျိုး၊ ယူနီဖောင်းအင်္ကျီ၊ ဘောင်းဘီ၊ ရှမ်းတိုက်ပုံနှင့် ကုတ်အင်္ကျီအပါအဝင် စက်ချုပ်ပညာ ၁၅ မျိုးတို့ကို ဖေဖော်ဝါရီ ၂၃ ရက်မှ မေ ၂၂ ရက်အထိ သင်တန်းကာလ သုံးလကြာ သင်ကြားပို့ချသွားမည်ဖြစ်ပြီး မြို့ပေါ်ရပ်ကွက်နှင့် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ စက်ချုပ်ပညာ စိတ်ဝင်စားသူ အမျိုးသမီးငယ် ၆၀ တို့ တက်ရောက် သင်ကြားလျက်ရှိကြောင်း သိရသည်။

"အမျိုးသမီးငယ်များ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေးအတွက် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပါတယ်"ဟု သင်တန်းတာဝန်ခံ ပေါက်မြို့ အိမ်တွင်းမှု သင်တန်းကျောင်းမှ ဒုတိယကျောင်းအုပ် ဒေါ်သန်းတင်က ပြောကြားသည်။

သင်တန်းတွင် ပေတံ၊ ပေကြိုး၊ အပ်ချည်လုံး၊ စက္ကူ၊ တက်ထရွန်ပိတ်စ စသည့် ပစ္စည်းအမျိုးပေါင်း ၄၀ ကိုလည်း ဦးစီးဌာနမှ အခမဲ့ထောက်ပံ့ပေးထားပြီး သင်တန်းကျောင်းတွင် တက်နေရသကဲ့သို့ တစ်နေ့ သုံးနပ်စာ ကျွေးမွေးမှုပါဝင်ကြောင်း သင်တန်းတာဝန်ခံက ဆက်လက်ပြောကြားသည်။

သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီက မြို့နယ်ကုန်သွယ်မှု မြှင့်တင်ရေးဦးစီးဌာနရုံး သင်တန်းခန်းမ၌ ကျင်းပရာ မြောင်းမြမြို့နယ် အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့် က အဖွင့်အမှာစကား ပြောကြားပြီး ဌာနဆိုင်ရာများ၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းနှင့် မိခင်နှင့်ကလေး အသင်းဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အောင်မင်း (IPRD)**

## ကွမ်းလုံမြို့နယ် ကြက်ခြေနီအဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေး

**ကွမ်းလုံ ဖေဖော်ဝါရီ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ် ကြက်ခြေနီအဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၂ နာရီက ကွမ်းလုံမြို့ ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေက အမှာစကား ပြောကြားရာတွင် ကြက်ခြေနီအဖွဲ့များ၏ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်သွားရန် ပြောကြားခဲ့ပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသိန်းမြို့က ကြက်ခြေနီအဖွဲ့ဝင်များအနေဖြင့် စည်းလုံးညီညွတ်စွာဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန် ပြောကြားခဲ့သည်။ ထို့နောက် အခမ်းအနားသို့တက်ရောက်လာသူများက ကြက်ခြေနီအဖွဲ့၏ လုပ်ငန်းများအား ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ချောင်းသာ / ငွေဆောင်
Ph : 703790, 09-861-9008
707062, 09-861-7770

မျိုး 380164
09 5017088
09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လခချုပ်ကားများစုံ ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

သချ်ာအောင်သင်း ကျော် ဝင်းခွင့်
သာသနာရေး(ဒုဦးစီးမှူး)၊ဘဏ္ဍာစွန့်အခွန်စာရေး
အမျိုးသားစီမံကိန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(ရေဘက်)
PSC ယထွအုပ်၊ ပုံနှိပ်ကျွမ်းကျင်ရာထူးများ
သင်တန်းများဖွင့်ပြီ၊ အထူးထုတ်ရပြီ၊
၁၀၃၊ အနော်ရထာလမ်းမကြီး၊ ၃၈လမ်းထိပ်၊ ရန်ကုန်။
Ph:09421042332,09420005131

ရွှေထူးလွင် မော်တင်စွန်းဘုရားပွဲသို့ ကားဖြင့် တိုက်ရိုက် (နေ့စဉ်)
ချောင်းသာ (စားသောက်ဆိုင်) ၂၅၀၀၀/- (မော်တင်၊ ချောင်းသာ)၊ (မော်တင်၊ ငွေဆောင်)
ရွှေစက်တော် (၃) ရက်၊ ပုဂံ (ဖွယ်တော်လေးဆူ)၊ ပုပ္ပါး (၃/၅) ရက်၊ အလောင်းတော်ကဿပ (၃/၆) ရက်၊ မန္တလေး၊ ပြင်ဦးလွင်၊ မိုးကုတ် (၅/၇) ရက်၊ တောင်ကြီး အင်းလေး ပင်းတယ (၅/၇) ရက် အားလုံးပါ ဘုရားစုံ (၁၀) ရက်၊ ရခိုင်၊ မြောက်ဦး၊ စစ်တွေ၊ ငပလီ၊ (အင်းတော်ကြီးဘုရားပွဲ၊ မေခါ၊ မလိခမြစ်ဆုံ၊ မြစ်ကြီးနား) (လားရှိုး၊ မူဆယ်၊ ရွှေလီ)၊ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ မှော်ရစ်၊ မြိတ်၊ ကန်ချုနယ်၊ ကျိုက်ထီးရိုး၊ မဲလဲဆံတော်ရှင်၊ အကောက်တောင်၊ ဇလွန်၊ ငွေဆောင်။ ကားစီးလုံးငှားသည်။ အိမ်အရောက် ပို့/ကြို။
အမှတ်(၄၄၄/၇)၊ မြေညီထပ်၊ ရွှေဘုံသာအထက်လမ်း။ Ph : 09450044494, 09450044496,389920

အမိုးတန်နေ့မှာကြိုတင်ပြင်ဆင်အောင်ပွဲဝင်ဖို့ စာသင်ကြပါစို့
O/L YC နွေ
၂၀၁၅ ဂ-ဥ-၁၀တန်းဘာသာစုံ (၃)လပြတ်
သင်ရိုးကုန်သင်တန်းကြီး
(မတ်၊ ဧပြီ၊ မေ)လစဉ်(၇၀၀၀၀)ကျပ်
ဂတန်း သချ်ာ၊ အင်္ဂလိပ်(စနေ+တနင်္ဂနွေ)
မြန်မာ ➡ ဂုဏ်ထူးဦးသိန်းနိုင်
အင်္ဂလိပ် ➡ ဦးနေအုပ်(စိန်ပေါလ်)
အင်္ဂလိပ် ➡ ဦးဝေမင်းအိမ်
သချ်ာ ➡ ဆရာပိုင်(ပိုင်သချ်ာ)
ဓာတု ➡ ဆရာသုတ
ရူပ ➡ ဦးကျော်မိုးလတ်
ဇီဝ ➡ ဒေါက်တာမြသိန်း
ဘောဂ ➡ စိုင်းထွန်းအောင်
၁၆၅၊ ပ-ထပ်(ထောင့်စွန်းခန်း)၊ ဆိပ်ကမ်းသာလမ်း။ 09-73105201

### အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

၁။ ဒေါ်ခင်ရီ(အက်စ်/အိုကေအေ-၀၀၀၅၃၆)၊ ၂။ ဒေါ်စန်းရီ(အေအေ- ၀၇၂၈၅၉) ၃။ ဒေါ်အေးငွေ(အက်စ်/အိုကေအေ-၀၁၁၄၂၉)ကိုင်ဆောင်သူတို့မှ ရန်ကုန်တိုင်း ဒေသကြီး ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ (၉၄)ရပ်ကွက်၊ တိုက်အမှတ်(၁၈)၊ အခန်း(၃၀၄)၊ ၅ လမ်းနေ ဦးသန်းဝင်း [၁၂/ဗဟန(နိုင်)၀၆၄၈၇၀]သို့ လွှဲအပ်ထားသောအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၆၀၃၉ /၂၀၁၄အား ယနေ့မှစ၍ ရုပ်သိမ်းလိုက်ကြောင်း ကြေညာအပ်ပါသည်။

၁။ ဒေါ်ခင်ရီ (အက်စ်/အိုကေအေ-၀၀၀၅၃၆)
၂။ ဒေါ်စန်းရီ (အေအေ- ၀၇၂၈၅၉)၊
၃။ ဒေါ်အေးငွေ (အက်စ်/အိုကေအေ-၀၁၁၄၂၉)

### ဆောက်လုပ်ရေးသုံးပစ္စည်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မွန်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မော်လမြိုင်ခရိုင်၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်/ပြည်ထောင်စုရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်ရန်လိုအပ်သော ဆောက်လုပ်ရေးပစ္စည်းများကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ပါသည်။

(က) တင်ဒါလျှောက်လွှာရယူနိုင်သည့်ရက် - ၂၇-၂-၂၀၁၅ ရက် (သောကြာနေ့)
(ခ) တင်ဒါလျှောက်လွှာရယူနိုင်သည့်နေရာ-ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မော်လမြိုင်မြို့
(ဂ) တင်ဒါ လျှောက်လွှာပိတ်မည့်ရက် - ၉-၃-၂၀၁၅ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီ
(ဃ) တင်ဒါဖွင့်မည့်နေ့ရက် - ၉-၃-၂၀၁၅ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီ
(င) တင်ဒါဖွင့်မည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မော်လမြိုင်မြို့။

တင်ဒါစိစစ်ရေးကော်မတီ
ဖုန်း-၀၅၇-၂၄၇၅၉

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်



**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ လိုင်ရင်းဆိုင်ညဇန်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါသံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့တက်ရောက်ကြသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လာအိုနိုင်ငံသံအမတ်ကြီး မစ္စတာ လိုင်ရင်းဆိုင်ညဇန်အား လက်ခံတွေ့ဆုံစဉ်။**
(သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်



**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ နီကိုးလတ် ကော့ပယ်လ်သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဩစတြေးလျနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ နီကိုးလတ် ကော့ပယ်လ် ၎င်း၏ သံအမတ်ခန့်အပ်လွှာ ပေးအပ်စဉ်။**
(သတင်းစဉ်)

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|
| (က) ဦးဝင်းခန့် ညွှန်ကြားရေးမှူးချုပ် ပို့ဆောင်ရေးဦးစီးဌာန ပို့ဆောင်ရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ပို့ဆောင်ရေးဝန်ကြီးဌာန |
| (ခ) ပါမောက္ခဒေါက်တာရွှေတိုး ပါမောက္ခချုပ် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (မန္တလေး) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|
| (က)ဒေါက်တာခင်မောင်လတ် ဒုတိယညွှန်ကြားရေးမှူးချုပ် အဏုမြူစွမ်းအင်ဦးစီးဌာန သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် အဏုမြူစွမ်းအင်ဦးစီးဌာန သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန |
| (ခ) ဦးဝင်းမော်ထွန်း ဒုတိယညွှန်ကြားရေးမှူးချုပ် စက်မှုနှင့်သက်မွေးပညာဦးစီးဌာန သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ် စက်မှုနှင့်သက်မွေး ပညာဦးစီးဌာန သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန |

# တိုးချဲ့နှစ်ထပ်လူနာဆောင် ရာနှုန်းပြည့်ဆောက်လုပ်ပြီးစီး

**ရေစကြို ဖေဖော်ဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံကို နိုင်ငံတော်မှ ခုတင်(၁၀၀)ဆံ့ ဆေးရုံအဆင့်သို့ တိုးချဲ့ခွင့်ပြုပေးခဲ့သဖြင့် မြို့နယ်အတွင်း နေထိုင်သူ လူဦးရေ သုံးသိန်းနီးပါးနှင့်အတူ ရေစကြိုမြို့နယ်နှင့် ကပ်လျက်ရှိသော မြောင်မြို့နယ်မှ မြိုင်မြို့နယ်ပြည်သူများအတွက်ပါ ကျန်းမာရေးဆိုင်ရာတွင် အားထားစရာဖြစ်လာ၍ ဒေသခံများမှ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

ခုတင်(၁၀၀)ဆံ့ဆေးရုံနှင့် ညီညွတ်မှုရှိစေရန် နိုင်ငံတော်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေ ကျပ်သိန်း ၂၀၀၀ ဖြင့် (၁၈၂' × ၇၄' × ၂၆') သံကူကွန်ကရစ် R.C နှစ်ထပ်တိုးချဲ့လူနာဆောင်ဆောက်လုပ်မှုမှာရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်သည်။

ထို့အတူ သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန် ဆရာမများ၊ သူနာပြုများကိုလည်း ခန့်ထားပေးပြီး ယခုအခါ ဝန်ထမ်းအားလုံးလည်း ရောက်ရှိတာဝန်ထမ်းဆောင်လျက်ရှိကြသည်။

မကြာမီ ကုမ္ပဏီမှ အဆောက်အအုံကို ကျန်းမာရေးဌာနသို့ လွှဲပြောင်း အပ်နှံတော့မည်ဖြစ်ကြောင်းနှင့် လွှဲပြောင်းလက်ခံရယူပြီးပါက လူနာများကို လက်ခံ၍ စမ်းသပ်စစ်ဆေး ကုသပေးနိုင်တော့မှာဖြစ်ကြောင်း သိရှိရသည်။

ယခုကဲ့သို့ ခုတင်(၁၀၀)ဆံ့ဆေးရုံကြီးရှိလာသည့်အတွက် ယခင်ကကဲ့သို့ မန္တလေးမြို့၊ ပခုက္ကူမြို့၊ မုံရွာမြို့သို့သွားရောက်ကုသရန်မလိုတော့၍ အချိန်ကုန် ငွေကုန်သက်သာသည့်အပြင် ခရီးအကွာအဝေးကြန့်ကြာမှုမရှိတော့သဖြင့် အသက်ဘေးမှ ကင်းဝေးနိုင်သော အကျိုးကို ဒေသခံပြည်သူများ ခံစားကြရတော့မည်ဖြစ်ကြောင်းလည်း သိရသည်။

**ဖေထွန်းဇော်(ရေစကြို)**

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် ဝက်သက်နှင့်ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုး

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေသတွင်းရပ်ကွက်၊ ကျေးရွာအုပ်စုများသို့ ကွင်းဆင်း၍ အသက် ကိုးလမှ ငါးနှစ်အတွင်း ကလေးငယ်များအား ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါ ကာကွယ်ဆေးအစုလိုက် ထိုးနှံပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၃ ရက်က အမှတ်(၆)ရပ်ကွက် အလိုတော်ပြည့် ဓမ္မာရုံစုရပ်တွင် ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးအစုလိုက်ထိုးနှံပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ကလေးငယ်များအား ကာကွယ်ဆေးထိုးပေးရာတွင် မကျန်ရစ်အောင် ည ကတည်းက အသံချဲ့စက်ဖြင့် တစ်လမ်းဝင် တစ်လမ်းထွက် လိုက်လံနှိုးဆော်ထားကြောင်း ယင်းလုပ်ငန်းခွင်တွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေသည့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်က ပြောသည်။

ယင်းလုပ်ငန်းခွင်တွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ဆောင်ရန်၊ ရှောင်ရန်၊ လိုက်နာရမည့်အချက်များကို ရှင်းပြပြီး ကာကွယ်ဆေးများထိုးနှံပေးရာ ရပ်ကွက်အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်ဝင်းနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အမျိုးသမီးရေးရာအသင်းဥက္ကဋ္ဌ ဒေါ်စန္ဒာနှင့် အဖွဲ့ဝင်များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**(မောင်သူည)**

## ပြည်တွင်းရေးရာ

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကုလသမဂ္ဂ နိုင်ငံရေးရာဌာနအကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂနိုင်ငံရေးရာဌာနအကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာဂျက်ဖရီဖဲလ်မင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးဌေးဦး၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ အတွင်းရေးမှူး ဒေါ်ဒွဲဘူ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

**ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကုလသမဂ္ဂနိုင်ငံရေးရာဌာနအကြီးအကဲ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာဂျက်ဖရီဖဲလ်မင်းအား လက်ခံတွေ့ဆုံစဉ်။**
(သတင်းစဉ်)



## ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း အတည်ပြု

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့သော **ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့အား တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ယင်းနောက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၏ မူနှင့်အခြေခံသဘောအပါအဝင် စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး**က ဖွံ့ဖြိုးသည့်နိုင်ငံအဆင့်သို့ တက်လှမ်းမည်ဆိုပါက စက်မှုကဏ္ဍကို ဦးစားပေးရမည်ဖြစ်ပါကြောင်း၊ လယ်ယာကဏ္ဍတွင်လည်း လယ်ယာမြေများ သိမ်းဆည်းခံရခြင်းနှင့် သဘာဝဒဏ်များ ခံစားရခြင်းတို့ကြောင့် လယ်ယာလုပ်သားများ ရှားပါးနေပါကြောင်း၊ စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မလိုအပ်သည့် စီမံကိန်းများ ဆိုင်းငံ့၊ ပယ်ဖျက်ပြီး ရေရှည်ရင်းနှီးမြှုပ်နှံမှုဖြစ်သည့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**တံတားဦးမဲဆန္ဒနယ်မှ ဒေါ်ခင်သန္တာ**က လယ်ယာကဏ္ဍတွင်ရှိသည့် မူဝါဒ၊ လုပ်ငန်းစဉ်၊ ရည်မှန်းချက်များ အောင်မြင်နိုင်ရန်အတွက် သိမ်းဆည်းခံမြေများ ပြန်လည်စွန့်လွှတ်ရန်နှင့် လျော်ကြေးနစ်နာကြေးများပေးရန် ထည့်သွင်းရေးဆွဲရမည်ဖြစ်ပါကြောင်း၊ အရှုံးပေါ်နေသော နိုင်ငံပိုင်လုပ်ငန်းများကို ပုဂ္ဂလိကသို့ လွှဲပြောင်းငှားရမ်းခြင်းဖြင့် နိုင်ငံတော်၏ ဝင်ငွေ၊ ကုန်ထုတ်လုပ်မှုနှင့် အလုပ်သမားများ၏ ကြိုးစားအားထုတ်မှုများ ပိုမိုတိုးတက်လာမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ**က မြန်မာနိုင်ငံ ပို့ကုန်ဝင်ငွေ၏ (၄၂ ဒသမ ၅) ရာခိုင်နှုန်းသည် သဘာဝဓာတ်ငွေ့ရောင်းချသည့် လုပ်ငန်းမှဖြစ်ပါကြောင်း၊ (၂၃ ဒသမ ၉) ရာခိုင်နှုန်းသည် လယ်ယာကဏ္ဍဖြစ်ပါကြောင်း၊ (၁၁)ရာခိုင်နှုန်းသာလျှင် စက်မှုကုန်ကြမ်းပစ္စည်းများ ဖြစ်ပါ



**တံတားဦးမဲဆန္ဒနယ်မှ ဒေါ်ခင်သန္တာ။**



**ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ။**

ကြောင်း၊ သဘာဝဓာတ်ငွေ့ရောင်းချရသည့်ငွေဖြင့် အဓိက ရပ်တည်နေသည့် နိုင်ငံဖြစ်ပါကြောင်း၊ လယ်ယာကဏ္ဍ၏ တိုးတက်မှုကိုလည်း အထူးဂရုပြုရမည်ဖြစ်သကဲ့သို့ စက်မှုကဏ္ဍ၏ ကုန်ချောထုတ်လုပ်မှုကိုလည်း ဂရုပြုရမည်ဖြစ်ပါကြောင်း၊ အနာဂတ်အမျိုးသားစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းများ မှန်မှန်ကန်ကန်ဖြစ်စေရန်နှင့် ဌာနတစ်ခုနှင့်တစ်ခု အချိတ်အဆက်ညီအောင် ဆောင်ရွက်ကြမှသာ စီမံကိန်းအောင်မြင်မည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**ရွှေပြည်သာ မဲဆန္ဒနယ်မှ ဦးတင်မောင်ဦး**က ပညာရေးကဏ္ဍတွင် ဆရာ၊ ကျောင်းသားအချိုး၌ တိုးတက်မြင့်မားလာပြီဖြစ်၍ အရည်အချင်းပြည့်ဝလာရေး ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ ဘဏ္ဍာရေးစနစ် ပြုပြင်ပြောင်းလဲရေးတွင် နိုင်ငံတော်၏ စီးပွားရေးလိုငွေပြနေမှုနှင့် ငွေကြေးဖောင်းပွမှုကို လျှော့ချရန်အတွက် အခွန်ရရှိမှုကို မြှင့်တင်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အမျိုးသားမှတ်ပုံတင်ရေးနှင့် နိုင်ငံသားမှတ်ပုံတင်ရေးလုပ်ငန်း၌ "မိုးပွင့်စီမံချက်ဆောင်ရွက်ရာတွင် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရန် ကျန်ရှိနေသော ပြည်သူများသို့ မြန်ဆန်အဆင်ပြေစွာ ထုတ်ပေးနိုင်ရေးအတွက် တည်ဆဲဥပဒေဘောင်အတွင်းမှ ခွင့်ပြုနိုင်ရန် ဆောင်ရွက်သွားမည်"ဟု အသစ်ဖြည့်စွက်လိုပါကြောင်းဖြင့် ဆွေးနွေးသည်။

**ချောက်မဲဆန္ဒနယ်မှ ဦးသိန်းလွင်**က စက်မောင်းဆီဖြန့်ဖြူးမှုဈေးနှုန်းသည် ပုဂ္ဂလိက၏ လက်ဝယ်တွင် ရှိနေပါကြောင်း၊ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများ ကျဆင်းလာချိန်တွင် ပြည်ပမှအဓိကတင်သွင်းရောင်းချနေသည့်ပြည်တွင်း စက်မောင်းဆီ ဈေးနှုန်းများသည် အချိန်နှင့်တစ်ပြေးညီ လိုက်လျောညီထွေ ကျဆင်းလာခြင်းမရှိပါကြောင်း၊ ပြည်တွင်းပုဂ္ဂလိက စက်မောင်းဆီအရောင်းဆိုင်မှ ဖြန့်ဖြူးရောင်းချနေသည့် စက်မောင်းဆီများ၏ အရည်အသွေး၊ အချိန်အတွယ်နှင့် ရောင်းဈေးနှုန်းများကို ညှိနှိုင်းထိန်းသိမ်းတည့်မတ်ပေးရန် လိုအပ်ပါကြောင်း၊ ဈေးကွက်စီးပွားရေး မူဝါဒတွင် ဈေးကွက်လက်ဝါးကြီးအုပ်စနစ် ရှိသည့်အတွက် ၎င်းတို့ကို Counter Balance လုပ်ပေးနိုင်သည့် အခြားပြိုင်ဘက်အုပ်စုများက ယှဉ်ပြိုင်စေရေး ထိထိရောက်ရောက် လုပ်ဆောင်ပေးရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ**က မငြိမ်းချမ်းသည့်ဒေသများမှ ငြိမ်းချမ်းသည့်နေရာများတွင် ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးလာအောင် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မဖွံ့ဖြိုးသေးသည့်ဒေသများ၌ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍကို အလေးထားဆောင်ရွက်ရန်နှင့် တိုင်းရင်းသားအရေးနှင့် ငြိမ်းချမ်းရေးကို အထူးအလေးပေးဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။ **(သတင်းစဉ်)**

# ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုခွဲဝေခံစားရေး သဘောတူစာချုပ်ချုပ်ဆို

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ပြင်သစ်နိုင်ငံ Total E & P Myanmar သည် တနင်္သာရီကမ်းလွန်ရေနက်ပိုင်း လုပ်ကွက် YWB ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ချုပ်ဆိုပွဲကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော် Lake Garden ဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ ဦးခင်မောင်စိုးနှင့် ဒေါက်တာကိုကိုဦး၊ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးလွန်းသီ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး H.E. Mr. Thierry Mathou နှင့် Total E & P Myanmar မှ General Manager နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးနှင့် Total E & P Myanmar မှ General Manager Mr.Xavier Preel တို့က နှစ်ဖက်သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးကာ စာချုပ်များကို အပြန်အလှန်လဲလှယ်ကြသည်။

ယခုစာချုပ် လက်မှတ်ရေးထိုးခြင်းသည် ပထမအကြိမ် ကမ်းလွန်လုပ်ကွက်များ တင်ဒါခေါ်ယူခဲ့ခြင်းအတွက် ပဉ္စမမြောက် လက်မှတ်ရေးထိုးခြင်းဖြစ်ပြီး စာချုပ်များအရ Signature Bonus အမေရိကန်ဒေါ်လာ တစ်သန်းရရှိမည်ဖြစ်ကာ လုပ်ကွက်အတွက် လေ့လာရေးကာလ နှစ်နှစ်နှင့် ရှာဖွေရေးကာလ ခြောက်နှစ်အတွင်း အနည်းဆုံး အမေရိကန်ဒေါ်လာ ၆၇ သန်း သုံးစွဲမည်ဖြစ်သည်။

နိုင်ငံခြားရေနံကုမ္ပဏီများအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု၊ လူမှုရေးထိခိုက်မှုဆန်းစစ်လေ့လာခြင်းလုပ်ငန်းများ (EIA/SIA) ကို သက်ဆိုင်ရာလုပ်ကွက်ဒေသများ၌ စတင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ရတနာစီမံကိန်းမှ တစ်နေ့လျှင် ၆၀၀ ကုဗပေသန်းခန့် ထိုင်းနိုင်ငံသို့ ပို့လွှတ်လျက်ရှိပြီး ပြည်တွင်းသုံးသဘာဝဓာတ်ငွေ့လိုအပ်ချက်၏ ၅၀ရာခိုင်နှုန်းကိုလည်း ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

# မဟာဗန္ဓုလပန်းခြံဘေး စကြံလမ်းမပေါ်တွင် ယာယီတဲများထိုး၍ တရားမဝင်ဆန္ဒပြနေသူအစုအဖွဲ့အား ရှင်းလင်းဖယ်ရှား

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံဘေးစကြံလမ်းမပေါ်တွင် ယာယီတဲများထိုး၍ မိချောင်းကန် မြေယာကိစ္စ တရားမဝင်ဆန္ဒပြနေသူ အစုအဖွဲ့အား ယနေ့နံနက်စောစောပိုင်းက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ရှင်းလင်းဖယ်ရှားခဲ့သည်။

ယင်းသို့ မဟာဗန္ဓုလပန်းခြံဘေး အများပြည်သူဆိုင်ရာစကြံလမ်းပေါ်တွင် မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်မရရှိဘဲ တဲများထိုးနေမှုနှင့် စပ်လျဉ်း၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၆၈ အရလည်းကောင်း၊ သက်ဆိုင်ရာ၏ ခွင့်ပြုချက်မရယူဘဲ စုဝေးဆန္ဒဖော်ထုတ်နေခြင်းနှင့် စပ်လျဉ်း၍ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပုဒ်မ ၁၈ အရလည်းကောင်း သက်ဆိုင်ရာအဖွဲ့အစည်းများက ကျောက်တံတားမြို့နယ် ရဲစခန်းတွင် အမှုဖွင့်လှစ်ကာ သက်ဆိုင်ရာတရားရုံးများသို့ ယနေ့တွင် တရားစွဲတင်ပို့ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (၁)ရပ်ကွက်ရှိ အသက်(၁၈)နှစ် ပြည့်ပြီးသူ ၇၉ ဦးအား မိုးပွင့် အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီတွင် အဆိုပါရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် မြောက်ဥက္ကလာပမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးမျိုးမြင့်တို့က မိုးပွင့်(အထူး)စီမံချက်အကြောင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် အသုံးဝင်ပုံတို့ကို ရှင်းလင်း၍ ပေးအပ်ခဲ့သည်။ **(ကြေးမုံ)**

***National Network for Education Reform (NNER)နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညိုညိုသင်းနှင့် ဦးအောင်မိုင်းဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။***

# အမျိုးသားပညာရေးဥပဒေ – ကောင်းစေချင်သည်

ဦးမြင့်မောင်

ယခုအခါ “အကျယ်အကျယ် မငြိမ်းဖွယ်” ဖြစ်နေသော အမျိုးသားပညာရေးဥပဒေနှင့်ပတ်သက်၍ ကျွန်တော်မြင်သမျှကို တင်ပြလိုသည်။ “ပညာရေးဥပဒေကို ပါဝင်ဆွေးနွေးရလောက်အောင် ဘာအရည်အချင်းတွေများ ရှိလို့လဲ”ဟု ကျွန်တော့်ကို မေးနိုင်ပါသည်။

ပထမဆုံးပြောရလျှင် ကျွန်တော်လည်း ကျောင်းသားမိဘတစ်ယောက်ဖြစ်သဖြင့် ယနေ့ခေတ်ပညာရေးနှင့် သက်ဆိုင်သူတစ်ဦးဖြစ်ပါ၏။ ဒုတိယမှာ ကျွန်တော်သည် ပညာရေးဝန်ထမ်းမဖြစ်ခဲ့သော်လည်း ဘာသာစကားနှင့်ပတ်သက်၍ စိတ်ဝင်စားသူဖြစ်သောကြောင့် ဘာသာစကားသင်ကြားရေးနှင့်သက်ဆိုင်သော ပညာရေးဆိုင်ရာ မဟာဘွဲ့တစ်ခုကို ရရှိထားသူတစ်ဦးဖြစ်ပါသည်။ ထို့ကြောင့် ပညာရေးနှင့်ပတ်သက်၍ အထိုက်အလျောက်ပါဝင်ဆွေးနွေးနိုင်သော အရည်အချင်းရှိသည်ဟု မိမိကိုယ်ကိုယုံကြည်သည်။ တတိယမှာ ယခုပွင့်လင်းလာသော ခေတ်တွင် အမေရိကန်၊ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ ဟောင်ကောင်၊ စင်ကာပူ၊ အိန္ဒိယ အစရှိသောနိုင်ငံများမှ တက္ကသိုလ်များစွာတို့၌ ပညာရှင်တစ်ဦးအဖြစ် လေ့လာရေး၊ ဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲ၊ နှီးနှောဖလှယ်ပွဲ၊ ဟောပြောပို့ချမှုစသည့် အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိခဲ့ဖူးရာ နိုင်ငံတကာတက္ကသိုလ်များနှင့်ပတ်သက်၍ စာတွေ့မဟုတ် ကိုယ်တွေ့မျက်မြင် လေ့လာခဲ့ဖူးသူဖြစ်ပါသည်။

> ***စင်ကာပူတွင် တက္ကသိုလ်များကို ပိုမိုလွတ်လပ်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်များ ပေးအပ်ရာ၌ အကြွင်းမဲ့ လွတ်လပ်မှုကိုပေးသည်တော့မဟုတ်ပေ။ အဆိုပါ တက္ကသိုလ်များသည် စင်ကာပူအစိုးရက ပြဋ္ဌာန်းထားသော ပုဂ္ဂလိကပညာရေးအက်ဥပဒေ (Private Education Act) ကို လိုက်နာကြရသည်။ ထို့အပြင် စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ စင်ကာပူ၏ကုမ္ပဏီအက်ဥပဒေကို လိုက်နာရသည်။***

ထို့ကြောင့် မြန်မာနိုင်ငံ၏ ပညာရေးနှင့်ပတ်သက်၍ တံမြက်စည်းရောင်းသူမှစ၍ မီးပြင်သမားပါမကျန် လူတိုင်းလိုလို ပါဝင်ဆွေးနွေးနေကြချိန်တွင် ကျွန်တော်ကိုယ်တိုင်သည်လည်း ပါဝင်ဆွေးနွေးခွင့်နှင့် ပါဝင်ဆွေးနွေးနိုင်သည့် အရည်အချင်းရှိသည်ဟု ယူဆသည့်အတွက် ကျွန်တော်တို့နိုင်ငံ၏ ပညာရေးကောင်းစေဖို့ ရိုးဖြောင့်သည့်စေတနာဖြင့်ပါဝင်ကာ ကျွန်တော့်၏ အမြင်များကို ပြည်သူများအား မျှဝေတင်ပြရခြင်းဖြစ်ပါသည်။

**ပညာရေးစီမံခန့်ခွဲမှုစနစ်**

အမျိုးသားပညာရေးဥပဒေနှင့် ယင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းများနှင့်ပတ်သက်၍ ပုဒ်မတစ်ခုချင်းစီကို လက်လီစိတ်၍ ဝေဖန်ဆွေးနွေးလိုခြင်းမရှိပါ။ ယင်းအစား ပညာရေးအတွက် အရေးကြီးဆုံးကိစ္စတစ်ခုဖြစ်သော ပညာရေးစီမံခန့်ခွဲမှုစနစ်အပေါ်၌သာ လွှမ်းခြုံဆွေးနွေးလိုပါသည်။ ထိုသို့ ဆွေးနွေးရာ၌ နိုင်ငံတကာတွင် ကျင့်သုံးလျက်ရှိသော နည်းလမ်းစနစ်များနှင့် ဥပဒေ၊ ဥပဒေကြမ်းပါ အဆိုပြုစနစ်များကိုနှိုင်းယှဉ်ကာ အကျိုးအပြစ် အလားအလာများအား သုံးသပ်ပြလိုပါသည်။ သုံးသပ်ရာ၌လည်း မည်သည့်ဘက်ကိုမျှ မလိုက်ဘဲ ကျောင်းသားမိဘတစ်ဦး၊ ပြင်ပမှ လေ့လာသူတစ်ဦး အမြင်ဖြင့်သာ ဓမ္မဓိဋ္ဌာန်ကျကျ လေ့လာသုံးသပ်သွားမည်ဖြစ်ပါသည်။

ပညာရေးစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အပိုင်းနှစ်ပိုင်း ခွဲခြားလေ့လာဆန်းစစ်သွားလိုပါသည်။ ယင်းတို့မှာ-

(က) တက္ကသိုလ်နှင့် ကျောင်းများ အုပ်ချုပ်ပုံစနစ်၊

(ခ) ဘဏ္ဍာရေးထောက်ပံ့ဖြည့်ဆည်းမှုစနစ် တို့ဖြစ်ကြပါသည်။

**တက္ကသိုလ်နှင့်ကျောင်းများ အုပ်ချုပ်ပုံစနစ်**

နိုင်ငံရေးအမြင်ဖြင့် လေ့လာသုံးသပ်ပါက ၂၀၁၄ ခုနှစ် စက်တင်ဘာလက အတည်ပြုပြဋ္ဌာန်းခဲ့သောဥပဒေကို အောက်ခြေသိမ်း ပြန်လည်ပြင်ဆင်ရေးဆွဲခဲ့သော ဥပဒေကြမ်းတို့၏ကွာခြားချက်မှာ ပြုစုရေးဆွဲသူများ၏ မျိုးဆက်ကွာခြားမှု အတွေ့အကြုံ နောက်ခံကွာခြားမှုတို့မှ ဆင်းသက်လာသည့် အမြင်ကွာခြားမှုဖြစ်သည်ဟု ရှုမြင်ပါသည်။ မည်သို့ပင်ဖြစ်စေ နှစ်ဖက်စလုံးတွင် ပညာရေးစနစ်ကို ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ လိုက်ပါပြောင်းလဲလိုသောရည်ရွယ်ချက်နှင့် မိမိတို့နိုင်ငံ၏ ပညာရေးကို ပို၍ကောင်းစေလိုသော စေတနာတို့တွင် တူညီကြသည်ဟု ကျွန်တော်ယုံကြည်ပါသည်။

၂၀၁၄ ခုနှစ် အမျိုးသားပညာရေးဥပဒေကို ပြုစုခဲ့စဉ်က လွှတ်တော်ဘက်မှ ပညာရေးကော်မတီကစတင်သော ဥပဒေကြမ်းနှင့် အစိုးရဘက်မှ ပညာရေးဝန်ကြီးဌာနက ဦးဆောင်ပြုစုခဲ့သော ဥပဒေကြမ်းတို့ကိုပေါင်းစပ်၍ အချောကိုင်ခဲ့သည်ဟု မှတ်သားမိပါသည်။ အကြမ်းဖျင်းအားဖြင့် နောက်ဆုံးထွက်ပေါ်လာသောဥပဒေတွင် အစိုးရဘက်မှ တင်သည့်အချက်အလက် ၅၀ ရာခိုင်နှုန်းကျော်နှင့် လွှတ်တော်ဘက်မှ အချက်အလက် ၄၀ ရာခိုင်နှုန်းကျော်တို့ ပေါင်းစပ်ပါဝင်သည်ဟု သိရသည်။ လွှတ်တော်ဘက်မှ ပါဝင်ခဲ့သည့် ပုဂ္ဂိုလ်အများစုမှာ ပညာရေးကဏ္ဍတွင် နှစ်ပေါင်းကြာမြင့်စွာဆောင်ရွက်ခဲ့ကြသည့် အငြိမ်းစားပုဂ္ဂိုလ်ကြီးများဖြစ်ကြ၍ သူတို့ခေတ်၊ သူတို့အခါက အတွေ့အကြုံ၊ အတွေးအမြင်များမှာ ပထမမျိုးဆက်အဖြစ် အတော်အတန်ရှေးရိုးဆန်သော အမြင်ရှိလိမ့်မည်ကို တွေးဆနိုင်ပါသည်။ အစိုးရဘက်မှပြုစုခဲ့သော ဥပဒေကြမ်းမှာ လက်ရှိပညာရေးလောကမှ ဒုတိယမျိုးဆက်တာဝန်ရှိသူများ၊ ပြင်ပမှ ပညာရှင်ကြီးများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှအမြင်များကို ပေါင်းစပ်ထားခြင်းဖြစ်၍ အနည်းငယ်ရှေးရိုးဆန်သော အလယ်အလတ်အမြင်ရှိနိုင်ပါသည်။ ဤနှစ်ခုပေါင်းစပ်လိုက်သောအခါ ရှေးရိုး၊ အလယ်အလတ်ပေါင်းစပ်ပုံစံဖြစ်လာပါတော့သည်။

ဤပုံစံကို ပိုမိုငယ်ရွယ်၍ အရာရာတော်လှန်ပြောင်းလဲချင်နေသော တတိယမျိုးဆက် တက်ကြွလှုပ်ရှားသူများက မလိုလားဘဲ လွတ်လပ်မှု လွန်ကဲသောပုံစံကို တောင်းဆိုလာကြသောအခါ ယခုကဲ့သို့ ပြဿနာပေါ်ပေါက်လာရခြင်းဖြစ်သည်ဟု ရှုမြင်သုံးသပ်ပါသည်။

တက္ကသိုလ်နှင့် ကျောင်းများ အုပ်ချုပ်မှုပုံစံကို နှိုင်းယှဉ်လေ့လာသောအခါ အတည်ပြုပြဋ္ဌာန်းထားပြီးသော အမျိုးသားပညာရေးဥပဒေ၌ အမျိုးသားပညာရေးတစ်ခုလုံးကို ကြီးကြပ်နိုင်ရန် အမျိုးသားပညာရေးကော်မရှင်ကို ဖွဲ့စည်းထားသည်။ ယင်းကော်မရှင်ကို ပြည်ထောင်စုအဆင့်ရှိသည့် ပုဂ္ဂိုလ်တစ်ဦးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ပညာရေးနှင့်သက်ဆိုင်သော ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းရင်းသားပညာရှင်များနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များက အဖွဲ့ဝင်အဖြစ်ပါဝင်သည်။ ယင်းကော်မရှင်ကို လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းခြင်းဖြစ်၏။ တက္ကသိုလ်အဆင့်အတွက် အဆင့်မြင့်ပညာကျောင်းအသီးသီးကို လွတ်လပ်စွာ စီမံခန့်ခွဲပိုင်ခွင့်ပေးထားသည်။ သို့သော် အဆင့်မြင့်ပညာရေးနှင့်စပ်လျဉ်းသည့်ကိစ္စများကို လိုအပ်သလို ညှိနှိုင်းဆောင်ရွက်နိုင်ရန် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် လွတ်လပ်စွာရပ်တည်သော အဆင့်မြင့်ပညာပေါင်းစပ်ညှိနှိုင်းရေးကော်မတီကို ဖွဲ့စည်းပေးရမည်ဟု ဆိုသည်။

ပြင်ဆင်ထားသော ဥပဒေကြမ်းကို လေ့လာကြည့်သောအခါ အမျိုးသားပညာရေးကော်မရှင်နှင့် ပတ်သက်သော အခန်း (၄)တစ်ခုလုံးကို ပယ်ဖျက်ထားကြောင်း တွေ့ရသည်။ ထိုသို့ ပယ်ဖျက်လိုက်သည့်နေရာတွင် တက္ကသိုလ်များအုပ်ချုပ်ရေးအတွက် တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီက တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး အခြားကျောင်းများ အုပ်ချုပ်ရေးအတွက် ကျောင်းအုပ်ချုပ်ရေးအဖွဲ့က တာဝန်ယူဆောင်ရွက်မည်ဟုဆိုသည်။ တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီတွင် ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာသမဂ္ဂနှင့် ကျောင်းသားသမဂ္ဂမှ ကိုယ်စားလှယ်များ၊ လွတ်လပ်သော ပညာရှင်များ ပါဝင်သည်ဟုဆိုသည်။ တက္ကသိုလ်အချင်းချင်းပေါင်းစပ်ညှိနှိုင်းရန်လိုအပ်ပါက တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီအချင်းချင်းညှိနှိုင်းဆောင်ရွက်မည်ဟုဆိုသည်။ ကျောင်းအုပ်ချုပ်ရေးအဖွဲ့တွင် ကျောင်းအုပ်ကြီး၊ ဆရာသမဂ္ဂကိုယ်စားလှယ်၊ ကျောင်းသားမိဘကိုယ်စားလှယ်နှင့် ရပ်ရွာမှ လေးစားကြည်ညိုသူများပါဝင်သည်ဟု ဆိုသည်။ (သို့သော် အခန်း(၄) ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၄၄)၌ ကျောင်းအုပ်ချုပ်ရေးအဖွဲ့တွင် ကျောင်းသားသမဂ္ဂမှ ကိုယ်စားလှယ်များ ပါဝင်ခွင့်ရှိသည်ဟု ဆိုပြန်သည်။)

တက္ကသိုလ်ကျောင်းများ အုပ်ချုပ်ရေးနှင့် ပတ်သက်၍ အစိုးရကငွေကြေးထောက်ပံ့ထားပြီး လွတ်လပ်စွာ အုပ်ချုပ်စီမံခွင့်ရှိသော စင်ကာပူနိုင်ငံမှ တက္ကသိုလ်များ၏ အုပ်ချုပ်မှုပုံစံကို လေ့လာနိုင်ရန်တင်ပြလိုသည်။ **စင်ကာပူတွင် တက္ကသိုလ်များကို ပိုမိုလွတ်လပ်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်များပေးအပ်ရာ၌ အကြွင်းမဲ့လွတ်လပ်မှုကို ပေးသည်တော့မဟုတ်ပေ။ အဆိုပါ တက္ကသိုလ်များသည် စင်ကာပူအစိုးရက ပြဋ္ဌာန်းထားသော ပုဂ္ဂလိကပညာရေးအက်ဥပဒေ (Private Education Act)ကို လိုက်နာကြရသည်။ ထို့အပြင် စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ စင်ကာပူ၏ကုမ္ပဏီအက်ဥပဒေကို လိုက်နာရသည်။** ထိုအက်ဥပဒေအရ တက္ကသိုလ်ကို ကုမ္ပဏီလီမိတက်တစ်ခုအဖြစ် သတ်မှတ်ထားသည်။

> ***အမေရိကန်နိုင်ငံတွင် မည်သည့်ကျောင်းသားသမဂ္ဂနှင့် ဆရာသမဂ္ဂမျှ ကျောင်းအုပ်ချုပ်မှုတွင် မပါဝင်ပါ။***

တက္ကသိုလ်သင်ကြားရေးဆိုင်ရာ အဖွဲ့ဝင်များကိုလည်းကောင်း၊ ဘဏ္ဍာရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ တာဝန်ခံဘုတ်အဖွဲ့ (Trustee Board)အဖွဲ့ဝင်များကိုလည်းကောင်း ပညာရေးဝန်ကြီးကသာ ခန့်အပ်/ထုတ်ပယ်နိုင်သည်။ တက္ကသိုလ်၏မူဝါဒသည် အဆင့်မြင့်ပညာရေးလမ်းညွှန်ချက်များနှင့်အညီ ကျင့်သုံးဆောင်ရွက်စေရန် ပညာရေးဝန်ကြီးက ညွှန်ကြားနိုင်သည်။ တက္ကသိုလ်၏လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးကခန့်အပ်သည့် သီးခြားလွတ်လပ်သော ကော်မရှင်က အခါမပြတ်လေ့လာသုံးသပ်၍ တင်ပြရသည်။ တက္ကသိုလ်၏ငွေစာရင်းအသုံးစရိတ်များကိုလည်း ပညာရေးဝန်ကြီးဌာနက မျက်ခြည်မပြတ်လာရောက်စစ်ဆေးသည့်အခါတိုင်း တင်ပြရသည်။ တက္ကသိုလ်တွင် ဖွဲ့စည်းသည့် ကျောင်းသားအဖွဲ့အစည်း (Student bodies) များမှာလည်း အသင်းအဖွဲ့ဥပဒေ (Societies Act) နှင့်အညီ ဖွဲ့စည်းကြရပြီး ယင်းဥပဒေနှင့်အညီ အစိုးရ၏ငွေစာရင်းစစ်ဆေးမှုကိုခံယူကြရသည်။ အချုပ်အားဖြင့်ဆိုရလျှင် စင်ကာပူမှ အစိုးရအထောက်အပံ့ခံ တက္ကသိုလ်များသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသည်ဟုဆိုသော်လည်း နိုင်ငံ၏ဥပဒေများကို လိုက်နာကြရပြီး အစစအရာရာ ပညာရေးဝန်ကြီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုကို ခံရသည်ဖြစ်၍ လုံးဝလွတ်လပ်သည်ဟု မဆိုနိုင်ပေ။ မည်သို့ပင်ဖြစ်စေ စင်ကာပူတက္ကသိုလ်များသည် ကမ္ဘာ့အဆင့်မြင့် ပညာရေးအရည်အချင်း သတ်မှတ်ချက်တွင် ထိပ်ဆုံးမှရှိနေသည်ကား မငြင်းနိုင်ပေ။ ဥပမာ- စင်ကာပူအမျိုးသားတက္ကသိုလ်သည် ကမ္ဘာ့အဆင့်တွင် (၁၁၆)၊ အာရှအဆင့်တွင် (၁၃) ရှိသည်။ (သို့သော် တစ်ပါတီစနစ်ကျင့်သုံးပြီး လွတ်လပ်ခွင့်လုံးဝမရှိဟု ဝေဖန်ခြင်းခံရသော တရုတ်နိုင်ငံမှ ပီကင်းတက္ကသိုလ်သည် ကမ္ဘာ့အဆင့် (၄၇)ရှိပြီး အာရှအဆင့် (၂)ဖြစ်သည်မှာ အံ့ဩဖွယ်ဖြစ်၏။) **Source (Ranking web of Universities. CSIC Spain)**

အခြေခံပညာကျောင်းများ အုပ်ချုပ်ရေးနှင့် ပတ်သက်၍ အမေရိကန်နိုင်ငံ၏စနစ်ကို တင်ပြလိုပါသည်။ အခြေခံပညာကျောင်းများအနက်မှ အစိုးရထောက်ပံ့သော ကျောင်းများတွင် အုပ်ချုပ်မှုပုံစံမှာ ပြည်နယ်အစိုးရ၊ ဒေသန္တရအစိုးရတို့က School District ခေါ် ပညာရေးနယ်မြေဖွဲ့စည်း၍ နယ်မြေပညာရေးအာဏာပိုင် Local Education Authority အဖွဲ့ဖြင့် ထိန်းကျောင်းမည်။ ကျောင်းအဆင့်တွင် ကျောင်းနယ်မြေအလိုက် ကျောင်းသားမိဘများအတွင်း ကျောင်းကောင်စီများ ရွေးကောက်တင်မြှောက်သည်။ ယင်းကျောင်းကောင်စီက သက်ဆိုင်ရာကျောင်းများတွင် အုပ်ချုပ်မည့် ကျောင်းအုပ်ကြီးနှင့် ကျောင်းဆရာများကို ခန့်အပ်သွားခြင်းဖြစ်သည်။ **အမေရိကန်နိုင်ငံတွင် မည်သည့်ကျောင်းသားသမဂ္ဂနှင့် ဆရာသမဂ္ဂမျှ ကျောင်းအုပ်ချုပ်မှုတွင် မပါဝင်ပါ။**

တက္ကသိုလ်ကျောင်းများ အုပ်ချုပ်ရေးတွင်လည်း ကျွန်တော်သိသမျှ အမေရိကန်၊ ဥရောပနှင့် အာရှဒီမိုကရေစီနိုင်ငံများရှိ လွတ်လပ်သော တက္ကသိုလ်များတွင် အုပ်ချုပ်မှုအဖွဲ့နှင့် Trustee Board ခေါ် တာဝန်ခံကြီးကြပ်ရေးဘုတ်အဖွဲ့ဟူ၍ နှစ်မျိုးဖြင့် အုပ်ချုပ်စီမံခန့်ခွဲကြပါသည်။ အုပ်ချုပ်မှုအဖွဲ့တွင် President ခေါ် အဓိပတိ သို့မဟုတ် Vice Chancellor (ဉရောပ)တို့က အကြီးအကဲဖြစ်ပါသည်။ ယင်း၏ လက်အောက်တွင် Provost ခေါ် သင်ကြားရေးတာဝန်ခံနှင့် Vice-President များရှိကြပါသည်။ ယင်းတို့၏အောက်တွင် အတွင်းရေးမှူး သို့မဟုတ် အုပ်ချုပ်မှု ဒါရိုက်တာစသည်ဖြင့် ရှိကြပြီး ဤအုပ်ချုပ်မှုအဖွဲ့က Trustee Board ၏ ညွှန်ကြားမှုအောက်တွင် မူဝါဒများကို လက်တွေ့ဖော်ဆောင်ကြပါသည်။ Trustee Board မှာ တက္ကသိုလ်၏ ကိစ္စအဝဝကို မူဝါဒချမှတ်ခြင်း၊ စီမံခန့်ခွဲခြင်းများ ပြုကြပါသည်။ ဘုတ်အဖွဲ့ဝင်အများစုမှာ စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် ထင်ရှားသော ဂုဏ်သရေရှိ ပုဂ္ဂိုလ်ကြီးများဖြစ်ကြပါသည်။ ဘုတ်အဖွဲ့တွင် ဆရာကိုယ်စားလှယ်နှင့် ကျောင်းသားကိုယ်စားလှယ်များ ပါဝင်သော်လည်း အနည်းစုသာဖြစ်ကြပြီး ဘုတ်အဖွဲ့အစည်းအဝေးတွင် မဲပေးခွင့်မရကြပါ။ ဥပမာ အမေရိကန်တက္ကသိုလ်တွင် ဆရာကိုယ်စားလှယ်နှစ်ဦးပါဝင်ပြီး ယင်းနှစ်ဦးမှာ တက္ကသိုလ်ဆီးနိတ်က ရွေးချယ်အမည်စာရင်းတင်သွင်းသည့်သူများထဲမှ ဘုတ်အဖွဲ့က ရွေးချယ်ခန့်အပ်ခြင်းဖြစ်ပါသည်။ ဆရာသမဂ္ဂက ရွေးချယ်တင်မြှောက်ခြင်း မဟုတ်ပါ။

စာမျက်နှာ ၇ သို့ »»

# နိုင်ငံလုံးဆိုင်ရာ ပညာရေးပြုပြင်ပြောင်းလဲမှုကွန်ရက်နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

လေးပွင့်ဆိုင် သဘောတူထားသော အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ နိုင်ငံလုံးဆိုင်ရာ ပညာရေးပြုပြင်ပြောင်းလဲမှုကွန်ရက် (NNER) နှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်အောင်ကျော်လမ်း (အောက်လမ်း)ရှိ Home (House of Media & Entertainment) ခန်းမ၌ ကျင်းပသည်။**(ယာပုံ)**

ဆွေးနွေးပွဲကို ဦးဆောင်စီစဉ်သူ ဂိုဏ်းက "အရပ်ဘက်အဖွဲ့အစည်းတွေ၊ နိုင်ငံလုံးဆိုင်ရာ ပညာရေးပြုပြင်ပြောင်းလဲမှုကွန်ရက် (NNER) နဲ့ အခြား ပုဂ္ဂိုလ်အဖွဲ့အစည်းတွေရဲ့ ဒီဥပဒေအပေါ်မှာထားရှိတဲ့ သဘောထား၊ ဆုံးဖြတ်ချက်တွေကို လွှတ်တော်မှာရှိတဲ့ ကိုယ်စားလှယ်တွေသိမယ်ဆိုရင် ပိုပြီးတော့ အကျိုးရှိနိုင်မယ်လို့ ယုံကြည်ပါတယ်။ အဲဒါကြောင့် ဥပဒေနဲ့ ပတ်သက်ပြီးတော့ပိုမိုကျယ်ကျယ်ပြန့်ပြန့် ရှင်းရှင်းလင်းလင်း သိစေလိုတဲ့အတွက် အခုလိုဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ပါတယ်"ဟု ပြောကြားသည်။

အလားတူ "NNER ကို ပညာရေးပြုပြင်ပြောင်းလဲရေးကို စိတ်ဝင်စားတဲ့ လူပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ထားပါတယ်။ အမျိုးသားပညာရေးတစ်ရပ်မပေါ်ခင် ပညာရေးမူဝါဒရှိသင့်တယ်လို့ ယုံကြည်တဲ့အတွက် ဒေသ ၂၅ ခုမှာ ဆွေးနွေးပွဲတွေပြုလုပ်ခဲ့ပြီး အမျိုးသားပညာရေးဥပဒေကြမ်းကို ရေးဆွဲခဲ့တာဖြစ်ပါတယ်"ဟု NNER မှ ဒေါက်တာသိန်းလွင်က ပြောကြားခဲ့ပြီး အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်ပတ်သက်၍ဆက်လက်ရှင်းလင်းပြောကြားသည်။

ထို့ပြင် လေးပွင့်ဆိုင်ဆွေးနွေးနေစဉ် ဆန္ဒပြကျောင်းသားများ ကြုံတွေ့နေရသည့် အခြေအနေများကိုလည်း ဒီမိုကရေစီ ပညာရေးလှုပ်ရှားမှုဦးဆောင်ကော်မတီမှ နန္ဒစစ်အောင်က ရှင်းလင်းပြောကြားသည်။

ထို့အတူ ယနေ့တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည့် မင်္ဂလာတောင်ညွန့်မြို့နယ်မှ ဦးသိန်းဘော်က "ညှိနှိုင်းကြတဲ့အခါမှာ တစ်ဖက်နဲ့တစ်ဖက် မာနတရားတွေကို လျှော့ပြီးတော့ ဆွေးနွေးကြမယ်ဆိုရင် အားလုံး အဆင်ပြေနိုင်ပါတယ်။ နောက်ပိုင်း ပြဿနာတွေကိုဖြေရှင်းတဲ့အခါ သည်းတော့ခံရမယ်။ ဒါပေမယ့် မှန်တာကိုတော့ ပြန်ပြောရမယ်။



အခုဆွေးနွေးပွဲတွေမှာလည်း မှန်တာတွေပြောကြရင် ဒီကိစ္စတွေအကုန်လုံး အဆင်ပြေသွားမှာပါ"ဟု အမျိုးသားပညာရေးဥပဒေသစ် ပေါ်ထွက်လာရေး ကြိုးပမ်းဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ၎င်း၏အမြင်ကို ပြောပြခဲ့သည်။

ယင်းနောက် တက်ရောက်လာသူများ၏ အမျိုးသားပညာရေးဥပဒေပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပတ်သက်၍ သိရှိလိုသည်များကို ပြန်လည်ဖြေကြားခဲ့ကြသည်။

*သတင်း - ခင်ချိုဝင်း*
*ဓာတ်ပုံ - ဇော်မင်းလတ်*

## ကျပ် ၂၀၀ တန် ထီဖွင့်ပွဲ မတ် ၁ ရက် ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

(၃၁၄)ကြိမ်မြောက် ကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေထီသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄)မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ မတ် ၁ ရက် နံနက် ၈ နာရီမှစတင်၍ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ ထီဖွင့်ပွဲတွင် ဆုကြီးတစ်ဆုချင်း စနစ်အရ ကျပ်သိန်း ၁၅၀၀ တစ်ဆု၊ ကျပ်သိန်း ၁၀၀၀ နှစ်ဆု၊ ကျပ်သိန်း ၅၀၀ ငါးဆု၊ ကျပ်သိန်း ၃၀၀ ခြောက်ဆု၊ ကျပ်သိန်း ၂၀၀ ခုနစ်ဆု၊ ကျပ်သိန်း ၁၀၀(၁၈)ဆု၊ ကျပ်သိန်း ၅၀(၂၀)ဆု၊ ကျပ် ၂၅ သိန်း (၂၀)ဆု၊ကျပ် ၁၀ သိန်း (၃၀)ဆု၊ ကျပ် ငါးသိန်း (၃၄)ဆု၊ ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်များမှ အက္ခရာနှင့် ရှေ့ဂဏန်း ငါးလုံးတူ (၁၀)ယူနစ်အတွက် ကျပ် သုံးသိန်း(၁၀၀)ဆု၊ အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံးတူ (၁၀)ယူနစ်အတွက် ကျပ်နှစ်သိန်း(၁၀၀၀)ဆု၊ အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံးတူ(၉)ယူနစ်အတွက် ကျပ် ၁ သိန်း(၉၀၀၀)ဆုနှင့် အက္ခရာနှင့် ရှေ့ဂဏန်း(၂)လုံးတူ(၃)ယူနစ်အတွက် ကျပ် ငါးသောင်း(၃၀၀၀၀) ဆုအပါအဝင် ဆုမဲပေါင်း ၄၀၂၄၃ ဆု ခွဲဝေပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ-ဂျပန် လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

မြန်မာ-ဂျပန် တတိယအကြိမ် လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က နေပြည်တော် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်က အဖွင့်အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးသည်။

ဆွေးနွေးပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်တို့မှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကုလသမဂ္ဂရေးရာ တာဝန်ခံသံအမတ်ကြီးဖြစ်သူ ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာတာကာရှီ အိုကာဒါဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် တိုးတက်မှုများ၊ ဂျပန်နိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေနှင့် မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား လူ့အခွင့်အရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အလားအလာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(ကြေးမုံ)**

## တက္ကသိုလ်ဝင်တန်းဖြေဆိုမည့်သူများအား ကြည့်ရှုအားပေး

**ကွမ်းလုံ ဖေဖော်ဝါရီ ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ခရိုင် ချင်းရွှေဟော်မြို့နယ်မှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူ ခြောက်ဦးသည် ကွမ်းလုံမြို့ ဟိုလီကျေးရွာ ရတနာဒီပသာသနာပြုကျောင်းတိုက်တွင် ရောက်ရှိနေပြီး အဆိုပါကျောင်းသားကျောင်းသူများအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေ၊ မြို့နယ်ပညာရေးမှူး ဒေါ်ငွေအေးတို့က သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

»» စာမျက်နှာ ၆ မှ

ကျောင်းသားကိုယ်စားလှယ်နှစ်ဦးတွင် တစ်ဦးသာ ကျောင်းသားသမဂ္ဂက ရွေးချယ်သူဖြစ်၍ တစ်ဦးမှာ ဘုတ်အဖွဲ့က ရွေးချယ်သူဖြစ်ပါသည်။ များသောအားဖြင့် ကျောင်းသားသမဂ္ဂ (အမေရိကန်တွင် ကျောင်းသားကောင်စီ၊ ကျောင်းသားစင်တာဟု ခေါ်လေ့ရှိပါသည်။) မှာ ကျောင်းသားများ၏ သက်သာချောင်ချိရေး၊ အားကစားနှင့်ယဉ်ကျေးမှု စသည့်ကိစ္စများကို တာဝန်ယူဆောင်ရွက်ကြလေ့ရှိပါသည်။

အထက်ပါ နိုင်ငံတကာစံများနှင့်နှိုင်းယှဉ်ပါက ယခုပြင်ဆင်ရေးထားသောဥပဒေကြမ်းတွင် ဆရာများသမဂ္ဂနှင့် ကျောင်းသားသမဂ္ဂများက အုပ်ချုပ်မှုအပိုင်း၌ အစစအရာရာဝင်ရောက်လွှမ်းမိုးနေသည်ကို တွေ့ရပါသည်။ ဤဥပဒေကြမ်းကို လက်တွေ့ဖော်ဆောင်ရန် ပြဿနာများစွာ ရှိပါလိမ့်မည်။ ဥပမာ ကျောင်းတိုင်းတွင် အထက်ပါအုပ်ချုပ်မှုအဖွဲ့ဖြင့် အုပ်ချုပ်ရမည်ဆိုပါက ဘုန်းတော်ကြီးသင်ကျောင်းများ၊ ပုဂ္ဂလိကကျောင်းများအတွက် ပြဿနာရှိနိုင်သကဲ့သို့ မူကြိုကျောင်း၊ မူလတန်းကျောင်းစသည်တို့တွင် ကျောင်းသားသမဂ္ဂဖွဲ့ကြမည်လော၊ ကျောင်းအုပ်ချုပ်ရေးတွင် ပါဝင်ကြမည်လော စသည့်မေးခွန်းများ ပေါ်ထွက်လာပါသည်။

တက္ကသိုလ်အုပ်ချုပ်ရေးတွင်လည်း တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီ၌ ပါမောက္ခချုပ်အမည်ပင် ပါဝင်သည်ကို မတွေ့ပါ။ ပါမောက္ခဌာနမှူးများနှင့် မော်ကွန်းထိန်းစသည့် စီမံခန့်ခွဲရေးနှင့် ငွေစာရင်းတာဝန်ရှိသူများကိုသာ ထည့်သွင်းထားပြီး ဆရာများသမဂ္ဂနှင့် ကျောင်းသားသမဂ္ဂတို့ကို အတင်းအဓမ္မထည့်သွင်းထားပြန်သည်ကို တွေ့ရပါသည်။ ပြင်ပပညာရှင်ဆိုသူများလည်း ပါဝင်နေပါသည်။

တက္ကသိုလ် အုပ်ချုပ်ရေးတွင်လည်းကောင်း၊ အခြားကျောင်းများ အုပ်ချုပ်ရေးတွင်လည်းကောင်း၊ အဆင့်ဆင့်ထိန်းသိမ်းကြီးကြပ်မှုစနစ်များ မတွေ့ရဘဲ ကျောင်းအလိုက် အလွန်လွတ်လပ်စွာအုပ်ချုပ်မှုသည် တစ်ကျောင်းတစ်ဂါထာဖြစ်သွားကာ နိုင်ငံအဆင့် ပညာရေးရည်မှန်းချက်များကို အကောင်အထည်ဖော်ရာ၌ များစွာခက်ခဲပါလိမ့်မည်။ စာမေးပွဲနှင့် အရည်အသွေးထိန်းသိမ်းမှုတွင်လည်း အလွန်လွတ်လပ်၍ ထိန်းသိမ်းရန်ခက်ခဲသည့် ပုံစံများ တွေ့ရပါသည်။ ဥပဒေကြမ်းပါ ဖော်ပြချက်များမှာ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများတွင်ပင် လက်တွေ့ဖော်ဆောင်ရန် ခက်ခဲသေးသည့် အနေအထားရှိရာ မြန်မာနိုင်ငံ၌ ဤစနစ်ကို မဖြစ်မနေ ဖော်ဆောင်ရမည်ဆိုပါက "မအောင်မရှိငါ့တပည့်၊ ဆရာတွေမှာ တာဝန်ရှိ" ဖြစ်ခဲ့သည့် မအောင်မြင်သော စဉ်ဆက်မပြတ် အကဲဖြတ်စစ်ဆေးမှု စီမံချက်ပုံစံသို့သာ ပြန်လည်သွားဖွယ်ရှိပါသည်။

### ဘဏ္ဍာရေးထောက်ပံ့ဖြည့်ဆည်းမှုစနစ်

နိုင်ငံတကာ၌ အစိုးရကထောက်ပံ့သည့် တက္ကသိုလ်နှင့် ကျောင်းများရှိသော်လည်း များသောအားဖြင့် ထိုကျောင်းများက လိုအပ်သည်ဟုတောင်းခံသမျှ ပေးနိုင်ခြင်းမရှိပါ။ ဥပမာ အမေရိကန်တွင် ဖက်ဒရယ်ဗဟိုအစိုးရက ပညာရေးကိုထောက်ပံ့ငွေမှာ ပညာရေးအသုံးစရိတ်၏ ၈ ဒသမ ၅ ရာခိုင်နှုန်းသာရှိပါသည်။ အဆိုပါ ၈ ဒသမ ၅ ရာခိုင်နှုန်းတွင်ပင် နံနက်စာကျွေးမွေးခြင်းကို စိုက်ပျိုးရေးဌာနက တာဝန်ယူပြီး စစ်မှုထမ်းနှင့် စစ်ပြန်များ၏ ကျောင်းပညာရေးထောက်ပံ့မှုကို ကာကွယ်ရေးဌာနက ထည့်ဝင်သုံးစွဲခြင်းဖြစ်ပါသည်။ ပညာရေးအသုံးစရိတ်အများစုမှာ ပြည်နယ်နှင့် ဒေသန္တရအာဏာပိုင်များက ထည့်ဝင်ခြင်းဖြစ်ပြီး Property Tax ခေါ် အိမ်ခြံမြေအခွန်နှင့် အခြားအခွန်အခများကို ပညာရေးအတွက် သတ်မှတ်၍သုံးစွဲခြင်းဖြစ်ပါသည်။ တက္ကသိုလ်အဆင့်တွင် အစိုးရထောက်ပံ့သည့်တက္ကသိုလ်များကို ပြည်နယ်အစိုးရက ထောက်ပံ့ခြင်းဖြစ်ပြီး ထိုသို့ထောက်ပံ့ရန် ဗဟိုအစိုးရက ပြည်နယ်တစ်ခုကို ဗဟိုအစိုးရပိုင်မြေဧကသုံးသောင်း လုပ်ကိုင်ခွင့်ချထားပေးကာ ထိုမြေမှရသော ဝင်ငွေအခွန်အခဖြင့် ယင်းပြည်နယ်တက္ကသိုလ်များ၏ မတည်ရန်ပုံငွေ Trust တွင် ထည့်ပေးခြင်းဖြစ်ပါသည်။ တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီက အစိုးရထံ လိုသမျှလက်ဖြန့်တောင်း၍မရပါ။

အလားတူပင် အခြေခံကျောင်းများအတွက်လည်း ကျောင်းဒိစတြိတ်များကတာဝန်ခံ၍ ပြည်နယ်/ဒေသအာဏာပိုင်များ ထောက်ပံ့သောငွေကို ကျောင်းများသို့ ခွဲဝေပေးခြင်းဖြစ်ပါသည်။ ထိုသို့ခွဲဝေပေးရာ၌ ဆင်းရဲသောကျောင်းသားအများစုနေသည့်ကျောင်းများကို ပိုမိုထောက်ပံ့ခွဲဝေပေးပါသည်။ ဗဟိုအစိုးရ၏ထောက်ပံ့ငွေမှာ တက္ကသိုလ်နှင့် အခြားကျောင်းများ၌ ကျောင်းဖွံ့ဖြိုးရေးအတွက်မဟုတ်ဘဲ ကျောင်းသားများအတွက် ပညာသင်ထောက်ပံ့ကြေး၊ ပညာသင်ချေးငွေနှင့် သုတေသနလုပ်ငန်းများအတွက်သာ ချထားပေးလေ့ရှိပါသည်။

ယခု ဥပဒေကြမ်းတွင်မူ ကျောင်းအုပ်ချုပ်ရေးအဖွဲ့၊ တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီတို့က လိုသမျှဘတ်ဂျက်ကို မူကြိုကျောင်းမှစ၍ တက္ကသိုလ်အဖွဲ့ ပညာရေးဝန်ကြီးဌာနသို့ တိုက်ရိုက်တင်ပြတောင်းခံရမည့် သဘောရှိပြီး ကြားခံစိစစ်ဖြန့်ဝေထိန်းသိမ်းမည့် ယန္တရားစနစ်မျိုးမတွေ့ရပါ။ အခြားဝန်ကြီးဌာနများလက်အောက်ရှိ တက္ကသိုလ်များ၊ ကျောင်းများသည်လည်း ပညာရေးဝန်ကြီးဌာနသို့ ဘတ်ဂျက်တောင်းခံရမည်လောဟူ၍လည်း မေးစရာရှိလာပါသည်။

### သုံးသပ်ချက်

အားနာနာဖြင့်ပင် မှတ်ချက်ပြုရပါလျှင် ပြင်ဆင်ချက်ဥပဒေကြမ်းမှာ လွတ်လပ်မှုလိုချင်ဇောနှင့် သမဂ္ဂများ၏ အခန်းကဏ္ဍကို အလွန်အမင်းမြှင့်တင်လိုဇောတို့ပေါင်းစပ်ကာ နာရီပိုင်းကလေးအတွင်း လူနှစ်ဦးသုံးဦးက စိတ်လှုပ်ရှားခံစားမှုများကို အခြေခံရေးဆွဲပြုစုခဲ့ခြင်းဖြစ်၍ ကောင်းသောရည်ရွယ်ချက်များရှိသည့်တိုင်အောင် အထက်တွင် တွေ့ရှိခဲ့သည့်အတိုင်း နိုင်ငံတကာအလေ့အကျင့်စံနှုန်းများနှင့် ကွာဟနေခြင်း၊ ရှေ့နောက်မညီခြင်း၊ လက်တွေ့ဖော်ဆောင်ရန် ခက်ခဲခြင်းများကြောင့် အားနည်းမှုများစွာ ရှိနေသည်ဟု သုံးသပ်ပါသည်။

တစ်မျိုးသားလုံးနှင့်သက်ဆိုင်သော နိုင်ငံ၏အနာဂတ်ကို ပုံဖော်ဖန်တီးနိုင်သော အမျိုးသားပညာရေးနှင့်ပတ်သက်လာလျှင် ဖုတ်ပူမီးတိုက်၊ အလောတကြီးဆောင်ရွက်ခြင်းမှာ အလွန်အန္တရာယ်များပါသည်။ "အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး"သည်က တစ်ဦးတစ်စုကိုသာ ထိခိုက်စေမည်ဖြစ်သော်လည်း ပညာရေးကိစ္စက ရေရှည်တွင် တစ်မျိုးသားလုံးကို ထိခိုက်မည့်ကိစ္စဖြစ်ပါသည်။ "ဤဥပဒေကြမ်းကို ရက်ပိုင်းအတွင်း မဖြစ်မနေ ဤအတိုင်းအတည်ပြုပေးရမည်" စသည့် ဖိအားပေးမှုမျိုးကို လူအုပ်ဖွဲ့၍ အကျပ်ကိုင်ခြင်းသည် စင်စစ်၌ လူအုပ်စုဖိအားပေးချုပ်ကိုင်သည့် "မော်ဘိုခရေစီ"သာဖြစ်၍ လူအများစုအုပ်ချုပ်စီမံမှု "ဒီမိုကရေစီ"မဟုတ်သည်ကို သတိချပ်သင့်ပါသည်။ မြန်မာနိုင်ငံသည် ယနေ့ကာလ၌ ဒီမိုကရေစီသို့ အသွင်ကူးပြောင်းဆဲအဆင့်သာဖြစ်ပါသည်။ ဒီမိုကရေစီအလေ့အကျင့်ပြည့်ဝပြီး ဖွံ့ဖြိုးတိုးတက်ပြီးဖြစ်သော နိုင်ငံများ၌ပင် ကျင့်သုံးရန် ခက်ခဲနေသေးသည့်၊ မကျင့်သုံးသည့် အလွန်အကျွံလွတ်လပ်မှုစံနှုန်းများကို ဤနိုင်ငံ၏ ပကတိရှိဆဲအခြေအနေ၌ အတင်းအကျပ်ဇွတ်အတင်းသွတ်သွင်း၍ မရနိုင်သေးသည့် အမှန်တရားကို လက်တွေ့ကျကျ သိမြင်လက်ခံ၍ မြေပြင်အခြေအနေနှင့် ကိုက်ညီ၍ လက်တွေ့ဖြစ်နိုင်သော နည်းလမ်းအဆင့်ဆင့်ဖြင့် ပြုပြင်ပြောင်းလဲသွားသင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

# နည်းပညာဆိုင်ရာ အကူအညီများ ပံ့ပိုးပေးနိုင်ရေးဆွေးနွေး



**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ကုလသမဂ္ဂနိုင်ငံရေးရာဌာန အကြီးအကဲဖြစ်သူ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာဂျက်ဖရီဖဲလ်မင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့ တွေ့ဆုံရာ၌ လူ့အခွင့်အရေးဆိုင်ရာ ပြန်လည်သုံးသပ်သည့် လုပ်ငန်းစဉ်တွင် အကောင်အထည်ဖော်ရန် ကျန်ရှိသည့်ကိစ္စရပ်များအား ဆက်လက်ဆောင်ရွက်နိုင်ရေး၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေး အကောင်အထည်ဖော်ရာတွင် လိုအပ်သော နည်းပညာဆိုင်ရာ အကူအညီများ ပံ့ပိုးပေးနိုင်ရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်၊ ဦးသန့်ကျော်နှင့် ဦးကျော်ကျော်ဝင်းတို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**✱ ရှမ်းပြည်နယ်မှ**

အဓိကထား၍ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ပိုမိုရရှိလာရန်နှင့် မိမိတို့ လီဆူတိုင်းရင်းသားများအားလုံး မိမိဘာသာကို တတ်မြောက်စေရန်အတွက် လည်းကောင်း၊ ဝတ်စားဆင်ယင်မှုကို စဉ်ဆက်မပြတ် ထိန်းသိမ်းကြရန်၊ မိမိတို့၏ အမျိုးသားရေးလက္ခဏာများ မပျောက်စေရန်၊ နိုင်ငံတော်အစိုးရမှ ချမှတ်ထားသော လူမှုရေး ဦးတည်ချက်(၄)ရပ်ကိုအခြေခံ၍ ဆောင်ရွက်အကောင်အထည်ဖော်သွားရန်တို့ဖြစ်ကြောင်းသိရသည်။

လီဆူတေးသံရှင်တစ်ဦးဖြစ်သူ ဝမ်ညားအားဝူကလည်း ရိုးရာ၏သင်္ကေတ အမှတ်အသား ဒူးလေးနှင့် ဘင်ဂျို၏ အဓိပ္ပာယ်နှင့်ပတ်သက်၍ ဒူးလေးသည် ရှေး ဘိုးဘေးလက်ထက်ကတည်းက အမဲလိုက်ရာတွင် ကိုင်ဆောင်အသုံးပြုခဲ့ပြီး ဘင်ဂျိုမှာလည်း ပျော်ပွဲရွှင်ပွဲများ ပြုလုပ်သောအခါတွင်လည်း ဘင်ဂျိုဖြင့် တီးခတ်ဖျော်ဖြေကြပြီး ရိုးရာတူရိယာပစ္စည်းတစ်ခုအဖြစ် ရပ်တည်လျက်ရှိကြောင်း၊ ထို့ပြင် ဝါးပလွေ၊ ဘူးသီးပလွေ၊ မာကိုဟုဆိုသော ကိရိယာများမှာလည်း ရှေးဘိုးစဉ်ဘောင်ဆက် တီထွင်အသုံးပြုခဲ့ကြောင်းနှင့် ရိုးရာကိုလည်းထိန်းသိမ်းသွားပြီး ခေတ်မီသောရိုးရာဖြစ်အောင် လုပ်ကိုင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ရှမ်းပြည်နယ် လီဆူတိုင်းရင်းသားများ စုပေါင်းနှစ်သစ်ကူးပွဲတော်သို့ ရှမ်းပြည်နယ်လီဆူတိုင်းရင်းသားရေးရာဝန်ကြီးဦးယောဝိ၊ လီဆူတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌဦးစိုးဝင်း၊ ဗဟိုဒူးလေးပါတီဥက္ကဋ္ဌ ဦးရွှေမင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ လီဆူးတိုင်းရင်းသားများ၊ ရှမ်းပြည်နယ် တောင်ပိုင်းမှ လီဆူတိုင်းရင်းသားများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များလည်း တက်ရောက်ခဲ့ကြသည်။

**ဟန်ငွေး(iprd)**

## ရွှေပြည်သာစက်မှုဇုန်ရှိ အငြင်းပွားမှုဖြစ်ခဲ့သည့် စက်ရုံများ၏ အလုပ်သမားများ လုပ်ငန်းခွင်သို့ အေးချမ်းစွာ ဝင်ရောက်လုပ်ကိုင်လျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်နှင့် ရွှေပြည်သာမြို့နယ်ရှိ အငြင်းပွားမှုဖြစ်ခဲ့သည့် Costec, Ford Glory, Red Stone အထည်ချုပ်စက်ရုံတို့မှ အလုပ်သမားများ လုပ်ငန်းခွင်၌ အေးချမ်းစွာ ဝင်ရောက်လုပ်ကိုင်လျက် ရှိကြောင်း သတင်းရရှိသည်။

ယနေ့နံနက် ၉ နာရီတွင် အငြင်းပွားမှု ဖြစ်ပွားသည့် အထည်ချုပ်စက်ရုံများမှ အလုပ်ရှင် ကိုယ်စားလှယ်များနှင့် မန်နေဂျာ၊ရပ်မိရပ်ဖများ၊ ရွှေပြည်သာစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီမှ ဦးမျိုးသိန်းနှင့် လုပ်ငန်းခွင်ဝင်ရောက်နေသည့် စက်ချုပ်လုပ်သားအချို့ကိုမေးမြန်းခဲ့ရာ တောင်းဆိုဆန္ဒပြမှုဖြစ်ပွားခဲ့သည့် စက်ရုံများမှ အလုပ်ရှင်၊အလုပ်သမားတို့အား အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့တို့မှ အကြိမ်ကြိမ်ညှိနှိုင်းဆွေးနွေးပေးခဲ့သဖြင့် Costec အထည်ချုပ်စက်ရုံသည် ဇန်နဝါရီ ၂၈ ရက်က စတင်တောင်းဆိုမှုဖြစ်ပွားခဲ့ပြီး အလုပ်ရှင်လိုက်လျောပေးမှုအပေါ် အလုပ်သမားအများစုက သဘောတူညီမှုရရှိ၍ ဖေဖော်ဝါရီ ၂၃ ရက်တွင် နှစ်ဖက်သဘောတူ စာချုပ်ချုပ်ဆိုပြီး လုပ်ငန်းခွင်သို့ အေးချမ်းစွာဝင်ရောက်လုပ်ကိုင်လျက်ရှိကြောင်း၊ ယနေ့တွင် အလုပ်သမား ၁၂၂၆ ဦးရှိသည့်အနက် ၈၆၃ ဦး လုပ်ငန်းခွင်ဝင်ရောက်လျက်ရှိ၍ ၇၀ရာခိုင်နှုန်းကျော်ရှိကြောင်း၊ Ford Glory အထည်ချုပ်စက်ရုံသည် ဖေဖော်ဝါရီ ၅ ရက်မှစတင်၍ တောင်းဆို ဆန္ဒပြမှုဖြစ်ပွားခဲ့ရာ အလုပ်ရှင်လိုက်လျောပေးမှုအပေါ် အများစုက သဘောတူညီမှုရရှိ၍ ဖေဖော်ဝါရီ ၂၃ ရက်တွင် စာချုပ်ချုပ်ဆိုပြီး လုပ်ငန်းခွင်သို့ အေးချမ်းစွာဝင်ရောက်လုပ်ကိုင်ခဲ့ရာ ယနေ့တွင် အလုပ်သမား ၆၁၁ ဦးရှိသည့်အနက် ၃၉၇ ဦးလုပ်ငန်းခွင်ဝင်ရောက်လျက်ရှိ၍ ၆၅ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ Red Stone အထည်ချုပ်စက်ရုံသည် ဖေဖော်ဝါရီ ၃ ရက်မှစတင်၍ တောင်းဆိုဆန္ဒပြမှုဖြစ်ပွားခဲ့ရာ အလုပ်ရှင်၏ လိုက်လျောပေးမှုကို ရာနှုန်းပြည့် သဘောတူညီမှုရရှိ၍ ဖေဖော်ဝါရီ ၁၆ ရက်တွင်စာချုပ်ချုပ်ဆိုပြီး လုပ်ငန်းခွင်သို့အေးချမ်းစွာ ဝင်ရောက်လုပ်ကိုင်ခဲ့ရာ ယနေ့တွင် အလုပ်သမား ၉၀၃ ဦးရှိသည့်အနက် ၈၈၂ ဦး လုပ်ငန်းခွင်ဝင်ရောက်ခဲ့၍ ၉၇ ရာခိုင်နှုန်းခန့် အလုပ်ဆင်းပြီး လုပ်ငန်းခွင်၌ ပုံမှန်ကုန်ထုတ်လုပ်မှုများကို အေးချမ်းစွာ လုပ်ကိုင်လျက်ရှိကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

## မန္တလေးသင်္ကြန်မဏ္ဍပ်ဆောက်လုပ်ခွင့် မတ် ၆ ရက်နောက်ဆုံးထား လျှောက်ထားရမည်

**မန္တလေး ဖေဖော်ဝါရီ ၂၆**

မန္တလေးမဟာသင်္ကြန်ပွဲတော်ကျင်းပရန်ရေကစားမဏ္ဍပ်များနှင့်အလှုပြမဏ္ဍပ်များဆောက်လုပ်ခွင့်အား ဖေဖော်ဝါရီ ၂၃ ရက်မှမတ် ၆ ရက်အထိ လျှောက်ထားရန်ခွင့်ပြုထားကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအခွန်ဌာနမှ သိရသည်။

ထိုသို့လျှောက်ထားရာတွင်ကျုံးဘေးပတ်လည် မဏ္ဍပ်ဆောက်လုပ်ခွင့်လျှောက်ထားသူများအတွက်သတ်မှတ်ထားသည့်ငွေကျပ်ငါးသိန်းကို လျှောက်လွှာတင်သွင်းခွင့်ပြုထားသည့်ရက်အတွင်းပေးသွင်းရန် လိုအပ်ကြောင်းနှင့် ၎င်းရက်အတွင်း ငွေသွင်းခြင်းမရှိသူများအားလျှောက်ထားခွင့်စာရင်းမှ ပယ်ဖျက်သွားမည်ဖြစ်သည်။

"ပြီးခဲ့တဲ့နှစ်က ကျုံးပတ်လည်မှာ မဏ္ဍပ်၃၆ ခု၊ မြို့တွင်းမှာ ကိုးခု၊ ကန်တော်ကြီးမှာကိုးခုနဲ့အလှုပြမဏ္ဍပ် ၁၃ခုရှိခဲ့တယ်။ အဲ့ဒီလိုကျုံးပတ်လည်မှာ မဏ္ဍပ်ဆောက် လိုသူတွေကများနေတော့ လျှောက်တဲ့ သူကိုယ်တိုင်မဲနှိုက်တဲ့စနစ်နဲ့ နေရာချထားပေးပါတယ်။ ဒါကြောင့်ငွေသွင်းထားပြီး လျှောက်ထားသူတွေသာ ဆောက်လုပ်ခွင့်နေရာအတွက် မဲနှိုက်ရပါတယ်။ မဲနှိုက်လို့မပေါက်တဲ့သူတွေကိုပေးသွင်းထားတဲ့ ငါးသိန်းထဲက တစ်သိန်းကိုကော်မတီရန်ပုံငွေအတွက် ပေးသွင်းရပြီး ကျန်လေးသိန်းကိုတော့ သင်္ကြန်မတိုင်မီပြန်ထုတ်ပေးပါတယ်။မဲပေါက်လို့ ဆောက်လုပ်ခွင့်ရသူတွေကတော့ သင်္ကြန်အတွင်း ရေသုံးစွဲခွင့်နဲ့ ကော်မတီရန်ပုံငွေအဖြစ်ဒီ ငါးသိန်းကိုထားရှိရမှာ ဖြစ်ပြီးတော့ မြို့တွင်း ဆောက်လုပ်မယ့် မဏ္ဍပ်တွေကတော့ ငွေသွင်းစရာမလိုဘဲဆောက်လုပ်ခွင့်တင်ပြပေးရင်ရပါပြီ"ဟု အခွန်ဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အပြင်ကျုံးဘေးပတ်လည်တွင် မဏ္ဍပ်ဆောက်လုပ်ခွင့်ရရှိသူများအနေဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့အာမခံငွေကျပ်သိန်း ၂၀ပေးသွင်းရမည်ဖြစ်ပြီး သင်္ကြန်ပွဲတော်ကာလအတွင်း သတ်မှတ်ထားသည့် စည်းကမ်းဖောက်ဖျက်မှုများအတွက် ၎င်းအာမခံငွေမှ ခုနှိမ်ဒဏ်ရိုက်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းက ဆက်လက်ပြောကြားသည်။

သင်္ကြန်ကာလအတွင်းမှာ မဏ္ဍပ်တွေအနေနဲ့ သတ်မှတ်စည်းကမ်းဖောက်ဖျက်မှုတွေကြုံတွေ့နေရတယ်။ ဥပမာ ကျုံးဘေးကသစ်ပင်တွေခုတ်တာ၊ အုတ်ခုံတွေကျိုးတာစသဖြင့်ပေါ့။ဒီလိုအခြေအနေမျိုးတွေမှာ သင်္ကြန်ပြီးသွားတဲ့အတွက်ဒဏ်ရိုက်လို့မရတော့ဘူး။ ဒါကြောင့်ကြိုတင်ငွေသွင်းခိုင်းထားပြီး စည်းကမ်းဖောက်ဖျက်ရင် ဥပဒေအရ အရေးယူဒဏ်ရိုက်ချင်လို့ပါ။စည်းကမ်းဖောက်ဖျက်မှုမရှိရင်သွင်းထားတဲ့သိန်း ၂၀ကို ဧပြီ၂၄ရက်မှစပြီးပြန်ထုတ်ပေးမှာပါ။ စည်းကမ်းဖောက်ဖျက်ရင်တော့ သတ်မှတ်ဒဏ်ကြေး ပေးဆောင်ပြီး ကျန်ငွေကို ပြန်ပေးမှာပါ"ဟု ပြောသည်။

ယခုနှစ်သင်္ကြန်မဏ္ဍပ်ဆောက်လုပ်ခြင်းများကို မတ် ၁၂ရက်မှ စပြီး ခွင့်ပြုပေးမည်ဖြစ်ပြီး ဧပြီ ၉ ရက် တွင် အပြီးတည်ဆောက်ရန်နှင့်ဧပြီ ၂၃ ရက်တွင် နောက်ဆုံးထားပြန်လည်ဖျက်သိမ်းပေးရမည်ဖြစ်ကြောင်းနှင့် မဲပေါက်သူများအနေဖြင့် မိမိရရှိသောနေရာအား အမည်ပြောင်းခြင်း၊ တစ်ဆင့်ရောင်းချခြင်း၊မဏ္ဍပ်မဆောက်လုပ်ခြင်းမပြုလုပ်ကြပါရန်အသိပေးထားကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၈) ဆက်လက်ယှဉ်ပြိုင်မည်

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၈)ကို ဖေဖော်ဝါရီ ၂၈ ရက်နှင့် မတ် ၁၊ ၂ ရက်များတွင် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ယခုတစ်ပတ်တွင် အဆင့်(၁)မှ (၄)အတွင်းဝင်နေသော အသင်းကြီးများထိပ်တိုက်တွေ့ဆုံနေပြီး ကမ္ဘောဇ-ရန်ကုန်၊ ရေဝတီ-ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပွဲစဉ်(၈)အဖြစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် အောင်ဆန်းကွင်း၌ မကွေးနှင့် ဇေယျာရွှေမြေ၊ သုဝဏ္ဏကွင်း၌ ရခိုင်နှင့် ချင်းယူနိုက်တက်၊ မတ် ၁ ရက်တွင် တောင်ကြီးကွင်း၌ ကမ္ဘောဇနှင့် ရန်ကုန်၊ သုဝဏ္ဏကွင်း၌ ဇွဲကပင်နှင့်နေပြည်တော်၊ အောင်ဆန်းကွင်း၌ မနောမြေနှင့် ဟံသာဝတီ၊ မတ် ၂ ရက်တွင် ကျောက်တိုင်ကွင်း၌ ရေဝတီနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ်(၇)အပြီးတွင် ရန်ကုန်အသင်းက ခုနစ်ပွဲကစား ခုနစ်ပွဲစလုံး အနိုင်ရကာ ၂၁ မှတ်ဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေသည်။ ရေဝတီအသင်းက ခြောက်ပွဲကစား ၁၆ မှတ်၊ ကမ္ဘောဇအသင်းက ခုနစ်ပွဲကစား ၁၅ မှတ်၊ လက်ရှိချန်ပီယံ ရတနာပုံအသင်းက ခြောက်ပွဲကစား ၁၃ မှတ်၊ မကွေးအသင်းက ခုနစ်ပွဲကစား ၁၂ မှတ်၊ ချင်းယူနိုက်တက်အသင်းက ခြောက်ပွဲကစား ရှစ်မှတ်၊ ရခိုင်အသင်းက ခုနစ်ပွဲကစား ခြောက်မှတ်တို့ ရရှိထားသည်။

ခုနစ်ပွဲဆက်အနိုင်ရရှိပြီး ထိပ်ဆုံးတွင်ဦးဆောင်နေသည့် ရန်ကုန်အသင်းမှာ ရှုံးပွဲမရှိသေးသည့် ကမ္ဘောဇအသင်းနှင့် အဝေးကွင်းပွဲကျပ်ကစားရမည်ဖြစ်သည်။ ကမ္ဘောဇအသင်းမှာ ယခုရာသီ၌ အိမ်ကွင်းပွဲစဉ်တိုင်း အနိုင်ရထားသည့်အသင်းဖြစ်သည်။ ဒဏ်ရာရကစားသမားများပြားနေသည့် လက်ရှိ ချန်ပီယံ ရတနာပုံအသင်းမှာ အဝေးကွင်း၌ ရေဝတီနှင့် ကစားရမည်ဖြစ်ရာ အမှတ်ရရေး ခက်ခက်ခဲခဲကစားရဖွယ်ရှိနေသည်။



ရန်ကုန်နှင့် ကမ္ဘောဇတို့ ၂၀၁၄ ရာသီက တွေ့ဆုံစဉ်။

**သတင်း၊ ဓာတ်ပုံ
ရှိုင်းထက်ဇော်**

## ပြည်တွင်းရေးရာ




**☆ ဒုတိယသမ္မတမှ**

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုဌာန ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်က RATHKAEW AUTHENTIC THAI RESTAURANT ၌ တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

နေ့လယ်စာစားပွဲအပြီးတွင် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုဌာန ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီး H.E.Prof. Dr. Rajata Rajatanavin နှင့် ကျန်းမာရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဒေါက်တာဝင်းမြင့်၊ ဦးထင်အောင်၊ ဒေါက်တာ စိုင်းကျော်အုန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ နှစ်နိုင်ငံကျန်းမာရေးကဏ္ဍပူးပေါင်း ဆောင်ရွက်မှုပိုမိုမြင့်တင်ရေး၊ နယ်စပ်ဒေသနေပြည်သူများအတွက် ကျန်းမာရေးဆောင်ရွက်မှုကဏ္ဍများကိုနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသများတွင် ကူးစက်ရောဂါမပြန့်ပွားရေး စနစ်တကျ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်း၌ ဆက်လက်တွေ့ဆုံပြီး ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက အများပြည်သူနှင့် သက်ဆိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်နှင့် ကျန်းမာရေးစီမံခန့်ခွဲမှု၊ အများပြည်သူနှင့် သက်ဆိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၌ ထိုင်း-မြန်မာပူးပေါင်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းခဲ့ကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးထံ အမှတ်တရ လက်ဆောင်ပစ္စည်းပေးအပ်ပြီး ဧည့်သည်တော်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

ညပိုင်းတွင် ဒုတိယသမ္မတသည် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီး H.E.Porf. Dr. Rajata Rajatanavin က ဗန်ကောက်မြို့ ရှန်ဂရီလာဟိုတယ်၌ တည်ခင်းဧည့်ခံသည့်ညစာစားပွဲသို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**




# လိုင်စင်သက်တမ်းတိုးလုပ်ငန်းများ ဆောင်ရွက်ပေးမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၅ ခုနှစ် မတ်လအတွင်း အောက်ဖော်ပြပါမြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေးကြေညာအပ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | မြို့နယ် |
|---|---|---|
| ၁။ | နေပြည်တော် | တပ်ကုန်း |
| ၂။ | ကချင်ပြည်နယ် | ဝိုင်းမော်၊ ရွှေကူ၊ ဟိုပင် |
| ၃။ | ကရင်ပြည်နယ် | လှိုင်းဘွဲ့ |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ကနီ၊ ခင်ဦး၊ ခမ်းပတ် |
| ၅။ | တနင်္သာရီတိုင်းဒေသကြီး | ပုလော |
| ၆။ | ပဲခူးတိုင်းဒေသကြီး | ကျောက်တံခါး၊ ပန်းတောင်း |
| ၇။ | မကွေးတိုင်းဒေသကြီး | ချောက်၊ ဂန့်ဂေါ၊ စလင်း၊ အောင်လံ၊ မင်းလှ |
| ၈။ | မန္တလေးတိုင်းဒေသကြီး | မတ္တရာ၊ ကျောက်ပန်းတောင်း၊ ညောင်ဦး၊ ပျော်ဘွယ် |
| ၉။ | မွန်ပြည်နယ် | ရေး |
| ၁၀။ | ရခိုင်ပြည်နယ် | ကျောက်ဖြူ၊ ရမ်းဗြဲ |
| ၁၁။ | ရန်ကုန်တိုင်းဒေသကြီး | တိုက်ကြီး၊ ဒလ |
| ၁၂။ | ရှမ်းပြည်နယ် | ဟိုပုံး၊ ကွမ်းလုံ၊ ဟိုပန်၊ နမ့်ဆန်၊ ကျိုင်းလပ် |
| ၁၃။ | ဧရာဝတီတိုင်းဒေသကြီး | ငပုတော၊ ညောင်တုန်း၊ ပန်းတနော်၊ မော်လမြိုင်ကျွန်း၊ ဇလွန် |

**(သတင်းစဉ်)**

# မော်တော်ယာဉ် ပေါ့ဆစွာမောင်းနှင်ခြင်းကြောင့် ဆုံးရှုံးမှုဖြစ်ပွား

**ကသာ ဖေဖော်ဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့ ပြည်သာယာကျေးရွာရှိ ခမရ(၃၀၉)နှင့် ဆက်သွယ်ထားသော ချောင်းကူးတံတားတွင် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် ကားတစ်စီး အရှိန်မထိန်းနိုင်ဘဲ ပြုတ်ကျတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်မှာ ကသာ- သိမ်အင်းကျေးရွာဘက်မှ ကသာသို့ မောင်းနှင်လာသော ကားမှာ ပြည်သာယာတံတားအလယ်အရောက်တွင် ဝဲဘက်သို့ ဆွဲချသွားရာ တံတားလက်ရန်းတိုင်အား တိုက်မိပြီး အရှိန်လွန်၍ တံတားအောက်သို့ ထိုးကျတိမ်းမှောက်သွားခဲ့သည်။

သို့ပါ၍ ယာဉ် မဆင်မခြင်ပေါ့ဆစွာမောင်းနှင်သူ မောင်ဝင်းလှိုင် ရပ်ကွက်(၆)နေသူအား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ(ပြန်/ဆက်)**

# ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက်၌ ယနေ့မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် နယ်မြေ(၁)နေ ဦးအောင်မြတ်သူသည် နေအိမ်ကားဂိုဒေါင်တွင် ကားဆီဖြည့်ရန် ပလတ်စတစ်ပုံးထဲသို့ ဂါလန်ခွက်ဖြင့် ဓာတ်ဆီဖြည့်စဉ် မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဦးမျိုးညွန့်၊ ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ စီမံရေးရာဌာနမှူး ဦးစိုးဝင်းနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးခင်မောင်ဇော်၊ ညွှန်ကြားရေးမှူး ဦးဝေဇင်ထွန်း၊ ဒက္ခိဏခရိုင် အုပ်ချုပ်ရေးမှူး၊ ဇမ္ဗူသီရိမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ အမှတ်(၉၄၈) ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်မှ ဗိုလ်ကြီးဝင်းကျော်မြင့်နှင့်အဖွဲ့၊ အောင်ဇမ္ဗူရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူ ၅၀၊ မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင် ၉၀၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀၊ မီးသတ်အုပ်ချုပ်ရေးယာဉ် သုံးစီး၊ မီးသတ်ယာဉ် ၂၁ စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် မီးညွန့်ကျိုးသွားခဲ့ပြီး မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်ကြောင့် ကားဂိုဒေါင် သွပ်မိုး၊ မြေစိုက်တဲ(၂၀ × ၁၀) ပေ တစ်လုံး၊ လူမနေသည့် သက်ငယ်မိုး ထရံကာ မြေစိုက်တဲ(၁၂×၁၂) ပေ တစ်လုံး၊ ဓာတ်ဆီ ၂၀ ဂါလန် တစ်ပုံး၊ လိုက်ထရပ် အပြာရောင်ယာဉ်အမှတ် 6E၊--- ရှေ့ခေါင်းပိုင်းမီးလောင်ကျွမ်းခဲ့ပြီး မီးလောင်မှုဖြစ်စဉ်ကြောင့် လူနှင့် အခြားတိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်းနှင့် အမှတ် (၁) မြို့မရဲစခန်းတွင် အမှုဖွင့်လှစ်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန့်မောင်(ပြန်/ဆက်)**



# ခြေလျင်တောင်တက်အဖွဲ့ ကချင်ပြည်နယ် ဂူဘားရွာ၌ ဘုရားတည်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိ တဟွန်ဒမ်းကျေးရွာထိ ကျေးလက်နေတိုင်းရင်းသား ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်နှင့် စေတီတည်ရန်အတွက် တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံ ဖောင်ဒေးရှင်းမှ နာယက သမားတော်ကြီး ဒေါက်တာဒေါ်ခင်မေအုန်းနှင့် ဥက္ကဋ္ဌ ဦးမျိုးသန့် ဦးဆောင်သော အဖွဲ့ဝင် ၁၅ ဦးခန့်သည် မတ် ၁၀ ရက်မှစ၍ ရက် ၄၀ နီးပါးခန့် တစ်တောင်ဝင် တစ်တောင်ထွက် ခြေလျင်တောင်တက် ခရီးကြမ်း သွားရောက်မည်ဖြစ်သည်။

ဦးမျိုးသန့်က"ဆရာတို့ ဒီခရီးစဉ်ကို မွေးနေ့ နှစ် (၁၀၀) ပြည့်ခဲ့သော ခြေလျင်တောင်တက်အဖွဲ့ရဲ့ ဖခင်ကြီး ဗိုလ်မှူးကြီး စည်သူလှအောင်ကို ဂုဏ်ပြုသောအားဖြင့်ရယ်၊ မနှစ်က ခါကာဘိုရာဇီ တောင်ကို အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ပြီး နိုင်ငံတော်အလံကို စိုက်ထူနိုင်ခဲ့သော်လည်း ပျောက်ဆုံးနေတဲ့ ခါကာဘိုသူရဲကောင်း အောင်မြင့်မြတ်နဲ့ ဝေယံမင်းသူတို့နှစ်ဦးကို အမှတ်တရ ဂုဏ်ပြုချင်တာရယ်ကြောင့်ပါ" ဟု ပြောသည်။

တောင်တက်အဖွဲ့ဝင်များသည် မတ် ၁၀ ရက်တွင် ရန်ကုန်မှ စတင်ထွက်ခွာပြီး ပူတာအိုခရိုင်သို့ လေယာဉ်ဖြင့် သွားရောက်မည်ဖြစ်သည်။ပူတာအိုမှ အရှေ့မြောက်ဘက် တဟွန်ဒမ်းရွာသို့ သွားရောက်ရန်အတွက် အနီးဆုံးရွာဖြစ်သော ရပ်ဘော့ရွာသို့ အငှားယာဉ်များဖြင့် သွားမည်ဖြစ်သည်။ ထိုမှ ဆက်လက်၍ နောင်မွန်မြို့၊ ဂတ်ထုရွာ၊ ကော်လှဲထုရွာ၊ ဆင်ရှန်ဘိုတဲ၊ ပန်နန်းဒင်မြို့၊ လုံနက်ဘိုတဲ၊ ငါဝါရွာ၊ ဝမ်စီဝမ်စခန်း၊ ဂဝိုင်ရွာ၊ တဇုန်ဒမ်းရွာ၊ ဂူဘားရွာ၊

သတင်း-ခင်ဇာလီ
ဓာတ်ပုံ-ဇေယျာ
(သဘာဝခေါ်သံ)

တဆူထု၊ တလားထု၊ ဒဒွန်ဒမ်း (ခရောင်းရွာ)များကို ခြေလျင်ခရီးကြမ်းဖြင့် အသွားအပြန် တောင်တက်တောင်ဆင်း မိုင် ၂၀၀ ကျော် ဖြတ်ကျော်၍ သွားရောက်မည်ဖြစ်သည်။ ယင်းသွားရာ ခရီးလမ်းတစ်လျှောက်တွင် လူမှုအကျိုးပြု အစီအစဉ်ဖြင့် အခမဲ့ဆေးဝါးကုသခြင်းများ ပြုလုပ်သွားမည်ဟု သိရသည်။

အဆိုပါအဖွဲ့မှ မြန်မာနိုင်ငံသား တောင်တက်သမားနှစ်ဦးသည် ၂၀၁၄ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် အရှေ့တောင်အာရှ၏ အမြင့်ဆုံးတောင် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေပေါင်း ၁၉၃၁၅ပေ ရှိသော ခါကာဘိုရာဇီတောင်ထိပ်ပေါ်သို့ မြန်မာနိုင်ငံအလံကို အောင်မြင်စွာ စိုက်ထူနိုင်ခဲ့သည်။ သို့သော်လည်း ၎င်းတို့နှစ်ဦးသည် ယင်းနေ့ ညနေမှာပင် အဆက်အသွယ် ပြတ်တောက်သွားခဲ့ပြီး ရှာဖွေမှုများဆက်တိုက် လုပ်ဆောင်ခဲ့သော်လည်း မတွေ့ရှိဘဲ ပြန်ရောက်မလာခဲ့သည်မှာ ယခုဆိုရင် ငါးလကျော်ခန့်ရှိပြီဖြစ်သည်။



တဟွန်ဒမ်းကျေးရွာသည် ခါကာဘိုရာဇီ ရေခဲတောင်ခြေနှင့် ၃၇ မိုင်မျှကွာဝေးသော အနီးဆုံးကျေးရွာဖြစ်သည်။ တဟွန်ဒမ်းတွင် ဗုဒ္ဓဘာသာ ကျောင်းတော်ရာ၊ ထေရဝါဒ သာသနာပြုကျောင်းနှင့် စေတီတော်ပါတည်ရှိသည်။ တဟွန်ဒမ်းအနောက်ဘက်ဂူဘား၊ မဒိန်းရွာများသည် မဟာယာန ဗုဒ္ဓဘာသာ ကိုးကွယ်သော ကျေးရွာများဖြစ်၍ စိတ်ဝင်စားဖွယ်ရာဓလေ့ထုံးတမ်း အစဉ်အလာများရှိသည်။

တောင်တက်ခရီးကြမ်းအဖွဲ့သည် အဆိုပါဂူဘားအမည်ရသော ကျေးရွာတွင် ထေရဝါဒ ဗုဒ္ဓသာသနာတော် မော်ကွန်းစေတီတော် တည်ထားရန်အတွက် ဗုဒ္ဓမွေတော်ဓာတ်တော်များနှင့် ဆင်းတုတော်များကို ဌာပနာသွင်း၍ ပူဇော်ခဲ့ကြမည်ဟုလည်း သိရသည်။

## ✻ ကြက်၊ ငှက်တုပ်ကွေးမှ

ပြင်ပခြံများသို့ ကူးစက်မှုမရှိစေရန် ဖေဖော်ဝါရီ ၂၄ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ကြက်၊ ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရေး အဖွဲ့ကို ဖွဲ့စည်း၍ ဇုန်အတွင်းအဝင်၊ အထွက်များ ကြပ်မတ်ခြင်း၊ ရောဂါကြောင့် သေဆုံးကြက်နှင့် ငုံးများ စနစ်တကျ မြှုပ်နှံခြင်း၊ ဇုန်အတွင်းဇီဝလုံခြုံရေးများ စသည်တို့ကို မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရသည်။ အဆိုပါ တိုင်းဒေသကြီး ကြက်၊ ငှက်တုပ်ကွေး ရောဂါထိန်းချုပ်ရေးအဖွဲ့၊ နေပြည်တော် စစ်ကိုင်းတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မုံရွာမြို့ ကြက်၊ ငုံးမွေးမြူရေး အထူးဇုန်မှ လုပ်ငန်းရှင်များနှင့် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောမြင့်ဦး၊ ကျန်းမာရေးပညာရှင်၊ ဇီဝပညာရှင်များဖြင့် တွေ့ဆုံညှိနှိုင်းဆောင်ရွက်၍ ရှေ့ဆက်လက်ဆောင်ရွက်စရာရှိသည်များကို ယနေ့နံနက်ပိုင်းက ဆွေးနွေးကြသည်။

တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီး ဦးစောမြင့်ဦးက "အခု လောလောဆယ်ဖြစ်နေတဲ့ ကြက်၊ ငှက်တုပ်ကွေးရောဂါကို အလျင် အမြန် ထိန်းချုပ်မှုရှိပြီး လူတွေရဲ့ ကျန်းမာရေး ထိခိုက်မှုကို ကာကွယ်ဖို့အတွက် ရောဂါဖြစ်နေတဲ့ ကြက်၊ငုံးခြံတွေက ကြက်၊ ငုံးတွေကို ရှင်းလင်းသုတ်သင် နေတာဖြစ်ပြီး ရောဂါမကူးစက်သေးတဲ့ ကြက်၊ ငုံးခြံတွေကိုတော့ ဇီဝလုံခြုံရေးကို မြှင့်တင်ပြီး အဘက်ဘက်က ရောဂါမကူးစက်အောင် ဆောင်ရွက်နေပါတယ်။ ကြက်သေ၊ ငုံးသေတွေကို ခွေးကချီပြီး မဖြစ်သေးတဲ့ ခြံတွေဘက် ယူလာတာမျိုးကို မဖြစ်သေးတဲ့ခြံက လူတွေက အများကြီး ဂရုစိုက်ရမှာဖြစ်ပါတယ်။ အခု ဖြစ်နေတာက ကျန်တဲ့ ကြက်ခြံ၊ ငုံးခြံက ကြက်တွေ၊ ငုံးတွေ ဖျက်ရမှာလားဆိုတာ စိုးရိမ်နေကြတာပါ။ ကြက်နဲ့ ငုံးခြံအားလုံးကို သိစေချင် တာက ဖြစ်တဲ့ကြက်နဲ့ငုံးကိုပဲ သုတ်သင်ပြီး ကျန်တာတွေကိုတော့ စောင့်ကြည့်ဖို့ အဆင့်မှာပဲ ရှိပါတယ်" ဟု ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရ၏ ကြိုတင်စီစဉ်မှုအဖြစ် မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးအတွင်း အဆောင်တစ်ဆောင် သီးသန့်အခန်းထားကာ အကယ်၍ H5N1 ရောဂါ လူကို ကူးစက်မှုဖြစ်လာလျှင် ကုသနိုင်ရန်အတွက် ဆေးဝါးနှင့် အကူပစ္စည်းများကို ထားရှိဆောင်ရွက်ထားပြီး စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေး(ကူးစက်)ဌာန တာဝန်ရှိသူများအနေဖြင့်လည်း အကယ်၍ ရောဂါဝင်ရောက်သည်ဟု သံသယဖြစ်ဖွယ် သတင်းဦးကို ရရှိစေရန်အတွက် ကွန်ရက်များကို နည်းမျိုးစုံဖြင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကြက်၊ ငှက်တုပ်ကွေးရောဂါဖြစ်နေ၍ ကန့်သတ်နယ်မြေအဖြစ် ထိန်းချုပ်ထားသော မုံရွာကြက်၊ ငုံးမွေးမြူရေး အထူးဇုန်အတွင်းမှ ဥစားကြက်အရှင် အကောင်ရေ ၁၂၀ နှင့် ကြက်အသေ ၁၀ ကောင်၊ ငုံးအသေ အကောင် ၃၀၀၀ နှင့် ငုံးအရှင် ၁၀၀၀ တို့အား ဖေဖော်ဝါရီ ၂၅ ရက်က လိုက်ထရပ်ယာဉ် တစ်စီး၊ ဆိုင်ကယ် လေးစီးတို့ဖြင့် ဇုန်အတွင်း ခြံသုံးခြံမှ ဝယ်ယူ၍ ဇုန်ပြင်ပသို့ သယ်ဆောင်စဉ် သက်ဆိုင်ရာက ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။ ထိန်းသိမ်းရရှိသော ကြက်၊ ငှက်တုပ်ကွေးရောဂါရှိ ကြက်နှင့် ငုံးများကို ထိုည ၁၁ နာရီတွင် သတ်မှတ်ထားသော ကြက်၊ ငုံးမွေးမြူရေးဇုန်အနီးမှ မြေကျင်းသို့ စနစ်တကျ သုတ်သင်မြေမြှုပ်ခဲ့ကြောင်း သိရသည်။

ယနေ့တွင်လည်း ဇုန်အတွင်း ကြက်၊ ငုံးခြံတို့မှ သေဆုံးကြက်နှင့် ငုံးများကို စနစ်တကျမြှုပ်နှံဆောင်ရွက်ခြင်း၊ ဇုန်အတွင်း ဝင်သမျှ၊ ထွက်သမျှသော ဆိုင်ကယ်၊ ကားများကို ဇီဝဆေးများဖျန်းခြင်း၊ ဇုန်အတွင်း ရှိသူများ ပြင်ပသို့သွားလာမှုကန့်သတ်ခြင်းများကို အများ၏ကျန်းမာရေးအရ အမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရသည်။ သေဆုံးမှုမှာ တစ်ရက်ထက်တစ်ရက်မြင့်လာသောကြောင့် ဖေဖော်ဝါရီ ၂၄ ရက်တွင် တိုင်းဒေသကြီး ကြက်၊ ငှက် တုပ်ကွေးရောဂါ ထိန်းချုပ်ကာကွယ်တားဆီးရေးအဖွဲ့ကို ဖွဲ့စည်း၍ ကြပ်မတ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။



ကြက်၊ ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေသော ကြက်နှင့် ငုံးများကို မြေကျင်းထဲသို့ သုတ်သင်မြေမြှုပ်နေစဉ်။

"ဇုန်ထဲကဖြစ်ပွားနေတဲ့ ကြက်ခြံတွေနဲ့ ငုံးခြံတွေက သေဆုံးကြက်၊ ငုံးတွေကို စနစ်တကျထုပ်ပိုး၊ ပိုးသတ်ဆေးဖျန်းမြေမြှုပ်နေပါတယ်။ ဈေးကွက်မှာ ရောက်နေတဲ့ ကြက်၊ ငုံးတွေက အသားကောင်းတွေပါ။ ထိန်းချုပ်ပြီး လွှတ်ပေးနေတာပါ။ ဇုန်ထဲက မွေးမြူရေးထွက်ကုန်တွေအားလုံး မထွက်ဖို့ ပိတ်ထားလိုက်ပါပြီ"ဟု တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူက ပြောပြသည်။

သေဆုံးပြီးကြက်နှင့် ငုံးကောင်အချို့ကို မန္တလေးဓာတ်ခွဲခန်းသို့ ပို့ဆောင်ကာ စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး ယနေ့ မွန်းလွဲပိုင်းအထိ အကျယ် ၁၀ ပေ ပတ်လည်၊ အနက်ကိုးပေရှိ ကျင်းများကို ဇုန်၏ပြင်ပတွင် တူးကာ သေဆုံးအကောင်များအား လုပ်သားခြောက်ဦးဖြင့် နေ့ဆိုင်းညဆိုင်းခွဲ၍ မြှုပ်နှံနေရကြောင်း သိရသည်။

မုံရွာမြို့ ကြက်၊ ငုံးမွေးမြူရေးအထူးဇုန်ကြီးတွင် ယခုကြက်၊ ငှက်တုပ်ကွေးရောဂါမဝင်ခင်ကထိ ဥစားကြက်ခြံ ၁၂၃ ခြံတွင် ဥစားကြက် ၁၄၀၀၀၀ နှင့် ငုံးခြံ ၅၁ ခြံတွင် ငုံးအကောင်ရေ ငါးသိန်း မွေးမြူထားပြီး ဖေဖော်ဝါရီ ၂၆ ရက်အထိ ကြက် ၃၂၄၁ ကောင်၊ ငုံး ၁၃၆၁၉ ကောင် သေဆုံးနေပြီး ရှင်းလင်းသုတ်သင်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**


# လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အဖွဲ့ဝင် ၉၀၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်နှင့် တာချီလိတ်မြို့နယ်တို့မှ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီဝင် ၈၀ နှင့် မြန်မာနိုင်ငံ ဓမ္မတက္ကသိုလ် လူမှုဖွံ့ဖြိုးရေးဌာနမှ သင်တန်းသား ၂၃ ဦး စုစုပေါင်း ၁၉၃ ဦးတို့သည် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ ကျင်းပနေပုံနှင့် လွှတ်တော်အဆောက်အအုံများကို လာရောက်လေ့လာကြည့်ရှုကြသည်။ **(သတင်းစဉ်)**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် တိုးလာနိုင်သည်။



# ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်ဟောင်းကို ဖမ်းဝရမ်းထုတ်



**ဒါကာ ဖေဖော်ဝါရီ ၂၆**

ဘင်္ဂလားဒေ့ရှ်တရားရုံးတစ်ရုံးက ဝန်ကြီးချုပ်ဟောင်း ခါလီဒါဇီယာကို အဂတိလိုက်စားမှု အမှုနှစ်မှုဖြင့် ဖမ်းဆီးရန် ယနေ့အမိန့်ထုတ်ခဲ့သည်။

ဝန်ကြီးချုပ်ဟောင်းက တရားရုံးတော်သို့လာရောက် အစစ်ဆေးခံရန် လေးကြိမ်မြောက် ပျက်ကွက်ပြီးနောက် ယင်းသို့ အမိန့်ထုတ်ခြင်းဖြစ်သည်။ မြို့တော်ဒါကာတွင် တရားသူကြီး အဘူအာမက် ဂျာမက်ဒါးက အာမခံပေးပါရန် ဇီယာ၏ရှေ့နေက အသနားခံစာတင်ပြလာခြင်းကို ငြင်းပယ်ပြီးနောက် ဖမ်းဆီးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဇီယာသည် ကျန်းမာရေး ချို့ယွင်းနေသည့်အပြင် နိုင်ငံရေးမတည်မငြိမ်ဖြစ်နေ၍ လုံခြုံရေးစိုးရိမ်ရသည့်အတွက်ဖြစ်သည်ဟု ရှေ့နေက အကြောင်းပြသည်။ ဇီယာကို မကြာမီဖမ်းဆီးခြင်းပြုမည်၊ မပြုမည်မှာ ရှင်းရှင်းလင်းလင်း မရှိသေးပေ။ တရားရုံးအမိန့်ကို အမှုစွဲချက်တင်ခဲ့သော ရဲစခန်းသို့ ပို့ပေးရန် ရှိသေးသည်။

စွပ်စွဲချက်များတွင် ဇီယာ၏ ကွယ်လွန်သွားပြီဖြစ်သော ခင်ပွန်းသမ္မတဟောင်း ဇီယာအူရာမန်အမည်ဖြင့် ပရဟိတအဖွဲ့အစည်းတစ်ရပ်အတွက် မြေဝယ်ယူရာတွင် တရားမဝင် ရန်ပုံငွေများ အသုံးပြုခဲ့သည်ဟူသောစွပ်စွဲချက် ပါဝင်သည်။ ဇီယာသည် အဆိုပါ ပရဟိတအဖွဲ့အစည်းအတွက် ဒေါ်လာတစ်သန်းကျော်ကို တရားမဝင် ကောက်ခံခဲ့သည်ဟု စွပ်စွဲခြင်းမှာ မမှန်ကန်ကြောင်း ၎င်း၏ ရှေ့နေများက ငြင်းပယ်သည်။

ဇီယာက နိုင်ငံရေးကို အကြောင်းပြု၍ စွပ်စွဲခြင်းဖြစ်သည်ဟု ပြောသော်လည်း အာဏာပိုင်များက ငြင်းဆိုသည်။

**အေပီ။**

# ဩစတြေးလျဝန်ကြီးချုပ်၏ တောင်းဆိုမှုအပေါ် အင်ဒိုနီးရှားပြည်သူများ ခါးသီးစွာငြင်းပယ်

**ဂျကာတာ ဖေဖော်ဝါရီ ၂၆**

အင်ဒိုနီးရှားနိုင်ငံတွင် မူးယစ်ဆေးဝါးသယ်ဆောင်မှုဖြင့် သေဒဏ်ချမှတ်ခြင်းခံရမည့် ဩစတြေးလျနိုင်ငံသား ကိုးဦးအား ဆူနာမီဖြစ်ခဲ့သည့်အချိန်တွင် ကူညီခဲ့ဖူးသည့်ကျေးဇူးကို ထောက်ထားသောအားဖြင့် သက်ညှာမှုပေးရန် ဩစတြေးလျဝန်ကြီးချုပ်က အင်ဒိုနီးရှားအစိုးရအား တောင်းဆိုခဲ့သည်ကို ပြည်သူများကမကျေမနပ်ဖြစ်ကာ အကြွေးပြန်ဆပ်ရန် နိုင်ငံအဝန်း အကြွေစေ့များ စုဆောင်းကာ ဆန္ဒထုတ်ဖော်လျက်ရှိကြသည်။




ဆန္ဒထုတ်ဖော်သူများက ဩစတြေးလျဝန်ကြီးချုပ်၏ပါးစပ်ကို အနီရောင်တိပ်များဖြင့် ကန့်လန့်ဖြတ်ပိတ်ထားသောဓာတ်ပုံများကိုင်ဆောင်ကာ နိုင်ငံအဝန်းလှည့်လည်ဆန္ဒပြကြသည်။

အင်ဒိုနီးရှားနိုင်ငံအား ဩစတြေးလျဝန်ကြီးချုပ်က ဆူနာမီဘေးရင်ဆိုင်နေရချိန်တွင် အမေရိကန်ဒေါ်လာ ၁ ဘီလီယံထောက်ပံ့ပေးခဲ့သည်။ ထိုအချိန်က ဘိန်းဖြူသယ်ဆောင်မှုဖြင့် အင်ဒိုနီးရှားနိုင်ငံတရားရုံးတွင် တရားရင်ဆိုင်နေကြသည့် ဩစတြေးလျနိုင်ငံသား ကိုးဦးအား ဩစတြေးလျဝန်ကြီးချုပ်အနေဖြင့် အယူခံဝင်ရန် ကြိုးပမ်းနေသည့်ကာလလည်းဖြစ်သည်။

၂၀၀၄ခုနှစ်တွင် ဆူမတ်ထရာကမ်းရိုးတန်းအနောက်ဘက်ပိုင်းတွင် ငလျင်နှင့်ဆူနာမီရေလှိုင်းဒဏ်ခံရမှုကြောင့် လူပေါင်း တစ်သိန်းကျော်သေဆုံးခဲ့ရသည်။ ထိုအချိန်တွင် ဩစတြေးလျနိုင်ငံက အမေရိကန်ဒေါ်လာ ၁ ဘီလီယံကို ကနဦးအနေဖြင့်ထောက်ပံ့ပေးခဲ့သည်။

ယခုအချိန်သည် အင်ဒိုနီးရှားနိုင်ငံအတွက် အကြွေးပြန်လည်ပေးဆပ်ရမည့်အချိန်ဖြစ်ကြောင်း ဩစတြေးလျဝန်ကြီးချုပ် တိုနီအဘော့က ယခုရက်သတ္တပတ်အတွင်း ပြောကြားခဲ့ကြောင်း သိရသည်။ ၂၀၀၅ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံမှ ဩစတြေးလျနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၃ သန်းတန်ဖိုးရှိ ဘိန်းဖြူများ မှောင်ခိုတင်သွင်းရန်ကြိုးပမ်းခဲ့သည့် ဩစတြေးလျနိုင်ငံသား ကိုးဦးအား ဘာလီမြို့တွင် ဖမ်းဆီးခဲ့သည်။ ၎င်းတို့အား ပြန်လည်လွှတ်ပေးရန် ဝန်ကြီးချုပ်ကတောင်းဆိုခဲ့သည်။

ဩစတြေးလျဝန်ကြီးချုပ်၏တောင်းဆိုမှုကို ခါးခါးသီးသီးငြင်းပယ်သည့်အနေဖြင့် အင်ဒိုနီးရှားပြည်သူများက အကြွေးပြန်ဆပ်ရန် အကြွေစေ့များ စုဆောင်းလျက် ဆန္ဒထုတ်ဖော်နေကြသည်။

**ရိုက်တာ။**

# ပါရီမြို့တွင် ပဟေဠိဆန်သော ဒရုန်းလေယာဉ်များကို ရုပ်ရှင်ရိုက်ကူးခဲ့သည့် အယ်လ်ဂျာဇီးယားသတင်းထောက်များအား ဖမ်းဆီး

**ပါရီ ဖေဖော်ဝါရီ ၂၆**

ပြင်သစ်နိုင်ငံ ရဲတပ်ဖွဲ့က မောင်းသူမဲ့ လေယာဉ်များ ဖြတ်သန်းပျံသန်းခွင့် မပြုသည့် မြို့တော်ပါရီရှိ ဘိုဟစ်ဒိုဘိုလောင်ဂီး ဒေသအား မောင်းသူမဲ့လေယာဉ်များ ဖြတ်သန်းပျံသန်းစေခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် အယ်လ်ဂျာဇီးယား ရုပ်သံလွှင့်သတင်းဌာနမှ သတင်းထောက်သုံးဦးအား ဖမ်းဆီးလိုက်ကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ပြင်သစ်နိုင်ငံ မြို့တော်ပါရီ၏ ကောင်းကင်ယံ၌ ယမန်နေ့က ပျံသန်းခဲ့သော မောင်းသူမဲ့ လေယာဉ်များ ပျံသန်းမှုနှင့် အယ်လ်ဂျာဇီးယား ရုပ်မြင်သတင်းဌာန၏ သတင်းထောက်များ ဖမ်းဆီးခံရမှုမှာ ဆက်နွယ်မှု လုံးဝမရှိကြောင်း ပြင်သစ်နိုင်ငံအစိုးရ တရားစွဲဆိုရေးဆိုင်ရာ ပုဂ္ဂိုလ်က ပြောကြားသည်။

ပြင်သစ်နိုင်ငံ မြို့တော်ပါရီရှိ ကောင်းကင်ယံ၌ မကြာသေးမီက ဖြစ်ပွားခဲ့သော မောင်းသူမဲ့ လေယာဉ်များ၏ ညပိုင်းအချိန် ဖြတ်ကျော်ပျံသန်းမှုကို ရုပ်ရှင်ရိုက်ကူးမှုကြောင့် ၎င်းသတင်းထောက်များအား ဖမ်းဆီးခြင်းဖြစ်ကြောင်း အယ်လ်ဂျာဇီးယားရုပ်မြင်သံကြား သတင်းဌာနက ပြောကြားသည်။

အဆိုပါမောင်းသူမဲ့ လေယာဉ်များသည် ဖေဖော်ဝါရီ ၂၃ ရက် ညတွင် ပါရီမြို့တော်ရှိ အထင်အရှား အမှတ်အသားများအပေါ် ဒုတိယညအဖြစ် ဖြတ်ကျော်ခဲ့ကြောင်းနှင့် မြို့တော်ပါရီအပေါ် ဖြတ်ကျော် ပျံသန်းမှုများအား ခွင့်ပြုချက်မဲ့ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ဖေဖော်ဝါရီ ၂၃ ရက်နှင့် ၂၄ ရက်များတွင် ပြင်သစ်နိုင်ငံ ပါရီမြို့ ကောင်းကင်၌ အမျိုးအမည်ခွဲခြားရန်ခက်ခဲသော ဒရုန်းလေယာဉ်များ ပျံသန်းသွားလာခဲ့မှုနှင့်ပတ်သက်၍ တာဝန်ရှိသူများက လုံခြုံရေးခြိမ်းခြောက်မှု ရှိ၊ မရှိ စုံစမ်းထောက်လှမ်းလျက်ရှိသည်။

ဒရုန်းလေယာဉ် ငါးစင်းကျော်သည် အမေရိကန်သံရုံး၊ အီဖယ်လ်မျှော်စင်နှင့် ပါရီမြို့လယ်လမ်းမကြီးများအပါအဝင် မြို့အဝင်ဂိတ်ပေါက်များအထက်တွင် ဝဲပျံနေသည်ကိုမြင်တွေ့ရကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

ဒရုန်းလေယာဉ်များကို မည်သူများထိန်းချုပ်ပျံသန်းခဲ့သလဲဆိုသည်ကို စုံစမ်းလျက်ရှိကြောင်း လုံခြုံရေးအရာရှိများကဆိုသည်။

“အခုလို ဒရုန်းလေယာဉ်တွေ ကောင်းကင်မှာ ဥဒဟိုသွားနေတာဟာ ပထမအကြိမ်မဟုတ်တော့ပါဘူး။ ယခင်ကလည်း ဒရုန်းလေယာဉ်တွေ ပျံသန်းတာ တွေ့မြင်နေရပါတယ်” ဟု ပြင်သစ်အာဏာပိုင်များက ပြောကြားခဲ့သည်။

အောက်တိုဘာလတွင် ဒရုန်းလေယာဉ်များ ကောင်းကင်ယံတွင် ပျံသန်းခဲ့မှုကြောင့် ပြင်သစ်လုံခြုံရေးအရာရှိများ တပ်လှန့်ခဲ့ရသည်။ နိုင်ငံပိုင်အဏုမြူစွမ်းအင်ကုမ္ပဏီတစ်ခုက အဏုမြူစွမ်းအင်စက်ရုံ ခုနစ်ရုံ၏ ကောင်းကင်ယံတွင် ပျံသန်းနေသည့် ယင်းဒရုန်း လေယာဉ်များအား စောင့်ကြည့်ထောက်လှမ်းခဲ့သည်။ ဒရုန်းလေယာဉ်အရေအတွက် အစင်း ၂၀ ခန့်ရှိပြီး အောက်တိုဘာလမှ နိုဝင်ဘာလထိ ကောင်းကင်ယံတွင် ပျံသန်းနေခဲ့ကြောင်း သိရသည်။

ဇန်နဝါရီလက မောင်းသူမဲ့ လေယာဉ်တစ်စင်းသည် ပါရီမြို့တော် သမ္မတအိမ်တော်အထက် ကောင်းကင်ယံတွင် ပျံသန်းခဲ့သည်။ ဇန်နဝါရီလတွင်ဖြစ်ပွားခဲ့သည့် ချားလ်စ်ဟတ်ဒိုလ် မဂ္ဂဇင်းတိုက် တိုက်ခိုက်ခံရမှုကြောင့် နိုင်ငံတွင်း လုံခြုံရေးတင်းကျပ်စွာ ချထားသည့် အချိန်တွင် မောင်းသူမဲ့ လေယာဉ်များ ပိုမိုပျံသန်းလာမှုများ ရှိလာခဲ့သည်။

ပြင်သစ်နိုင်ငံတွင် နျူကလီးယားစက်ရုံကဲ့သို့သော အရေးကြီးသည့်ဧရိယာများတွင် မောင်းသူမဲ့လေယာဉ် ပျံသန်းခွင့်ကို တားမြစ်ပိတ်ပင်ထားကြောင်းသိရသည်။ **ရိုက်တာ။**



# အာရှထိပ်တန်းအမျိုးသမီး စီးပွားရေးလုပ်ငန်းရှင် ၅၀ စာရင်းတွင် တရုတ်အမျိုးသမီး အများဆုံးပါဝင်

**မနီလာ ဖေဖော်ဝါရီ ၂၆**

တရုတ်အမျိုးသမီး အမှုဆောင်များသည် ဖော့ဘိစ်မဂ္ဂဇင်း၏ “အာရှထိပ်တန်းအမျိုးသမီးစီးပွားရေးလုပ်ငန်းရှင် ၅၀ ” ယခုနှစ်စာရင်းတွင် အများဆုံးနေရာယူထားကြောင်း အမေရိကန်စီးပွားရေးမဂ္ဂဇင်းက ဖေဖော်ဝါရီ ၂၆ ရက်တွင် ပြောကြားသည်။ အဆိုပါစာရင်း၌ အလီဘာဘာ၏ ထိပ်တန်းအမျိုးသမီး ဆုံးဖြတ်ချက်ချမှတ်သူ မက်ဂီဝူနှင့် လူစီပန်တို့အပါအဝင် တရုတ်အမျိုးသမီး ၁၄ ဦးအထိ ပါဝင်နေသည်။

ဝူမှာ အွန်လိုင်းကုမ္ပဏီကြီး CFO နှင့် IPO ကို အဓိက စီမံခန့်ခွဲနေသူဖြစ်ပြီး ပန်မှာ အလီဘာဘာ ပူးတွဲတည်ထောင်သူနှင့် အလျင်အမြန်ဖွံ့ဖြိုးနေသည့် Ant ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းအား နောက်ကွယ်မှ အဓိကဦးဆောင်နေသူဖြစ်ကြောင်း ဖော့ဘိစ်အာရှမဂ္ဂဇင်းက ပြောကြားသည်။ အခြားတရုတ်စီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများတွင် Foshan Haitian Flavoring & Food မှ ဒုတိယ ဥက္ကဋ္ဌ ချန်ရှူးနှင့် တရုတ်နိုင်ငံရှိ တက္ကဆီအငှားလုပ်ငန်းတစ်ခုဖြစ်သည့် Didi Dache မှ ဥက္ကဋ္ဌ ဂျင်းလျူတို့ ပါဝင်သည်။

ဖော့ဘိစ်အာရှမဂ္ဂဇင်း၏အဆိုအရ ယင်းစာရင်းပါဝင်သူများသည် အာရှစီးပွားရေးကမ္ဘာတွင် တက်ကြွသူဖြစ်ရမည့်အပြင် သိသာထင်ရှားသော စီးပွားရေးအင်အားနှင့် ဘဏ္ဍာရေးဆိုင်ရာ အရင်းအနှီး ပိုင်ဆိုင်သူဖြစ်ရမည်ဟုဆိုသည်။ ယခုနှစ်စာရင်းတွင် နိုင်ငံပေါင်း ၁၆ နိုင်ငံကိုယ်စားပြုရွေးချယ်ထားသည်။ အိန္ဒိယနိုင်ငံမှ ခြောက်ဦး၊ ထိုင်းနိုင်ငံမှ ငါးဦး၊ စင်ကာပူနိုင်ငံမှ လေးဦးနှင့် ဖိလစ်ပိုင်နိုင်ငံမှသုံးဦး ပါဝင်သည်။ မွန်ဂိုလီးယားနှင့် မြန်မာနိုင်ငံတို့လည်း အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်များစာရင်းတွင် ပထမဆုံးအကြိမ် ပါဝင်လာသည်ကိုတွေ့ရသည်။

**ဆင်ဟွာ။**



## တပ်မတော်သားများအတွက် အလှူငွေလှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ဖေဖော်ဝါရီ ၂၂ ရက်က တောင်ဥက္ကလာပမြို့နယ် (၃)ဂိတ်ဟောင်းအနီး (၁၄/၂)ရပ်ကွက် သံသုမာလမ်း အမှတ်(၄)နေ ဦးသန်းဝင်း-ဒေါ်တင်တင်ခိုင် ငွေတောင် တရုတ်အစားအစာမျိုးစုံ မိသားစုက ငွေကျပ်သိန်း ၅၀ နှင့် ဆိုင်ဝန်ထမ်းများက ငွေကျပ် ၁၅၅၅၀၀၀ စုစုပေါင်းအလှူငွေကျပ် ၆၅၅၅၀၀၀ ကို ကုန်းမြင့်သာရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် အလှူခံဌာနတွင် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

## လောက်ကိုင်ဒေသမှ တိုက်ပွဲရှောင်ပြည်သူများ နတ်တလင်းမြို့သို့ ရောက်ရှိ

**နတ်တလင်း ဖေဖော်ဝါရီ ၂၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့သို့ ပြည်မြို့နယ်မော်တော်ယာဉ်ကြီးကြပ်မှုကော်မတီမှ ရုံးအုပ် ဦးစိုးတင့်ဦးဆောင်၍ ဒိုင်နာကားနှစ်စီးဖြင့် လောက်ကိုင်ဒေသမှ တိုက်ပွဲရှောင်လာသောပြည်သူတို့သည် ယနေ့ညနေ ၄ နာရီ ၄၅ မိနစ်တွင် နတ်တလင်းမြို့သို့ ရောက်ရှိလာရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်နှင့် တာဝန်ရှိသူများက နွေးထွေးစွာကြိုဆိုကြပြီး နေရာချထားပေး၍ သက်ဆိုင်ရာဆွေမျိုးသားချင်းရှိသော ကျေးရွာများသို့ ကျေးရွာအုပ်ချုပ်ရေးမှူးများအားခေါ်ယူကာ ပို့ဆောင်ပေးခြင်း၊ ဟိတကာရီအသင်းမှလည်း ကားများဖြင့် ကျေးရွာများအရောက်ပို့ဆောင်ပေးခြင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးကလည်း တိုက်ပွဲရှောင်ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ စားဝတ်နေရေး စသည့်လိုအပ်သည်များကို ဆက်လက်၍ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အားပေးစကားပြောကြားသည်။ လောက်ကိုင်ဒေသ တိုက်ပွဲရှောင်ပြည်သူများထဲမှ တာပွန်ကျေးရွာအုပ်စုမှ တစ်ဦး၊ ဖလံကုန်းကျေးရွာအုပ်စုမှ တစ်ဦး၊ ဇီးပင်ကွေ့ကျေးရွာအုပ်စုမှ လေးဦး၊ ကြိုးကြာကံကျေးရွာအုပ်စုမှ ငါးဦးနှင့် ပန်းတင်ကြီးကျေးရွာ အုပ်စုမှ ၃၁ ဦး စုစုပေါင်း ၄၂ ဦးရှိပြီး နေရပ်ဒေသများသို့ ချောမောစွာပြန်လည်ရောက်ရှိရေး သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဆက်သွယ်ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**(၀၇၁)**



## ကြည့်မြင်တိုင် မီးဘေးသင့်ပြည်သူများအတွက် ကျေးရွာပြန်လည်ထူထောင်တည်ဆောက်ရေး ထောက်ပံ့လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် တစ်ဖက်ကမ်းဘလုတ်ညွန့်ရပ်ကွက် ကန်သာအေး(၁)လမ်း၌ မီးဘေးသင့်ဆုံးရှုံးခဲ့သော နေအိမ် ၁၆၀ မှ မိသားစု ၂၀၀ ကျော်အား ဖေဖော်ဝါရီ ၁၆ ရက်တွင် Marga Landmark ၏ Dagon City 1 မှ အထောက်အကူ ပစ္စည်းများအပါအဝင် စောင်နှင့်သောက်သုံးရေများကို ထောက်ပံ့ပေးခဲ့သည်။

"ကျွန်တော်တို့ မီးဘေးဒုက္ခသည်တွေရဲ့ အခက်အခဲတွေကို ပြေလည်စေချင်ပါတယ်။ တတ်နိုင်သလောက် ကူညီပေးချင်ပါတယ်။ ဘေးအန္တရာယ်နဲ့ ကြုံတွေ့ခဲ့ရတဲ့ ဒေသခံတွေအနေနဲ့ လုံခြုံစိတ်ချစွာသူတို့ရဲ့ လူနေမှုဘဝတွေနဲ့ အိုးအိမ်အဆောက်အအုံတွေကို ပြန်လည်တည်ထောင်နိုင်ဖို့ ကျွန်တော်တို့အနေနဲ့ လျင်လျင်မြန်မြန်နဲ့အတတ်နိုင်ဆုံး ကူညီပေးဖို့လိုအပ်ပါတယ်" ဟု Marga Group ၏ Director Mr. John Barnes က ပြောကြားသည်။

ယာယီကယ်ဆယ်ရေးစခန်းတည်ရှိရာ ကန်သာအေးဘုန်းတော်ကြီးကျောင်းဓမ္မာရုံနှင့် ခါတော်မီဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတို့သို့ Marga Landmark မှ အကြီးတန်းအဖွဲ့နှင့် ဝန်ထမ်းများက အဝတ်အထည်၊ အစားအသောက်နှင့်လိုအပ်သောအထောက်အပံ့ပစ္စည်းများ သွားရောက်လှူဒါန်းခဲ့သည်။

"ဒီလိုအဖြစ်အပျက်တွေ ကြားရတာ စိတ်မကောင်း ဖြစ်မိပါတယ်။ ကျွန်မတို့ အတတ်နိုင်ဆုံးကူညီသွားဖို့ ရည်ရွယ်ပါတယ်။ ကျွန်မတို့ လုပ်ဖော်ကိုင်ဖက်များဆီက ငွေကျပ် လေးသိန်းခန့် လက်ခံရရှိခဲ့ပါတယ်" ဟု Dagon City 1 ၏ Admin Assistant Manager မဝတ်ရည်စိုးလှိုင်က ပြောသည်။ မီးဘေးသင့်ပြည်သူများအတွက် အထောက်အကူ ပစ္စည်းများအပြင် Marga Landmark က ငွေကျပ် ၁၂ သိန်းကို ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တသုမနအား လှူဒါန်းခဲ့သည်။

**(ကြေးမုံ)**

**❖ ကိုးကန့်သောင်းကျန်းသူများမှ**


ထိုသို့ ချောင်းမြောင်းတိုက်ခိုက်ရာတွင် ဖေဖော်ဝါရီ ၂၅ ရက်၌ လောက်ကိုင်အနောက်မြောက်ဘက်တစ်ဝိုက်တွင် တစ်ကြိမ်၊ ချင်းရွှေဟော်နှင့် လုံထန်ကျေးရွာကြားတွင် တစ်ကြိမ်၊ လောက်ကိုင်နှင့်ကုန်းကြမ်းကြား ၂၃ မိုင်အနီးတွင် တစ်ကြိမ်၊ နယ်မြေရှင်းလင်းလျက်ရှိသော တပ်မတော်စစ်ကြောင်းများအား ကိုးကန့်သောင်းကျန်းသူအင်အားစုအချို့တို့က အလစ်အငိုက်ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်လာသဖြင့်ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။

အလားတူ ယင်းနေ့ မွန်းလွဲပိုင်းတွင် လောက်ကိုင်ဒေသအတွင်း အင်အားဖြည့်တင်းရန် ချီတက်လျက်ရှိသော တပ်မတော်စစ်ကြောင်းအား KIA(ကချင်)၊ SSA (ဝမ်ဟိုင်း) လက်နက်ကိုင်အဖွဲ့တို့က နမ့်ဆလပ်အနီးတစ်ဝိုက်မှ လက်နက်ကြီး၊ လက်နက်ငယ်တို့ဖြင့် အလစ်အငိုက်ပစ်ခတ်တိုက်ခိုက်၍ ဆုတ်ခွာထွက်ပြေးရာ တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းလျက်ရှိသည်။

ထို့အပြင် ယနေ့နံနက်ပိုင်းတွင် လောက်ကိုင်အနီး မန်ချူးကျေးရွာ အရှေ့တောင်ဘက် လျှိုမြောင်ကြားကြံခင်းအနီး၌ နယ်မြေရှင်းလင်းလျက်ရှိသော တပ်မတော်စစ်ကြောင်းနှင့် ကိုးကန့်သောင်းကျန်းသူအင်အားစုအချို့တို့ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး ဆုတ်ခွာသွားရာ သောင်းကျန်းသူများနောက်သို့ လိုက်လံရှင်းလင်းလျက်ရှိသည်။

အထက်ပါ ဖြစ်စဉ်များတွင် သောင်းကျန်းသူထံမှ အလောင်းတစ်လောင်း၊ အမ် ၂၂ တစ်လက်၊ တရုတ်လက်ပစ်ဗုံး ငါးလုံး၊ ကျည်မျိုးစုံ ၂၈၆ တောင့်၊ MNDAA ဝတ်စုံ ၁၃ စုံတို့သိမ်းဆည်းရမိခဲ့ပြီး အရာရှိ/ စစ်သည် လေးဦး အသက်ပေးလှူခဲ့ကာ သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**




## လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်းဖွင့်

**ပေါက်ခေါင်း ဖေဖော်ဝါရီ ၂၆**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် ကျေးလက်နေတောင်သူလယ်သမားများ လယ်ယာသုံးစက်ကိရိယာများ စနစ်တကျ ကိုင်တွယ်မောင်းနှင်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်နိုင်စေရန်အတွက် တောင်သူပညာပေးလယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုအခြေခံသင်တန်းကို ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် အမှတ် (၅၈) စက်မှုလယ်ယာစခန်း၌ ဖေဖော်ဝါရီ ၂၃ ရက်က ဖွင့်လှစ်ခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်မောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးတင်ကိုက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် ထွန်စက်နှင့် ထွန်စက်ကိရိယာများ၏ အခြေခံသဘောတရားများနှင့် ထွန်ယက်မှုဘာသာရပ်၊ လက်တွန်းထွန်စက်များ၏ စက်မှုပိုင်းဆိုင်ရာအချက်အလက်များ၊ စပါးခြွေစက်အသုံးပြုနည်းနှင့် ထွန်စက်မောင်းနှင်ခြင်း၊ လက်တွေ့မောင်းနှင်ခြင်းပုံစံအဆင့်ဆင့်တို့အား စာတွေ့၊ လက်တွေ့ပေါင်းစပ်သင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ အင်ငါးခွ၊ ငါးခူအိုင်၊ မစိုးရိမ်၊ ရွာရှည်၊ ချောင်းကောင်း၊ သပြေတောင်အုပ်စုများမှ တောင်သူသင်တန်းသား ၃၀ တက်ရောက်ကြပြီး သင်တန်းကာလ နှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(၄၉၇)**

လယ်ယာစပါး ပြည့်အားထား
တားဆီးကာကွယ် မီးရန်စွယ်

# စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းများသိမ်းဆည်းရမိ



**စိုင်းထွန်းခင် (ခ) စံခင်အား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

မူးယစ်တပ်ဖွဲ့စု(၂၃)တန့်ယန်းမှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၁ ရက်က တန့်ယန်းမြို့နယ် ဝမ်နားကျေးရွာအနီး မိုင်းကောင်-တန့်ယန်းလမ်းမပေါ်တွင် မိုင်းကောင်ကျေးရွာဘက်မှ တန့်ယန်းဘက်သို့ စိုင်းထွန်းခင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အားစစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် အစစ်ဆေးမခံဘဲ ဆိုင်ကယ်ကို လမ်း၏ယာဘက်သို့ ထိုးဆင်း၍ ၎င်းလွယ်ထားသည့် လွယ်အိတ်ကို ပစ်ချထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာဖမ်းဆီးရမိပြီး ပစ်ချခဲ့သည့် လွယ်အိတ်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ သိမ်းဆည်းရမိသဖြင့် စိုင်းထွန်းခင် (ခ)စံခင် (၄၄) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

မူးယစ်တပ်ဖွဲ့စု (၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၂၁ ရက်က မိုးကောင်းမြို့နယ် ဆားမော်ကျေးရွာ ရပ်ကွက်(၃)နေ သိန်းဟန်၏ နေအိမ်ကိုရှာဖွေရာ နေအိမ်အောက်မြေကြီးအတွင်းမှ ကော်ဘူးဖြင့်ထည့်ထားသည့် အဝတ်ဘိန်း ၁ ဒသမ ၅၀၅ ကီလို၊ နေအိမ်ခေါင်းရင်းဝါးထရံကြားမှ ပလတ်စတစ်ဖြင့်ထည့်ထားသည့် အဝတ်ဘိန်း သုည ဒသမ ၀၄ ကီလိုနှင့် အိမ်သာတိုင်ကြားမှ ပလတ်စတစ်ဖြင့် ထည့်ထားသည့် အဝတ်ဘိန်း သုည ဒသမ ၀၃ ကီလို စုစုပေါင်း အဝတ်ဘိန်း ၁ ဒသမ ၅၇၅ ကီလို သိမ်းဆည်းရမိသဖြင့် သိန်းဟန် (၅၆)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

မူးယစ်တပ်ဖွဲ့စု(၂၉) မိုင်းဆတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၁ ရက်က မိုင်းဆတ်မြို့နယ် မိုင်းခုတ်မြို့ လွယ်ဆောင်ကျေးရွာအုပ်စု နားလည်ကျေးရွာနေ မအားချူးရာ၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ ဖခင်ဖြစ်သူ အားဘီအားတွေ့ရှိပြီး မအားချူးရာ၏ လည်ပင်း၌ဆွဲထားသည့် ပုတီးကုံးနှင့်တွဲလျက် အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈ ပြား၊ အားဘီဝတ်ဆင်ထားသည့် ဘောင်းဘီဝဲဘက်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၇၈ ပြားနှင့် အားဘီထိုင်နေသည့် ဘေးကြမ်းခင်းပေါ်မှ ဘိန်းမည်း သုည ဒသမ ၀၁၆၃၃ ကီလိုတို့ကို သိမ်းဆည်းရမိသဖြင့် မအားချူးရာ (၁၈)နှစ်နှင့် အားဘီ (၄၅)နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(မူးယစ်ဗဟို)**

■

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၂၇-၂-၂၀၁၅ (သောကြာနေ့)

| | |
|---|---|
| ၆း၀၀ | အဖွင့် -ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ ဂီတရိပ်သာ (အပိုင်း-၁) |
| ၆း၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီထဲကတေးကဗျာ" (အပိုင်း-၅၉) |
| ၆း၄၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီထဲကတေးကဗျာ' (အပိုင်း-၆၀) |
| ၇း၁၀ | ရောင်စုံရေးသီတေးပန်းချီ |
| ၇း၃၀ | "မဟော်သဓာ"(အပိုင်း-၈) |
| ၈း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ညသူရဲကောင်း" (အပိုင်း-၃) |
| ၈း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီပန်းတစ်ပွင့်" (အပိုင်း-၄) |
| ၉း၃၅ | တေးဂီတအစီအစဉ် |
| ၉း၅၀ | ASEAN CULTURAL FAIR 2014 |
| ၁၀း၁၀ | မြန်မာဗီဒီယိုဇာတ်လမ်း "ဝိညာဉ်လိပ်ပြာ" (လူမင်း၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ညဏတင်စိုး) |

တစ်နေ့ ၆ နာရီစာ လေးကြိမ်ပြသပါမည်။

**လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ**



**နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညို လမ်းမကြီး သပြေကုန်းအဝိုင်းအနီး မင်္ဂလာကန်အနီး၌ ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက မြို့မဈေးဘက်မှ သပြေကုန်းအဝိုင်းဘက်သို့ ယာဉ်မောင်း ဦး. . . . မောင်းနှင်လာသော 4A/. . . . Master Ace ယာဉ်မှာ ဘက်ထရီခေါင်းချောင်ပြီး ဝါယာရှော့ခ်ဖြစ်၍ မီးလောင်မှုဖြစ်ပွားရာ ကားတစ်စီးလုံး လောင်ကျွမ်းသည်ကို တွေ့ရစဉ်။**

ကျော်သူရ(နေပြည်တော်)

MST School of ICT Networking
Your Success, Our Destination

**HND DIPLOMA IN COMPUTING : NETWORK**

မြန်မာနိုင်ငံ၏ ပထမဦးဆုံး နိုင်ငံတကာအသိအမှတ်ပြု

SQA: UK DIPLOMA
SQA APPROVED CENTRE (NO.3017923)

**နည်းပညာ နှင့် ပညာရေးဆွေးနွေးပွဲ**

Open Doors Around The World. Be Competitive Network Professional for Brighter Life.

SQA (HND: UK) နှင့် EC Council (USA) တို့မှ အသိအမှတ်ပြုခံရသည့် M.S.T Institute မှ ဦးစီးပြီး နိုင်ငံတကာအသိမှတ်ပြု ICT ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများအကြောင်း ဆွေးနွေးပွဲသို့ ဘဝရည်မှန်းချက်ကြီးသူများ ပညာနှင့် အလုပ်အကိုင်ကို အာသီသပြင်းပြသူများ၊ ဖေခွဲမရသူများ၊ သားသမီးများ အနာဂတ်အတွက် ခိုင်မာသော ပညာရေးလမ်းကြောင်း ဖန်တီးပေးလိုသူ မိဘများနှင့် IT/ Network စိတ်ဝင်စားသူတိုင်း (အခမဲ့) တက်ရောက်နိုင်ပါသည်။ (ပညာသင်ဆု အပါအဝင် အခြားခံစားခွင့်များ) ရရှိပါမည်။

နေ့ : ၁. ၃. ၂၀၁၅ ၊ အချိန် : ၁ နာရီ မှ ၃ နာရီ **Phone: 392165,392983,09-5126108**

နေရာ : Myanmar Infotech (MICT), Main Building (Conference Hall), Hlaing Township, Yangon.

Address: No.184, Room No.5,3rd Floor (Right), Bo Aung Kyaw Rd. Botathaung Township,Yangon.

**ရွှေအလင်းရောင်(မျက်စိ)ဖောင်ဒေးရှင်း၏ (၂၀၁၅)ခုနှစ် ရန်ပုံငွေပြက္ခဒိန် ဝယ်ယူလှူဒါန်းသူများအတွက် ကံစမ်းမဲ(လက်ဆောင်)ဖွင့်ပွဲရက် ပြောင်းလဲသတ်မှတ်ခြင်းအား အသိပေးကြေညာခြင်း**

ရွှေအလင်းရောင်(မျက်စိ)ဖောင်ဒေးရှင်း၏ နှစ်စဉ်ထုတ်ဝေလျက်ရှိသော ငွေကြေးချို့တဲ့သူ မျက်စိဝေဒနာရှင်များအား လှူဒါန်းရန် 2015 ခုနှစ် ရန်ပုံငွေပြက္ခဒိန် ဝယ်ယူလှူဒါန်းသူများ၏ ကံစမ်းမဲ(လက်ဆောင်) ဖွင့်ပွဲ အခမ်းအနားအား 1-3-2015 ရက်တွင်ဖွင့်လှစ်မည် သတ်မှတ်ထားသော်လည်း မဲလက်မှတ်များ စုံလင်စွာ မရောက်ရှိသေးပါသဖြင့် 21-3-2015 ရက်(စနေနေ့)သို့ပြောင်းလဲ၍ ဖောင်ဒေးရှင်းအစီအစဉ်ဖြင့် ရုံးခန်း၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ပေါက်မဲများအား 25-3-2015ရက်တွင် ယခင်နှစ်များနည်းတူ ကြေးမုံနှင့်မြန်မာ့အလင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ဖောင်ဒေးရှင်း ရုံးခန်းသို့လည်း ရုံးချိန်အတွင်း ဖုန်းဖြင့်ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ရွှေအလင်းရောင်(မျက်စိ)ဖောင်ဒေးရှင်း
အမှတ်(၈၀)၊၅လွှာ၊ (၅၆)လမ်း (လမ်းတို)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
**Ph-01-397690,09-73143606**

ပညာရေးဝန်ကြီးဌာန ကိုယ်ပိုင်အထက်တန်းကျောင်း မှတ်ပုံတင်အမှတ် - ကက - ၁၃/၄၁/၀၇၁ (လှိုင်) မှတ်ပုံတင်အမှတ်- ကက - ၁၃/၁၅/၀၃၄ (တာမွေ)

ICEC IDEAL CLASS EDUCATION CENTRE

**သူငယ်တန်း မှ တက္ကသိုလ်ဝင်တန်းအထိ**





**ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် အဆင့်မြင့်ပညာရေးဘော်ဒါ**

**၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံနေပါပြီ။**

စံပညာ့ရှိပ်သာ မြေအမှတ်(၂)၊ ရွာမကျောင်းလမ်း၊ ဗဟိုလမ်းအနီး၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ E-mail:proayekyaw@gmail.com
Tel :09-795886818, 09-255965938,09-300 59147, 09-300 59148, 09-51 96433

စံပြကျောင်း (A-5)၊ မေတ္တာရိပ်မွန်အိမ်ရာ၊ သမိန်ဗရမ်းလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
Tel : 09 731 66911, 09-255965939, 09-731 62577, 09 799 643183, 09-51 55830

# ယှဉ်ပြိုင်မှု ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

## အခန်း (၆)
## စုံစမ်းစစ်ဆေးရေးကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၁။ ကော်မရှင်သည် -

(က) စုံစမ်းစစ်ဆေးရေးကော်မတီကို ကော်မတီဝင် အနည်းဆုံး ငါးဦး၊ အများဆုံးကိုးဦးဖြင့် ဖွဲ့စည်းရမည်။ ယင်းတို့အနက်မှ သင့်လျော်သူတစ်ဦးကို ကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းရာတွင် ကော်မတီဝင်များသည် စီးပွားရေးပညာရပ်၊ ဥပဒေပညာရပ်၊ ကုန်သွယ်ရေးပညာရပ်နှင့် သက်ဆိုင်ရာ အခြားပညာရပ်များတွင် အတွေ့အကြုံနှင့် ဗဟုသုတရှိသူ ဖြစ်ရမည်။

(ဂ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းရာတွင် စုံစမ်းစစ်ဆေးရေး ကော်မတီဝင်အဖြစ် ဆောင်ရွက်သူသည် စုံစမ်းစစ်ဆေးရမည့် စီးပွားရေးလုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း သက်ဆိုင်သူ မဖြစ်စေရ။

(ဃ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော စုံစမ်းစစ်ဆေးရေးကော်မတီကို လိုအပ်သလို ပြင်ဆင် ဖွဲ့စည်းနိုင်သည်။

၁၂။ စုံစမ်းစစ်ဆေးရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စုံစမ်းစစ်ဆေးရေးကိစ္စရပ်များအတွက် လိုအပ်သည့် သက်သေခံအထောက်အထား၊ စာရွက်စာတမ်း၊ ငွေရေးကြေးရေးအထောက်အထားများနှင့် ခိုင်လုံသော အကျိုးအကြောင်း ဖော်ပြချက်များ တောင်းယူစစ်ဆေးခြင်း၊ လိုအပ်သော သက်သေများကို ခေါ်ယူမေးမြန်းခြင်း၊

(ခ) ပုဒ်မခွဲ(က)ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လိုက်နာရန် ပျက်ကွက်ပါက အရေးယူဆောင်ရွက်မှုပြုနိုင်ရန် ကော်မရှင်မှတစ်ဆင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများသို့ တင်ပြခြင်း၊

(ဂ) စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူ သို့မဟုတ် စုံစမ်းစစ်ဆေးခြင်းခံရသူ သို့မဟုတ် ယင်းတို့နှင့်ဆက်စပ် ပါဝင်နိုင်ဖွယ်ရှိသော ပုဂ္ဂိုလ်တစ်ဦးဦး၏ အဆောက်အအုံ၊ မြေ၊ လုပ်ငန်းနေရာတို့ကို ဥပဒေနှင့်အညီ ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်းနှင့် ရှာဖွေခြင်း၊

(ဃ) စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာများနှင့် ဤဥပဒေအရ လိုအပ်သော အရေးယူဆောင်ရွက်မှုများကို ပြုနိုင်ရန် ကော်မရှင်သို့ တင်ပြခြင်း၊

(င) လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ၎င်းတို့၏ လုပ်ငန်းတာဝန်များကိုသတ်မှတ်ခြင်း။

(စ) လုပ်ငန်းအဖွဲ့များ၏ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာများကို လက်ခံစစ်ဆေး ဆောင်ရွက်ခြင်း။

## အခန်း (၇)
## ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သော ဆောင်ရွက်ချက်

၁၃။ မည်သူမျှယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သော ဆောင်ရွက်ချက်ကို ဖြစ်ပေါ်စေသည့် အောက်ပါဆောင်ရွက်မှုတစ်ခုခုကို မပြုရ -

(က) ဝယ်ယူသည့်ဈေးနှုန်း သို့မဟုတ် ရောင်းချသည့်ဈေးနှုန်း သို့မဟုတ် အခြားကုန်သွယ်ရောင်းဝယ်သည့် အခြေအနေများ၌ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဈေးနှုန်းညှိနှိုင်း သတ်မှတ်ခြင်း၊

(ခ) ဈေးကွက်အတွင်း ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သည့် သဘောတူညီချက်များပြုလုပ်ခြင်း၊

(ဂ) မိမိ၏ စီးပွားရေးလုပ်ငန်းသည် သက်ဆိုင်ရာဈေးကွက်အတွင်း လွှမ်းမိုးထားနိုင်သည့် အခြေအနေအပေါ် အခွင့်အရေးယူ၍ အလွဲသုံးစားမှုပြုခြင်း၊

(ဃ) တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အဖွဲ့အစည်းကဖြစ်စေ ဈေးကွက် ကန့်သတ်ထိန်းချုပ်မှုကို ဆောင်ရွက်ခြင်း၊

(င) ဈေးကွက် သို့မဟုတ် ထောက်ပံ့မှု အရင်းအမြစ်များကိုမျှဝေရန် ကန့်သတ်တားဆီးခြင်း၊

(စ) ထုတ်လုပ်မှု၊ ဈေးကွက်ရရှိမှု၊ နည်းပညာနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှု၊ ရင်းနှီးမြှုပ်နှံမှုတို့ကို ကန့်သတ်ခြင်း သို့မဟုတ် ထိန်းချုပ်ခြင်း၊

(ဆ) တင်ဒါ သို့မဟုတ် လေလံဆွဲရာတွင် ညှိနှိုင်းသတ်မှတ်ခြင်း။

၁၄။ ကော်မရှင်သည် ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သည့် သဘောတူညီချက်များနှင့်စပ်လျဉ်း၍ စားသုံးသူတို့ကို စရိတ်လျော့နည်းစေရန် ရည်ရွယ်ဆောင်ရွက်သည့် အောက်ပါကိစ္စရပ်တစ်ခုခုတွင် အကျုံးဝင်ပါက တိကျသော ကာလတစ်ရပ်သတ်မှတ်၍ ကင်းလွတ်ခွင့်ပြုနိုင်သည် -

(က) လုပ်ငန်းစွမ်းဆောင်ရည် တိုးမြှင့်စေရန် စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းပုံစံတို့ကို ပြုပြင်ပြောင်းလဲခြင်း၊

(ခ) ကုန်စည်နှင့်ဝန်ဆောင်မှု အရည်အသွေးတိုးတက်စေရန် နည်းပညာနှင့် နည်းပညာအဆင့်မြင့်မားမှုကို တိုးတက်စေခြင်း၊

(ဂ) ကွဲပြားသောထုတ်ကုန်အမျိုးမျိုး၏ နည်းပညာဆိုင်ရာ စံချိန်စံညွှန်းများနှင့်အရည်အသွေးအဆင့်အတန်း တစ်ပြေးညီ တိုးတက်စေခြင်း၊

(ဃ) ဈေးနှုန်းနှင့်ဖြစ်စေ၊ ဈေးနှုန်းဆိုင်ရာ အချက်အလက်များနှင့်ဖြစ်စေ သက်ဆိုင်ခြင်းမရှိဘဲ စီးပွားရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ ကုန်စည်များ ဖြန့်ဖြူးခြင်းနှင့်ငွေပေးချေခြင်းကိစ္စများ တစ်ပြေးညီဖြစ်စေခြင်း၊

(င) အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ယှဉ်ပြိုင်မှုစွမ်းအားကို မြင့်မားစေခြင်း၊

(စ) နိုင်ငံတကာ ဈေးကွက်တွင် မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်မှုစွမ်းအားကို မြင့်မားစေခြင်း။

## အခန်း(၈)
## ယှဉ်ပြိုင်မှုတွင် ဈေးကွက်လက်ဝါးကြီးအုပ် ဆောင်ရွက်ခြင်း

၁၅။ မည်သည့်စီးပွားရေး လုပ်ငန်းလုပ်ကိုင်သူမျှ ဈေးကွက်လက်ဝါးကြီး အုပ်ဆောင်ရွက်ခြင်းကို ဖြစ်ပေါ်စေသည့် အောက်ပါဆောင်ရွက်မှု တစ်ခုခုကို မပြုရ-

(က) ကုန်စည်ဝယ်ယူသည့် ဈေးနှုန်း သို့မဟုတ် ကုန်စည် ရောင်းချသည့် ဈေးနှုန်း သို့မဟုတ် ဝန်ဆောင်မှုအတွက် အခကြေးငွေကို ထိန်းချုပ်ထားခြင်း၊

(ခ) ဈေးနှုန်းထိန်းချုပ်ရန် ရည်ရွယ်ချက်ဖြင့် ဝန်ဆောင်မှုကိုဖြစ်စေ၊ ထုတ်လုပ်မှုကိုဖြစ်စေ ကန့်သတ်ခြင်း သို့မဟုတ် ကုန်စည်ဝယ်ယူခြင်း၊ ရောင်းချခြင်းပြုရာတွင် အခွင့်အလမ်းများကို ကန့်သတ်ခြင်း သို့မဟုတ် အခြားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများက မဖြစ်မနေဆောင်ရွက်ရမည့် စည်းကမ်းချက်များကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း သတ်မှတ်ခြင်း၊

(ဂ) ဝန်ဆောင်မှု၊ ထုတ်လုပ်မှု၊ ဝယ်ယူမှု၊ ဖြန့်ဖြူးမှု၊ လွှဲပြောင်းပေးမှု သို့မဟုတ် တင်သွင်းမှုတို့ကို သင့်လျော်သည့် အကြောင်းပြချက်မရှိဘဲ ဆိုင်းငံ့ထားခြင်း၊ လျှော့ချခြင်း၊ ကန့်သတ်ခြင်း သို့မဟုတ် ဈေးကွက်ဝယ်လိုအားအောက် လျော့နည်းစေရေးအတွက် အရည်အသွေးကို လျှော့ချရန်အလို့ငှာ ကုန်စည်များကို ဖျက်ဆီးခြင်း၊ ပျက်စီးစေရန် ပြုလုပ်ခြင်း၊

(ဃ) အခြားစီးပွားရေးလုပ်ကိုင်သူများကို ဈေးကွက်အတွင်း ဝင်ရောက်မလာနိုင်စေရန်နှင့် ဈေးကွက်ဝေစုကို ထိန်းချုပ်ရန် အလို့ငှာ ကုန်စည်နှင့်ဝန်ဆောင်မှုများ ရောင်းဝယ်ဖောက်ကားမှု ပြုရာတွင် နယ်မြေဧရိယာ ထိန်းချုပ်ကန့်သတ်မှုပြုခြင်း၊

(င) အခြားသူ၏ စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရာတွင် တရားမျှတမှု မရှိဘဲ ဝင်ရောက်စွက်ဖက်ခြင်း။

၁၆။ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူသည် အခြားစီးပွားရေးလုပ်ငန်း တစ်ခုခု၏ အခြေအနေကိုထိန်းသိမ်းခြင်း သို့မဟုတ် စီးပွားရေးလုပ်ငန်း သစ်တစ်ခု ဖန်တီးခြင်းကို အကျိုးသက်ရောက်မှုရှိစေရန် ကော်မရှင်ခွင့်ပြုချက်ဖြင့် အောက်ဖော်ပြပါကိစ္စရပ်များကို ဆောင်ရွက်နိုင်သည် -

(က) အခြားစီးပွားရေး လုပ်ငန်းတစ်ခုခု၏ထုတ်လုပ်သူ၊ ဖြန့်ဖြူးသူ၊ ပံ့ပိုးကူညီသူတို့နှင့် ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်ခြင်း၊

(ခ) အခြားစီးပွားရေးလုပ်ငန်းတစ်ခုခု၏ ပိုင်ဆိုင်မှုပစ္စည်းများ သို့မဟုတ် အစုရှယ်ယာများ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ ဝယ်ယူခြင်း။

## အခန်း(၉)
## တရားမျှတမှု မရှိသော ယှဉ်ပြိုင်မှု

၁၇။ ဤဥပဒေအရ တရားမျှတမှုမရှိသော ယှဉ်ပြိုင်မှု အလို့ငှာ ဆောင်ရွက်ချက်တို့မှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) စားသုံးသူများ အထင်အမြင်လွဲမှားစေရန် ဆောင်ရွက်ခြင်း၊

( ခ) စီးပွားရေးလုပ်ငန်း လျှို့ဝှက်ချက်ကို ပေါက်ကြားစေခြင်း၊

(ဂ) စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူအချင်းချင်း အနိုင်အထက် ပြုလုပ်ခြင်း၊

(ဃ) အခြားစီးပွားရေးလုပ်ငန်း၏ နာမည်ဂုဏ်သတင်းကို ပျက်ပြားစေခြင်း၊

(င) အခြားစီးပွားရေးလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်မှုကို နှောင့်ယှက်ခြင်း၊

(စ) မျှတမှုမရှိသော ယှဉ်ပြိုင်မှုအလို့ငှာ ကြော်ငြာခြင်းနှင့် အရောင်းမြှင့်တင်ခြင်း၊

(ဆ) စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအကြား ခွဲခြားဆက်ဆံခြင်း၊

(ဇ) ထုတ်လုပ်မှုကုန်ကျစရိတ်အောက် လျော့နည်းသော ဈေးနှုန်းဖြင့်ဖြစ်စေ၊ ဆိပ်ကမ်းရောက်တန်ဖိုးအောက် လျော့နည်းသောဈေးနှုန်းဖြင့်ဖြစ်စေ ဈေးကွက်အတွင်း ရောင်းချခြင်း၊

(ဈ) မိမိလုပ်ငန်း၏အရှိန်အဝါဩဇာကို အလွဲသုံးစားပြုခြင်း၊ အခြားလုပ်ငန်းများနှင့် သဘောတူစာချုပ်ချုပ်ဆိုထားသူအား စာချုပ်ဖောက်ဖျက်ရန် ဆွဲဆောင်ခြင်း၊ လှုံ့ဆော်ခြင်း၊

(ည) ကော်မရှင်က စားသုံးသူများ၏ အကျိုးအတွက် လိုအပ် သည့်အခါတွင် သတ်မှတ်သည့် ယှဉ်ပြိုင်မှုတွင် မျှတမှုမရှိသော ဆောင်ရွက်ချက်ကို ပြုလုပ်ခြင်း။

၁၈။ မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှ စားသုံးသူများ အထင်အမြင်လွဲမှားစေသည့် အောက်ပါဆောင်ရွက်မှုတစ်ခုခုကို မပြုရ -

(က) တရားဝင်မှတ်ပုံတင်ထားသည့် ကုန်စည်အမည်၊ လုပ်ငန်းဆောင်ပုဒ်၊ အမှတ်တံဆိပ်၊ ထုပ်ပိုးမှု၊ ပထဝီဒေသဆိုင်ရာ အညွှန်းများနှင့် အခြားအရာများကို အထင်အမြင်လွဲမှားမှု ဖြစ်စေသည့် အချက်အလက်များကို အသုံးပြု၍ယှဉ်ပြိုင်ရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ခ) ပုဒ်မခွဲ(က)ပါသတင်းအချက်အလက်များကို အသုံးပြု၍ ကုန်စည်ထုတ်လုပ်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းစသည့် စီးပွားရေးလုပ်ငန်းကို လုပ်ဆောင်ခြင်း။

၁၉။ မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှ အခြားစီးပွားရေးလုပ်ငန်း တစ်ခုခု၏ လျှို့ဝှက်ချက်များကို ပေါက်ကြားစေခြင်းနှင့် စပ်လျဉ်း၍ အောက်ပါဆောင်ရွက်မှုတစ်ခုခုကို မပြုလုပ်ရ-

(က) စီးပွားရေးလုပ်ငန်းတစ်ခု၏ လျှို့ဝှက်ချက်များ၊ ယင်းလျှို့ဝှက်ချက်နှင့် သက်ဆိုင်သည့်သတင်းအချက်အလက်များကိုရယူခြင်း၊ စုဆောင်းခြင်းပြုလုပ်ရာတွင် အဆိုပါလျှို့ဝှက်ချက်များကို ဥပဒေအရ ပိုင်ဆိုင်သူများက ကာကွယ်ထားသည့် လုံခြုံရေးဆိုင်ရာအစီအမံများကို ချိုးဖောက်၍ ဆောင်ရွက်ခြင်း၊

(ခ) စီးပွားရေးလုပ်ငန်းလျှို့ဝှက်ချက်များကို ဥပဒေနှင့်အညီ ပိုင်ဆိုင်သူ၏ တရားဝင်ခွင့်ပြုချက်မရရှိဘဲ အသုံးပြုခြင်း သို့မဟုတ် ဖော်ထုတ်ခြင်း၊

(ဂ) စီးပွားရေးလုပ်ငန်း၏ လျှို့ဝှက်ချက်များ၊ ယင်းလျှို့ဝှက်ချက်နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို ရယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် ဖော်ထုတ်ခြင်းပြုရာတွင် ယင်းလျှို့ဝှက်ချက်ကို ထိန်းသိမ်းရန်တာဝန်ရှိသူ၏ယုံကြည်မှုရရှိရန် သွေးဆောင်ဖြားယောင်းခြင်း သို့မဟုတ် ယုံကြည်မှုအပေါ် အခွင့်အရေးရယူခြင်း၊

(ဃ) ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ နည်းလမ်းတကျ ဆောင်ရွက်သည့် အခြားပုဂ္ဂိုလ်များ ပိုင်ဆိုင်သော စီးပွားရေးလုပ်ငန်း၏ လျှို့ဝှက်ချက်များ၊ ထုတ်ကုန်ဖြန့်ဖြူးခြင်းများနှင့်ဆိုင်သော လုပ်ငန်းစဉ်များကို ပေါက်ကြားစေခြင်း၊

(င) နိုင်ငံပိုင်အဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသော လုံခြုံမှုဆိုင်ရာ အစီအမံများကို ချိုးဖောက်၍ စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များကို ပေါက်ကြားစေခြင်း၊

(စ) ပုဒ်မခွဲ(င)ပါ သတင်းအချက်အလက်များကို အသုံးပြု၍ စီးပွားရေးလုပ်ငန်းကိစ္စအတွက် ဆောင်ရွက်ခြင်း သို့မဟုတ် စီးပွားရေးလုပ်ငန်း လိုင်စင်ရယူရန် လျှောက်ထားခြင်း သို့မဟုတ် ကုန်စည်များ ဖြန့်ဖြူးခြင်း။

၂၀။ မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှ စားသုံးသူများကိုဖြစ်စေ၊ အခြားစီးပွားရေးလုပ်ငန်းနှင့် တွဲဖက်လုပ်ကိုင်သူများကိုဖြစ်စေ ထိုလုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းမပြုရန် သို့မဟုတ် ဆက်သွယ်ဆောင်ရွက်ခြင်းကို ရပ်စဲရန်ခြိမ်းခြောက်၍သော်လည်းကောင်း၊ အတင်းအကျပ်ပြု၍သော်လည်းကောင်း ချုပ်ချယ်မှုပြုလုပ်ခြင်းဖြင့် အနိုင်အထက် မပြုရ။

၂၁။ မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှ အခြားစီးပွားရေး လုပ်ငန်းများ၏ နာမည်ဂုဏ်သတင်း၊ငွေကြေးဆိုင်ရာ အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ပျက်ပြားစေရန် မမှန်ကန်သော သတင်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထုတ်လွှင့်ခြင်းမပြုရ။

၂၂။ မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှ အခြားစီးပွားရေးလုပ်ငန်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တားဆီးခြင်း သို့မဟုတ် နှောင့်ယှက်ခြင်းမပြုရ။

၂၃။ မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှ တရားမျှတမှုမရှိသော ယှဉ်ပြိုင်မှု အလို့ငှာ ကြော်ငြာလုပ်ငန်းဆိုင်ရာ အောက်ပါဆောင်ရွက်မှုတစ်ခုခုကို မပြုရ-

(က) စီးပွားရေးလုပ်ငန်းတစ်ခု၏ ကုန်စည်နှင့်ဝန်ဆောင်မှုများကို အခြားစီးပွားရေးလုပ်ငန်းများ၏ အလားတူ ကုန်စည်၊ ဝန်ဆောင်မှုများနှင့် တိုက်ရိုက်နှိုင်းယှဉ်ခြင်း၊

(ခ) သူတစ်ပါး၏ ကုန်စည်နှင့် ဆင်တူယိုးမှားကြော်ငြာခြင်းဖြင့် ကုန်စည်ဝယ်ယူသူတို့ကို သွေးဆောင်ဖြားယောင်းခြင်း၊

(ဂ) အောက်ပါအကြောင်းအချက်များအနက် တစ်ခုခုအပေါ် မှားယွင်းသော သို့မဟုတ်သွေးဆောင်ဖြားယောင်းသော သတင်းအချက်အလက်များကို ကုန်စည်ဝယ်ယူသူများသို့ ထုတ်ပြန်ခြင်း-

(၁) ဈေးနှုန်း၊ ပမာဏ၊ အရည်အသွေး၊ အသုံးဝင်မှုများ၊ဒီဇိုင်းပုံစံများ၊ အမျိုးအစားများ၊ထုပ်ပိုးမှုများ၊ ထုတ်လုပ်သည့်ရက်စွဲ၊ ကြာရှည်အသုံးခံမှု၊ မူလအရင်းအမြစ်၊ ထုတ်လုပ်သူများ၊ ထုတ်လုပ်သည့်နေရာများ၊ ပြုပြင်ထုတ်လုပ်သူများ၊ ပြုပြင်ထုတ်လုပ်သည့် နေရာများ၊

(၂) အသုံးပြုပုံ၊ ဝန်ဆောင်မှုပေးပုံ၊ အာမခံကာလ၊

(၃) အခြားမှားယွင်းသော သို့မဟုတ် သွေးဆောင်ဖြားယောင်းသော သတင်းအချက်အလက်များ။

(ဃ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တားမြစ်ထားသည့်ကြော်ငြာလုပ်ငန်းများ။

**စာမျက်နှာ ၁၆ သို့**

စာမျက်နှာ ၁၅ မှ

၂၄။ မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှတရားမျှတမှုမရှိသော ယှဉ်ပြိုင်မှုကို ဖြစ်စေသည့်အောက်ပါဆောင်ရွက်မှုတစ်ခုခုကို မပြုရ-

(က) လိမ်လည်လှည့်ဖြားလိုသော ရည်ရွယ်ချက်ဖြင့် အရောင်းမြှင့်တင်ရန် စည်းရုံးဆောင်ရွက်ခြင်း၊

(ခ) တူညီသော အရောင်းမြှင့်တင်ရေးအစီအစဉ်တွင် ကုန်စည်ဝယ်ယူသူများကို ခွဲခြားဆက်ဆံခြင်း၊

(ဂ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တားမြစ်ထားသော အရောင်းမြှင့်တင်မှု နည်းလမ်းများကို ကျင့်သုံးဆောင်ရွက်ခြင်း။

၂၅။ မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှ ခွဲခြားဆက်ဆံခြင်းကိုဖြစ်ပေါ်စေသည့်အောက်ပါဆောင်ရွက်မှု တစ်ခုခုကို မပြုရ -

(က) စီးပွားရေးလုပ်ငန်းတစ်ခုကို မိမိအဖွဲ့အစည်းသို့ ဝင်ရောက်ရန် သတ်မှတ်ထားသောအရည်အချင်းပြည့်မီသော်လည်းဝင်ခွင့်ပြုရန် ငြင်းဆန်ခြင်းဖြင့်ဖြစ်စေ၊ နုတ်ထွက်ခွင့်ပြုရန် ငြင်းဆန်ခြင်းဖြင့်ဖြစ်စေ ယှဉ်ပြိုင်မှုတွင် အဟန့်အတား ဖြစ်စေခြင်း၊

(ခ) စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းတွင် ပါဝင်သော စီးပွားရေးလုပ်ငန်း၏ ရည်ရွယ်ချက်နှင့် လုပ်ဆောင်မှုများကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ကန့်သတ်ခြင်း။

၂၆။ မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှမိမိ၏ ကုန်စည်ကို ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချရာ၌ အခြားစီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းလျော့နည်းသွားစေရန် ရည်ရွယ်၍ ယင်းကုန်စည်၏ ထုတ်လုပ်မှု ကုန်ကျစရိတ်အောက် လျော့နည်းသော ဈေးနှုန်းဖြင့် လည်းကောင်း၊သွင်းကုန်ဖြစ်ပါက ဆိပ်ကမ်းရောက်တန်ဖိုးအောက် လျော့နည်းသော ဈေးနှုန်းဖြင့်လည်းကောင်း ရောင်းချခြင်း မပြုရ။

၂၇။ မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှဈေးကွက်အတွင်းအရှိန်အဝါဩဇာကို အလွဲသုံးစားပြု၍ အောက်ပါဆောင်ရွက်မှုတစ်ခုခုကိုမပြုရ-

(က) ယှဉ်ပြိုင်သူများ ဈေးကွက်အတွင်းမှ ထွက်သွားစေရန် အလို့ငှာ ထုတ်လုပ်မှု ကုန်ကျစရိတ်အောက် လျော့နည်းသော ဈေးနှုန်း သို့မဟုတ် ဆိပ်ကမ်းရောက် တန်ဖိုးအောက် လျော့နည်းသော ဈေးနှုန်းဖြင့် ကုန်စည်များရောင်းချခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးခြင်း၊

(ခ) ဈေးကွက်ပေါက်ဈေးနှင့် ကိုက်ညီမှုမရှိသော ဈေးနှုန်းဖြင့် ကုန်စည်များ ရောင်းချခြင်း၊ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုပေးခြင်း သို့မဟုတ် ပြန်လည်ရောင်းချသူများအပေါ် ရောင်းချရမည့်ဈေးနှုန်း သတ်မှတ်ပေးခြင်းဖြင့် စားသုံးသူများကို ထိခိုက်နစ်နာစေခြင်း၊

(ဂ) ကုန်စည်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းတို့ကို ထိန်းချုပ်ခြင်း၊ ဈေးကွက်ကို ကန့်သတ်ထားခြင်း၊ သိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေခြင်းနှင့် စားသုံးသူများကို ထိခိုက်နစ်နာစေခြင်း၊

(ဃ) တရားမျှတမှု မရှိသော ယှဉ်ပြိုင်မှု ဖြစ်ပေါ်စေရန် အလို့ငှာတူညီသော ဈေးကွက်အတွင်းတစ်ပြေးညီ မဟုတ်သော ကူးသန်းရောင်းဝယ်မှုဆိုင်ရာ စည်းကမ်းချက်များ ချမှတ်ခြင်း၊

(င) ကုန်စည်များ၊ ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ အရောင်းအဝယ်စာချုပ်များချုပ်ဆိုရာ၌အခြားစီးပွားရေးလုပ်ငန်းများအပေါ် တရားမျှတမှု မရှိသော စည်းကမ်းချက်များ ချမှတ်ခြင်း သို့မဟုတ် ယင်းစာချုပ်များနှင့် တိုက်ရိုက်သက်ဆိုင်ခြင်းမရှိသော တာဝန်ဝတ္တရားများကို လက်ခံရန် အတင်းအကျပ်ပြုခြင်း၊

(စ) ဈေးကွက်အတွင်း ယှဉ်ပြိုင်သူအသစ်များ ဝင်ရောက်လာခြင်းကို မတရားသည့် နည်းလမ်းများဖြင့် တားဆီးခြင်း၊

(ဆ) ဈေးကွက်အတွင်း ယှဉ်ပြိုင်သူအသစ်များ ဝင်ရောက်လာခြင်းကို တားဆီးရန်အတွက် မိမိပိုင်ဆိုင်သည့် သို့မဟုတ် အသုံးပြုလျက်ရှိသည့် အဓိကကျသော အထောက်အကူပြုပစ္စည်းများ သို့မဟုတ် ရှားပါးအရင်းအမြစ်များအား အသုံးပြုခွင့်ကို ငြင်းပယ်ခြင်း သို့မဟုတ် ခွဲခြားခွင့်ပြုခြင်း။

၂၈။ မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှ အခြားစီးပွားရေးလုပ်ငန်းများနှင့် သဘောတူစာချုပ် ချုပ်ဆိုထားပြီးဖြစ်သော ပုဂ္ဂိုလ်သို့မဟုတ် စီးပွားရေးလုပ်ငန်းတစ်ခုကို စာချုပ်သက်တမ်း မကုန်ဆုံးမီ စာချုပ်ဖောက်ဖျက်စေရန် သွေးဆောင်ဖြားယောင်းခြင်း သို့မဟုတ် ဆွဲဆောင်ခြင်းမပြုရ။

၂၉။ မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှ ဈေးကွက်အတွင်း မျှတမှုမရှိသော နည်းလမ်းဖြင့်ကုန်စည်များကို တင်သွင်းခြင်း၊ ယင်းကုန်စည်များကို ဈေးကွက်ပေါက်ဈေးအောက်လျှော့၍ ရောင်းချခြင်း မပြုရ။

## အခန်း(၁၀)
## စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း

၃၀။ စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းတွင် အောက်ပါလုပ်ဆောင်ချက်များ ပါဝင်သည် -

(က) စီးပွားရေးလုပ်ငန်းများ ပေါင်းစည်းခြင်း၊

(ခ) စီးပွားရေးလုပ်ငန်းများ ပေါင်းစပ်ဖွဲ့စည်းခြင်း၊

(ဂ) စီးပွားရေးလုပ်ငန်းတစ်ခုက အခြားစီးပွားရေးလုပ်ငန်းတစ်ခုကို ဝယ်ယူခြင်း၊ ရယူခြင်း၊

(ဃ) စီးပွားရေးလုပ်ငန်းများ ဖက်စပ်လုပ်ကိုင်ခြင်း၊

(င) ကော်မရှင်က သတ်မှတ်ထားသည့် စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု အခြားနည်းလမ်းများဖြင့် ဆောင်ရွက်ခြင်း။

၃၁။ မည်သည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမျှ ပုဒ်မ ၃၀ ပါလုပ်ဆောင်ချက်များကို ဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ အခြေအနေများ ဖြစ်ပေါ်စေနိုင်သည့် ပူးပေါင်းဆောင်ရွက်မှုကို မပြုရ-

(က) အချိန်ကာလတစ်ခုအတွင်း ဈေးကွက်လွှမ်းမိုးမှုကို အလွန်အမင်းမြင့်မားစေရန် ရည်ရွယ်သည့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) စီးပွားရေးလုပ်ငန်းတစ်ခုတည်း သို့မဟုတ် အနည်းစုသာရှိသော ဈေးကွက်ရရှိစေရန်အတွက် ယှဉ်ပြိုင်မှုကို ကျဆင်းစေသည့် ပူးပေါင်းဆောင်ရွက်ခြင်း။

၃၂။ စီးပွားရေးလုပ်ငန်း အချင်းချင်းပူးပေါင်းဆောင်ရွက်ရာတွင် ပါဝင်သည့် စီးပွားရေးလုပ်ငန်းများ၏ပေါင်းစပ်လိုက်သည့် ဈေးကွက်ဝေစုမှာ ကော်မရှင်က သတ်မှတ်ထားသည့် ဈေးကွက်ဝေစုကန့်သတ်ချက်ထက် ကျော်လွန်ပါက မည်သည့်စီးပွားရေးလုပ်ငန်း အချင်းချင်းပူးပေါင်းမှုကိုမျှ မပြုလုပ်ရ။

၃၃။ ပုဒ်မ ၃၁အရ တားမြစ်ထားသည့် စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုသို့မဟုတ် တားမြစ်ချက်တစ်ခုခုကို အောက်ဖော်ပြပါ အခြေအနေများတွင် ကင်းလွတ်ခွင့်ပေးနိုင်သည် -

(က) ပုဒ်မ ၃၀ အရ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်ပြီးသော်လည်း ထိုစီးပွားရေးလုပ်ငန်းသည် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သတ်မှတ်ထားသော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းအရွယ်အစားအတွင်း၌ပင် ရှိနေသေးသည့် အခြေအနေ၊

(ခ) ပူးပေါင်းဆောင်ရွက်မှုတွင် ပါဝင်သည့် စီးပွားရေးလုပ်ငန်း တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော စီးပွားရေးလုပ်ငန်းများသည် ပြိုလဲပျက်စီးနိုင်သည့်အခြေအနေ သို့မဟုတ် ဒေဝါလီခံရတော့မည့်အခြေအနေ၊

(ဂ) စီးပွားရေးလုပ်ငန်းအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုသည် ပို့ကုန်တင်ပို့မှုမြှင့်တင်ရေးအပေါ် အကျိုးသက်ရောက်မှုရှိသော အခြေအနေ သို့မဟုတ် နည်းစနစ်နှင့် နည်းပညာတိုးတက်မှုကို အထောက်အပံ့ပေးသည့် အခြေအနေ သို့မဟုတ် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းများ တည်ထောင်သည့် အခြေအနေ။

## အခန်း(၁၁)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း

၃၄။ ကော်မတီသည် ဤဥပဒေအရ ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်သည့်စီးပွားရေး လုပ်ငန်းလုပ်ကိုင်သူကို အောက်ပါအရေးယူမှုတစ်ရပ်ရပ်ဖြင့်ဖြစ်စေ၊ တစ်ရပ်ထက်ပိုသော အရေးယူမှုများဖြင့်ဖြစ်စေ ဆုံးဖြတ်ဆောင်ရွက်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသော ဒဏ်ကြေးငွေ ပေးဆောင်စေခြင်း၊

(ဂ) လုပ်ငန်းဆောင်ရွက်ခြင်းကို ယာယီ သို့မဟုတ် အမြဲတမ်းပိတ်သိမ်းရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

၃၅။ ကော်မတီက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို မကျေနပ်သူသည် အဆိုပါအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ အယူခံဝင်ရောက်ခွင့် ရှိသည်။

၃၆။ (က) ကော်မရှင်သည် ပုဒ်မ ၃၅ အရ အယူခံသည့်အခါ ကော်မတီ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ကော်မရှင်၏အဆုံးအဖြတ်သည် အပြီးအပြတ် အတည်ဖြစ်သည်။

၃၇။ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) ပါသတ်မှတ်ထားသော ဒဏ်ကြေးငွေကို ပေးဆောင်ခြင်းမရှိပါက ဝင်ငွေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရ ကောက်ခံရမည်။

၃၈။ ဤဥပဒေအရ ချမှတ်ထားသော စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူမှုသည် ပြစ်မှုကြောင်းအရ ဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူခြင်းကို ပိတ်ပင်ခြင်းမရှိစေရ။

## အခန်း (၁၂)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၉။ မည်သူမဆို ပုဒ်မ ၁၃ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာ့ငါးဆယ် ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၀။ မည်သည့် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူမဆို ပုဒ်မ ၂၃၊ ပုဒ်မ ၂၄ သို့မဟုတ် ပုဒ်မ ၂၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာ့ငါးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၁။ မည်သူမဆို ပုဒ်မ ၁၅၊ ပုဒ်မ ၁၉၊ ပုဒ်မ ၂၂၊ ပုဒ်မ ၂၆၊ ပုဒ်မ ၂၇၊ ပုဒ်မ ၃၁ သို့မဟုတ် ပုဒ်မ ၃၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၂။ မည်သူမဆို ပုဒ်မ ၁၈၊ ပုဒ်မ ၂၀၊ ပုဒ်မ ၂၁၊ ပုဒ်မ ၂၅ သို့မဟုတ် ပုဒ်မ ၂၈ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၃။ မည်သူမဆို စုံစမ်းစစ်ဆေးရေးကော်မတီက ဤဥပဒေအရ စုံစမ်းစစ်ဆေးမှုပြုရန် သက်သေခံအထောက်အထား၊ စာရွက်စာတမ်း သို့မဟုတ် ငွေရေးကြေးရေး အထောက်အထားတစ်ခုခုကိုတောင်းယူရာတွင်ဖြစ်စေ၊ သက်သေအဖြစ်ခေါ်ယူမေးမြန်းရာတွင်ဖြစ်စေ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ရမည်။

၄၄။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ယှဉ်ပြိုင်မှုနှင့်စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို ဤဥပဒေအရသာ ဆောင်ရွက်ရမည်။

## အခန်း (၁၃)
## အထွေထွေ

၄၅။ ကော်မရှင်သည် အစည်းအဝေးများကို သတ်မှတ်ချက်များနှင့်အညီ ကျင်းပရမည်။

၄၆။ နိုင်ငံ့ဝန်ထမ်း မဟုတ်သော ကော်မရှင်အဖွဲ့ဝင် သို့မဟုတ် စုံစမ်းစစ်ဆေးရေးကော်မတီအဖွဲ့ဝင် တစ်ဦးဦးသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်စဉ်တွင် ယင်းတို့အား ရာဇသတ်ကြီး ပုဒ်မ ၂၁ တွင် ဖော်ပြထားသည့် ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၄၇။ ဤဥပဒေအရ ပြစ်မှုတစ်ရပ်ရပ်ကို တရားစွဲဆိုရာတွင် ကော်မရှင်၏ ကြိုတင်ခွင့်ပြုမိန့် ရယူရမည်။

၄၈။ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ခ) ပါသတ်မှတ်ထားသော ဒဏ်ကြေးငွေကို ကောက်ခံနိုင်ရန် ဝန်ကြီးဌာနသည် သင့်လျော်သော အရာရှိတစ်ဦးဦးကို ကော်လိပ်တော်အရာရှိအဖြစ် ခန့်အပ်တာဝန်ပေးနိုင်သည်။

၄၉။ ဤဥပဒေအရတရားစွဲဆိုခြင်းခံရသူသည် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းဖြစ်လျှင်ယင်းအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်ရာတွင် တာဝန်ရှိသူတစ်ဦးဦးသည် အဆိုပါပြစ်မှုကိုဂင်းမသိရှိဘဲ ကျူးလွန်ကြောင်း သို့မဟုတ် ပြစ်မှုကျူးလွန်ခြင်းကို တားဆီးရန် ထိုက်သင့်သော လုံ့လဝီရိယစိုက်ထုတ်၍ ဆောင်ရွက်ခဲ့ကြောင်း သက်သေပြနိုင်ခြင်းမရှိပါက အဆိုပါစီးပွားရေးလုပ်ငန်းအဖွဲ့အစည်းနှင့်အတူ ပူးတွဲစွဲဆိုခြင်း ခံရမည်ဖြစ်ပြီး ယင်းစီးပွားရေးလုပ်ငန်း အဖွဲ့အစည်းကို ပြစ်ဒဏ်ချမှတ်လျှင် အဆိုပါတာဝန်ရှိသူသည် ယင်းပြစ်မှုအတွက် ပူးတွဲ၍ အပြစ်ရှိသည်ဟု မှတ်ယူခြင်းခံရမည်။

၅၀။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၅၁။ ဤဥပဒေအရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူ တစ်ဦးဦးကို နစ်နာသူက မိမိ၏ နစ်နာမှုအတွက် တရားမကြောင်းအရလည်း တရားစွဲဆိုနိုင်သည်။

၅၂။ ဤဥပဒေပါပုဒ်မ ၁၃ ကို ချိုးဖောက်ရာတွင် မိမိကိုယ်တိုင် ပါဝင်ခဲ့ကြောင်း ထုတ်ဖော်သတင်းပေးသူအား ကော်မရှင်သည် ဤဥပဒေအရ ချမှတ်သည့် ပြစ်ဒဏ်များမှ ကင်းလွတ်သက်သာခွင့်ကို သက်ညှာမှုအဖြစ် ခံစားခွင့်ပြုနိုင်ရန် တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာ တရားရုံး၊ ဥပဒေရုံးတို့နှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၅၃။ သက်ဆိုင်ရာ တရားရုံးသည် သက်ညှာမှုပြုရာတွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးဦး လာရောက်ပူးပေါင်းဆောင်ရွက်သည့်အချိန်နှင့် ပူးပေါင်းပါဝင်မှု အနေအထားအပေါ် မူတည်၍ ကွဲပြားခြားနားသော သက်ညှာမှုပြုနိုင်သည်။

၅၄။ ဝန်ကြီးဌာနသည်ကော်မရှင်၊ ကော်မတီများနှင့်လုပ်ငန်းအဖွဲ့များ၏-

(က) ရုံးလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ရမည်။

(ခ) ကုန်ကျစရိတ်များကို ကျခံရမည်။

၅၅။ ဤဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များနှင့်အညီ သဘောရိုးဖြင့်ဆောင်ရွက်ကြောင်း သက်သေအထောက်အထား ခိုင်လုံသည့်ကိစ္စ တစ်ရပ်ရပ်အတွက် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးကိုသော်လည်းကောင်း၊ စုံစမ်းစစ်ဆေးရေးကော်မတီဝင် တစ်ဦးဦးကို သော်လည်းကောင်း၊ လုပ်ငန်းအဖွဲ့ဝင်တစ်ဦးဦးကိုသော်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းတစ်ဦးဦးကိုသော်လည်းကောင်း ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ အခြားနည်းလမ်းတစ်ရပ်ရပ်အရဖြစ်စေ အရေးယူဆောင်ရွက်ခြင်းမရှိစေရ။

၅၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကော်မရှင်သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ ကော်မတီသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို လည်းကောင်း ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## အခန်းဆက်ဝတ္ထု

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် အပတ်စဉ် (တနင်္လာနေ့နှင့် သောကြာနေ့)တိုင်း ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာသိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)*

*၂၃-၂-၂၀၁၅ ရက်မှအဆက်*



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

**တက္ကသိုလ်ဘုန်းနိုင်**

မိုးရွာပြီးစ တစ်နေ့လည်တွင် ကျွန်တော်သည် ကျွန်တော်တို့ခြံ အနောက်ဘက်သို့ ထွက်လာခဲ့သည်။

သန်လျင်မြို့သည် မိုးရွာပြီးစ၌ အလွန် လှပစင်ကြယ်သည်။ ရွှံ့နွံဟူ၍ မတွေ့ဖူး။ မိုးရေဆေးကြောသဖြင့် ဖွေးဖွေးနုသော သဲဖြူဖြူများသာ ရှိသည်။ မိုးရေဖြင့် စွတ်စိုသော ဤသဲဖြူတို့ဖြင့် ဆော့ကစားရသည်ကို ကျွန်တော်နှစ်သက်သည်။

မြေပြင်၌ ထိုင်လိုက်၍ ခြေတစ်ချောင်းကိုကွေးပြီး ထောင်ထားပါ။ ခြေဖမိုးအပေါ်၌ သဲတို့ကိုပုံပါ။ သဲတို့သည် မုန့်စိမ်းပေါင်း အစိုင်အခဲပမာ မြင့်တက်လာသောအခါ သိပ်သည်းအောင် လက်ဖဝါးများဖြင့် ရိုက်ပေးပါ။ ထို့နောက် သတိထား၍ ညင်ညင်သာသာဖြင့် ခြေဖဝါးကို နှုတ်ယူလိုက်ပါ။ ထိုအခါ အပေါက်ဝ တစ်ဖက်သာရှိသော အက်စကီးမိုးရေခဲအိမ်ပမာ ခုံးခုံးလုံးလုံးသဏ္ဌာန် ကျန်ရစ်သည်။ ဤသဲအိမ်ကို ကျွန်တော်က ဗိုလ်အိမ်ဟုခေါ်သည်။

မိုးရွာဆဲ ရေချိုးရသည်မှာ ပျော်စရာကောင်းသည့်နည်းတူ မိုးစဲပြီးစ သဲဖြူဖြူတို့ဖြင့် ဗိုလ်အိမ်ဆောက်တမ်းကစားရသည်မှာလည်း ထိုစဉ်က စာမဖွဲ့နိုင်အောင်ပင် ရွှင်မြူးဖွယ်အတိပြည့်၏။

ကျွန်တော်က ဗိုလ်အိမ်ကို ဆန်းဆန်းကြယ်ကြယ် ဆောက်တတ်သည်။ သဲဗိုလ်အိမ်၌ ပြတင်းပေါက်များ ဖောက်ကာ မီးခြစ်ဘူး၊ စီးကရက်ဘူးများကို ပြတင်းပေါက်များအဖြစ် တပ်တတ်သည်။ ဗိုလ်အိမ်ပတ်ဝန်းကျင်ကို သဲတံတိုင်းကာ၍ ဝင်းခတ်သည်။ ဝင်းခြံအတွင်း၌ တောပန်း၊ တောပွင့်တို့ကို စိုက်၍ ပန်းခြံလည်းဖန်တီးတတ်သည်။

ဗိုလ်အိမ်ဆောက်ရန် ရည်ရွယ်ချက်ဖြင့် ထွက်လာခဲ့သော ကျွန်တော်သည် ခြံအပြင်ဘက် မြရာပင်ကြီး တစ်ပင်အောက်မှာ တွေ့ရသောသဏ္ဌာန်ကြောင့် ခြေလှမ်းများ တုံ့သွားသည်။

မြရာပင်ခြေကို မှီ၍ ကောင်မလေးတစ်ယောက်သည် အဝေးသို့ ငေးကြည့်နေသည်။ ငေးကြည့်ရာဆီ၌ ရွှေကင်းသည့်အပြင် ရာသီဥတုဒဏ်ကြောင့် မှိုင်းညိုနေသော ကျိုက်ဗောဓိစေတီတော်ကြီးကို ဖူးတွေ့နိုင်သည်။

ကျွန်တော်သည် သူ့အနီးသို့ ချဉ်းကပ်သွားသည်။ အနီးရောက်သောအခါမှ ကျွန်တော် အံ့ဩရ ပြန်သည်။

ကောင်မလေးသည် ကျွန်တော့်ထက် ငယ်သည်။ သို့ရာတွင် သူ့လက်တွင်း၌ စာအုပ်တစ်အုပ်ရှိ၍ ဘေး၌လည်း အခြားတစ်အုပ် ရှိသေးသည်။ ကျွန်တော့်အား အံ့အားအသင့်စေဆုံးမှာ သူ့မျက်နှာပေါ်မှ ကျွဲကော်ကိုင်း မျက်မှန်ကြီးဖြစ်သည်။

ကျွန်တော်အနီးသို့ရောက်သောအခါ သူက မော့၍ မျက်မှန်ကြီးဖြင့် ကြည့်သည်။ ကျွန်တော်တို့ နှစ်ဦးသည် အတန်ကြာစွာ စကားမပြောဘဲ တစ်ဦးကိုတစ်ဦး စိုက်ကြည့်နေမိသည်။ ကျွန်တော်က စတင်နှုတ်ဆက်သည်။

" ဘာလုပ်နေတာလဲ "

သူကလက်တွင်းမှ စာအုပ်ဆီ ကြည့်၍ ပြန်ဖြေသည်။

" ကဗျာဖတ်နေတာ "

"ဘာရယ် . ."

သူက ကျွန်တော့်ကို မျက်မှောင်ကြုတ်ကြည့်ကာ ထပ်ဖြေသည်။

"ကဗျာဖတ်နေတာ . ."

"ကဗျာဆိုတာဘာလဲ"

မချောလေးက ပြန်မဖြေဘဲ သူ့လက်တွင်းမှ စာအုပ်ကို ထိုးပေးသည်။ ကျွန်တော်က တတ်သရွေ့၊ မှတ်သရွေ့ ဖတ်ကြည့်သည်။ ဘာမျှတော့ နားမလည်။ သို့ရာတွင် ခပ်တည်တည်ပင် စာအုပ်ကိုပြန်ပေးပြီးမေးသည်။

"နင် မျက်စိမှုန်လို့ မျက်မှန်တပ်ထားတာလား"

ပထမဦးစွာ သူကလေးက ရယ်သည်။ ရယ်ရင်း မျက်မှန်ကို ဖြုတ်၍ မျက်မှန်ကွင်းအတွင်းသို့ သူ့လက်ညှိုးဖြူဖြူလေးကို ထိုးပြသည်။ လက်ညှိုးလေးသည် မျက်မှန်ကို ဖောက်၍ ထွက်လာသည်။

မှန်မရှိသော မျက်မှန်ပါတကား . . .။ ကျွန်တော်လည်း သဘောကျစွာ ရယ်၏။

သူကလေးသည် မှန်မရှိသော မျက်မှန်ကို ပြန်တပ်လိုက်ပြီး ခပ်တည်တည်ဖြင့် ကျွန်တော့်အားမေးသည်။

"နင့်နာမည် ဘယ့်နှယ်ခေါ်လဲ"

"မောင် . ."

"ဘာရယ် . . .၊ မောင် . . .၊ မောင်မောင် ဟုတ်လား"

"မောင်မောင် မဟုတ်ဘူး၊ မောင် . . .။ ငါ့အဖေရော၊ ငါ့အမေကရော၊ ငါ့ဆရာမကရော မောင်လို့ပဲခေါ်တယ်"

မချောလေးက ဘာကို သဘောကျသည်မသိ ပြုံးသည်။

ကျွန်တော်က ခေါင်းညိတ်ရင်း ပြန်မေး၏။

"နင့်နာမည်ကကော"

"ခိုင် . ."

"ဘာရယ် . . . ခိုင်၊ တစ်လုံးတည်းပဲလား"

ခိုင်သည် စဉ်းစားသယောင် တွေဝေပြီးမှ ပြန်ဖြေသည်။

"တစ်လုံးတည်းတော့ မဟုတ်ဘူး၊ သူတို့ခေါ်သလို ခေါ်ရင် နှစ်လုံးခေါ်လို့ရတယ်"

"သူတို့ဆိုတာ ဘယ်သူလဲ"

"တို့အိမ်က လူကြီးတွေပေါ့"

"လူကြီးတွေက ဘယ်လိုခေါ်လဲ . ."

" မိခိုင် . . . နင်တစ်လုံးတည်း မခေါ်ချင်ရင် ငါ့ကို မိခိုင်လို့ခေါ်ပေါ့"

ကျွန်တော်က သူ့ကို စေ့စေ့ကြည့်ရင်း ခေါင်းခါပြသည်။

"မိခိုင်လို့ မခေါ်ချင်ပါဘူး။ ခိုင်လို့ပဲ မောင်ခေါ်မယ်။ မောင့်ကိုလည်း မောင်လို့ပဲ ခေါ်ရမယ်နော် . ."

ခိုင်က ပြုံးပြုံးလေး ခေါင်းညိတ်သည်။

မိတ်ဆွေဖွဲ့ပြီးသော ကျွန်တော်က ကျေကျေနပ်နပ်နှင့် ခိုင့်ဘေးတွင် ဝင်ထိုင်သည်။ ဝင်ထိုင်ရင်းလည်း ခိုင့်ကို ခြေဆုံး၊ ခေါင်းဆုံးကြည့်မိသည်။ ခိုင်က ပြန်ကြည့်သောအခါ ကျွန်တော်က ပြုံးပြသည်။ ထိုအခါ ခိုင်က ပြန်ပြုံးသည်။ ဤသို့သုံးလေးခါ အပြန်အလှန် ပြုံးပြပြီးသောအခါ ကျွန်တော်တို့ ရင်းရင်းနှီးနှီး ဖြစ်သွားပြီး ရဲရဲတင်းတင်း ရှိလာသည်။

"အဲဒီမျက်မှန်အပျက်ကြီး ဘာလို့တပ်ထားတာလဲ"

"မျက်မှန်အပျက်ကြီးမဟုတ်ပါဘူး၊ ခိုင့်ဘိုးဘိုး မျက်မှန်အဟောင်းကြီးပါ"

"အင်းလေ . . . ခိုင်က ဘာလို့ မျက်မှန်အဟောင်းကြီး တပ်ထားရတာလဲ "

ခိုင်၏ မျက်နှာလေးသည် မသိမသာညှိုးကျသွားသည်။ အတန်ကြာမှ လေးလေး,လေး ဖြေသည်။

"ဘိုးဘိုးက စာဖတ်ရင် မျက်မှန်ကြီးနဲ့ ဖတ်တယ်။ စာကြီးကြီးဖတ်ရင် မျက်မှန်ကြီးကြီးတပ်ရတယ် . ."

ဒီအချက်ကိုမူ ကျွန်တော်က မှန်ကန်ကြောင်း ထောက်ခံမိပါသည်။

"အေး . . . ဟုတ်တယ်၊ စာကြီးကြီးဖတ်ရင် မျက်မှန်ကြီးကြီးတပ်ရတယ်။ မောင့်ဖေဖေဖတ်တဲ့ စာအုပ်တွေက အကြီးကြီးတွေပဲ။ ဖေဖေ့မျက်မှန်ကြီးလဲ အကြီးကြီးပဲ"

ခိုင်သည် ဘာမျှပြန်မပြောဘဲ သူ့စာအုပ်ကိုသာဖွင့်၍ စာမျက်နှာများ လှန်၏။

"အဲဒါဘာစာအုပ်လဲ"

"ကဗျာ"

"အဲဒီ ကဗျာဆိုတဲ့စကားကို ငါ နားမလည်ဘူး"

"ဒါဖြင့် နားထောင်၊ ခိုင်ဖတ်ပြမယ်"

ခိုင်သည် စာမျက်နှာများ ဆက်လှန်သည်။ တစ်နေရာရောက်သောအခါ ခဲတံအနီဖြင့် လိုင်းတားထားသော စာပိုဒ်များကို ဖတ်ပြသည်။

"အနုမြသွင်၊ တောတစ်ခွင်လည်း၊ ပြောင်စင်မလွင့်၊ ကျန်သေးလင့်လျက်၊ စက်ဖြင့် ဟူးဟူး၊ မြူးကာခုန်မဲ၊ ခါဟုတ်ဘဲကို၊ မွန်းလွဲခြည်ငြိမ်း၊ ညချမ်းယိမ်းက၊ ထစ်ခြိမ်းမည်းညို့၊ ရွာအုံ့သို့လျှင် . ."

"အဲဒါဘာလဲ"

"နေဦး . . . နေဦး ငါ ဆက်ဖတ်ဦးမယ်"

ခိုင်သည် ဆက်လက်၍ အခြားမျဉ်းသားထားသော စာပိုဒ်ကို ဖတ်ပြသည်။

"ရတုလလျှင်၊ စိတ္တခါလည်၊ နွေပြန်သည်မူ၊ ရွှေရည်ကားတော၊ ရစ်နှောမိုးသား၊ ကြုံးဝါးကြိမ်ကြိမ်၊ တိမ်မှုခုနှစ်၊ ရှစ်စင်မပြည့်၊ ယွန်းတည့်ပတ်ခွေ၊ ရေရှေ့လေနှင့် . . ."

ကျွန်တော်သည် ခိုင် ဘာတွေဖတ်နေသည်ကို အဓိပ္ပာယ်မပေါက်သေး။ ထို့ကြောင့် ထပ်မေးရသည်။

"ခိုင် အခုဖတ်နေတာတွေ မောင်နားမလည်ဘူး။ အဲဒါဘာတွေလဲ . ."

ခိုင်သည် သူ့မျက်တောင်ကော့ကလေးများကို ခတ်ကာခတ်ကာ ခေတ္တစဉ်းစားနေသည်။ အတန်ကြာမှ ပြန်မေးသည်။

"မောင်ဘယ်နှစ်တန်းလဲ"

"လေးတန်း"

"အဲဒီစာတွေ မဖတ်တတ်ဘူးလား . ."

"ဟင့်အင်း . . . ခိုင်ကော ဖတ်တတ်သလား"

ခိုင်သည် ပြုံးရယ်လျက် ကျွန်တော့်ကိုကြည့်သည်။ ထို့နောက် အမှန်ကို ဝန်ခံသည်။

"စာလုံးပေါင်းဖတ်ရင် နည်းနည်းတော့သိတာပေါ့ . . .။ ဒါပေမယ့် ခိုင်က ဒါတွေကို အလွတ်ရနေတာ . . .၊ ဘိုးဘိုးက ရွတ်ရွတ်ပြတာကိုး . . .။ အခုနင့်က ခိုင် ဖတ်တာ မဟုတ်ဘူး၊ အလွတ်ရတာ ရွတ်ပြတာ "

ထိုအခါမှ ကျွန်တော်သည် သဘောပေါက်သွား၏။

"အဲဒါတွေက ဘာဆိုလိုတာလဲ"

ခိုင်သည် အပေါ်နှုတ်ခမ်းကို အောက်သွားလေးဖြင့် ခဲ၍ တွေတွေလေး စဉ်းစား၏။

"ဘိုးဘိုးက ပြောတာပဲ အဲဒါ မိုးဦးကျအကြောင်းတဲ့။ သစ်ပင်ပေါ်မှာ တချို့အရွက်တွေက စိမ်းပြီး၊ တချို့က ဝါနေတယ်တဲ့၊ မိုးမရွာခင် လေက တိုက်တယ်တဲ့၊ လေတိုက်တော့ သစ်ရွက်တွေ ကြွေတာပေါ့ . . .။ နောက်ဆုံးဟောဒီမှာ တစ်အုပ်ရှိသေးတယ်"

ခိုင်သည် ဘေးမှ စာအုပ်ကို ကောက်ယူပြီး စာမျက်နှာများကို လျှောက်လှန်ပြသည်။ မျဉ်းသားထားသော စာပိုဒ်များမြင်သော် ရွတ်ပြပြန်၏။

"လေခမြေသက်၊ ဈာန်ဝိတက်သို့၊ သစ်ရွက်ရော်ရီ၊ ကြွန္ဒာနီဝယ်၊ သိင်္ဂီတစ်ဝက်၊ ဖက်၍ဆေးစုံ၊ ခြယ်သောပုံသို့ . . ."

"အဲဒါကကော ဘာတဲ့လဲ"

"အဲဒါလည်း သစ်ရွက်ကြွေတာပဲ၊ သစ်ရွက်ကြွေတာဟာ ရသေ့ဈာန်လျှောသလိုပဲတဲ့"

ဤအကြိမ်တွင်မူ ကျွန်တော်က ပြုံးမိသည်။

"ရသေ့ဈာန်လျှောတာက သစ်ရွက်ကြွေလို့ မဟုတ်ပါဘူးဟာ . . . ငါတွေ့ဖူးတာတော့ တစ်ခါတည်းငိုတာပါ "

"ရသေ့ဈာန်လျှောတာ မောင်တွေ့ဖူးတယ် . . .၊ ဘယ်မှာ တွေ့ဖူးသလဲ "

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**





| သမ္မတ | သွင် | မင်္ဂလာ(၁) သိမ်ကြီးဈေး | မင်္ဂလာ(၂) ဇေဂုန်စင်တာ(၂) | မင်္ဂလာစံပြ | ရွှေဆောင်(၁) | ရွှေဆောင်(၂) | နေပြည်တော် | Top Royal(စိန်ဂေဟာ-ပါရမီ) | ဝင်းလိုက်(မန္တလေး) | မြို့မ(မန္တလေး) | မင်္ဂလာဒိုင်းမွန်း(မန္တလေး) | ပွဲချိန်သတ်မှတ်ပြ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၀၁-၂၄၆၉၆၂ | ၀၁-၃၇၂၅၉၄ | ၀၁-၂၄၃၀၅၇ | ၀၉၇၃၂၅၄၀၉၁ | ၀၉၇၃၁၇၆၀၀၀ | ၀၁-၂၅၂၁၁၃ | ၀၁-၃၇၀၇၈၇ | ၀၁-၂၅၁၂၇၇ | ၀၉၄၂၀၁၈၆၂၉၁ | ၀၂-၃၉၁၂၈ | ၀၂-၃၉၁၃၆ | ၀၉၄၀၂၇၆၅၆၃၁ | ၁၀း၀၀ နာရီ ၁၂း၃၀ နာရီ ၃း၃၀ နာရီ ၆း၃၀ နာရီ ၉း၃၀ နာရီ |
| ၀၁-၂၄၆၉၆၃ | ၀၉၇၃၂၃၅၅၆၀ | ၀၁-၂၄၃၀၅၈ | ၀၉၇၃၂၅၄၀၉၂ | ၀၉၇၃၁၇၆၁၁၁ | ၀၁-၃၈၈၀၃၄ | ၀၉၇၃၀၀၁၇၀၄ | ၀၁-၂၅၁၂၈၈ | ၀၉၄၂၀၁၈၆၂၉၂ | ၀၂-၆၀၂၉၁ | ၀၂-၃၉၁၃၇ | ၀၉၄၀၂၇၆၅၆၄၂ | Mingalar Cinemas facebook |

# လာခြင်းကောင်းသော ဆိုလာငှက်

**à ဦးဦးကျော်မြင့်–သချၤာ**

**လေယာဉ်တစ်စင်းသည်**
**လောင်စာဆီ တစ်စက်မသုံးဘဲ**
**နေရောင်ခြည်စွမ်းအင်သက်သက်ဖြင့်**
**ငှက်ကြီးတစ်ကောင်လို**
**ကမ္ဘာတစ်ပတ် ပျံသန်းပြပါတော့မည်။**

ကျွန်တော်၏တက္ကသိုလ်ဝင်တန်း သင်္ချာဘာသာ တပည့်တချို့က solar impulse-1၊ solar impulse-2 နှင့် ပျံသန်းပြမည့် လေကြောင်းပညာရပ်အပေါ် High Light မေးခွန်းများထုတ်လာကြပါသည်။ လက်ဖက်ရည်ဝိုင်းများတွင် တပည့်ဟောင်းများ၊ သိက္ခာမ်းဝင်လူငယ်များကလည်း လေကြောင်းပညာသစ်၊ သန့်စင်စွမ်းအင်နည်းပညာတွေကို ထောင့်စုံဆွေးနွေးကြသည်။ ကျွန်တော်၏လူမှုကွန်ရက်စာမျက်နှာပေါ်တွင်လည်း မေးခွန်းများ၊ comments များ Like တက်လာသည်။

ဒီကလေးတွေရဲ့မေးခွန်းများ၊ comments များ၏ သံခိပ်မှာ မကြာမီ မန္တလေးရောက်လာမည့် Solar impulse-2 (Si-2) နှင့် ကိုယ်တိုင်ထိတွေ့ခွင့်ရမည့် ရင်ခုန်သံကို မကြာမီသူတို့လက်ထဲပြန်ရောက်လာမည့် ကမ္ဘာကြီး၏စည်းချက်နှင့် ကြိုးညှိယူမည့်အားထုတ်ခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့သည် ဤကမ္ဘာမြေကြီးကို ဘိုးဘေးအမွေအဖြစ်ဆက်ခံသူမဟုတ်ဘဲ ကလေးတွေထံမှ ငှားရမ်းနေထိုင်သူများဖြစ်သည်ဟု အမှန်မြင်ကြည့်ရအောင်။

ကျွန်တော်တို့သည် ပယောဂကြောင့် လွန်ခဲ့သောနှစ် ၅၀ ခန့်မှစ၍ တစ်နှစ်ထက်တစ်နှစ် ပို၍ပို၍ပူနွေးလာသော ရာသီဥတု၊ ရှားပါးသည်ထက် ရှားပါးလာသော သဘာဝ သယံဇာတပစ္စည်း၊ တဖြည်းဖြည်းပျောက်ကွယ်လာသည့် ဇီဝမျိုးကွဲများ၊ ရာသီဥတုပြောင်းလဲလာခြင်းကြောင့် ဖြစ်ပေါ်လာသော စူပါမုန်တိုင်းများ၊ ဆုတ်ယုတ် ပျက်စီး၍ အနှစ်သာရကျဆင်းလာသော မြေဆီလွှာ၊ ညစ်ညမ်းသော ရေထုလေထု၊ မြင့်တက်လာသော ပင်လယ်ရေမျက်နှာပြင်တွင် ဒယ်နစ်နစ်နေသော ကျွန်းနိုင်ငံငယ်များ စိုးရိမ်အမှတ်ရောက်နေသည့် ဖန်လုံအိမ်ဓာတ်ငွေ့ထုစသည့် စသည့် အခြေအနေများဖြင့် ကလေးတွေထံ ပြန်လည်လက်လွှဲရမည်ဆိုလျှင် အလွန်အမင်းမျက်နှာပူစရာပါပဲ။


လူသားတို့၏အသိဉာဏ်နယ်ပယ်တွင် နေစကြဝဠာ၌ ကမ္ဘာမြေကဲ့သို့ သက်ရှိသတ္တဝါ၊ အသက်ရှင်နေထိုင်နိုင်သည့် အခြားဂြိုဟ်ရှာမတွေ့သေး။ မြေကမ္ဘာနှစ်နေရာမရှိပါ။ ပြေးစရာမြေမရှိသော ကလေးတွေအတွက် ဤကမ္ဘာမြေကိုနေပျော်နိုင်ရန် မိစိတ်ဘစိတ်ဖြင့် စိတ်အားထက်သန်စွာ ပြန်လည်ပြုပြင်ကြရမည်မဟုတ်ပါလား။

တတ်သိပညာရှင်များ၊ အနုပညာရှင်များ၊ နိုင်ငံရေး၊ လူမှုရေးအသင်းအဖွဲ့များ၏ ခေါင်းဆောင်ကြီးများ ဦးဆောင်၍ ကမ္ဘာမြေပြန်လည်ကျန်းမာလာဖို့ အရေးကြီးပြဿနာအဖြစ် တပ်လှန့်နှိုးဆော်ကုန်ကြပါပြီ။ ၂၀၁၄ စက်တင်ဘာ ၁၂ ရက် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၊ နယူးယောက်မြို့တော်ဝန်၊ အနုပညာနယ်ပယ်မှ အကျော်ဒေးယျပုဂ္ဂိုလ်များသည် ပြည်သူများနှင့်အတူ ဆဋ္ဌမရိပ်သာ လမ်းအတိုင်း ရာသီဥတုဆိုင်ရာ လူထုချီတက်ပွဲကြီးကျင်းပခဲ့ကြပါသည်။ လူပေါင်းခြောက်သိန်းကျော် ပူးပေါင်းပါဝင်ခဲ့ကြသည်။ ရာသီဥတုပြောင်းလဲမှုပြဿနာကို အလေးထားကိုင်တွယ်ဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော် ဆန္ဒထုတ်ဖော်ပွဲများ ကမ္ဘာတစ်ဝန်းနေရာပေါင်း နှစ်ထောင်ကျော် ကျင်းပခဲ့ပြီးဖြစ်ပါသည်။

ကမ္ဘာမြေထိပ်သီးညီလာခံများ၊ Rio+20 ကြေညာချက် (. . ထုတ်လုပ်မှုလျှော့ချရေး)၊ IPCC (Intergovernmental Pena on Climate Change) ဖိုရမ်၊ GEGG (အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေး)ဖိုရမ်၊ IREA (နိုင်ငံတကာပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အေဂျင်စီ) အစည်းအဝေး၊ အနာဂတ်စွမ်းအင်ဆိုင်ရာအဖွဲ့အစည်း၏ အလုပ်ရုံဆွေးနွေးပွဲများက သန့်စင်နည်းပညာသစ်ရှာဖွေဖို့ စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်ကျော်ဖြတ်နေကြပါသည်။ ဇီဝရုပ်ကြွင်းစွမ်းအင်ကို ကမ္ဘာကြီးက ငြင်းပယ်နေပါပြီ။

သန့်စင်စွမ်းအင်နည်းပညာတော်လှန်ရေးအဆင့်အထိ မြင့်တက်လာသည်။ တော်လှန်ရေးများ၏ထုံးစံအတိုင်းမှတ်တမ်းဝင်အကျိုးရလဒ်များနှင့်အတူ သက်ဆိုင်ရာ ပညာရပ်အသီးသီးတွင် သူရဲကောင်းများ ပေါ်ထွန်းလာကြပါတော့သည်။

နေရောင်ခြည်စွမ်းအင်ကို အထိရောက်ဆုံးအသုံးပြုနိုင်စွမ်း ပြသခဲ့သည့် Solar Impulse1 (Si 1)၊ Solar Impulse 2 (Si 2)တို့ ဖခင်ကြီးများဖြစ်သော ဘာထရန်ပစ်ကတ်နှင့် အန်ဒရေဘော့ချ်ဘတ်တို့သည် စွမ်းအင်တော်လှန်ရေး၏ ရှေ့တန်းကသူရဲကောင်းကြီးများဖြစ်ကြပါသည်။




၁။ ဘာထရန်ပစ်ကတ်၊ စိတ်ရောဂါအထူးကု ဆရာဝန်ဖြစ်သည်။ စွန့်ဦးတီထွင်မိသားစုမှ ဆင်းသက်လာသည်။ လေကြောင်းပျံသန်းမှုတွင်အထူးစိတ်ဝင်စားသည်။ မီးပုံးပျံဖြင့် ကမ္ဘာတစ်ပတ်မရပ်မနားခရီးစဉ်ကို ပထမဆုံးပျံသန်းခဲ့သူ။ Solar Impulse Co. ကို တည်ထောင်ခဲ့ပြီး ကုမ္ပဏီ၏အကြီးအကဲတာဝန်ယူထားသည်။

၂။ အန်ဒရေဘော့ချ်ဘတ်။ မက်ဆာချူးဆက် နည်းပညာတက္ကသိုလ် (MIT)ထွက် အင်ဂျင်နီယာ။ တိုက်လေယာဉ်၊ ဟယ်ရီကော်ပတာလေယာဉ်အမျိုးမျိုးကို ကျွမ်းကျင်စွာ ထိန်းကျောင်းမောင်းနှင်နိုင်သော ပရော်ဖက်ရှင်နယ် ပိုင်းလော့ကြီး၊ ဤကုမ္ပဏီ၏ CEO.၊ သူတို့နှစ်ဦး၏ စီမံအုပ်ချုပ်မှု၊ Solar Impulse အဖွဲ့ဝင်ပေါင်း ကိုးဆယ်ကျော်တို့၏ အကြံပေးခြင်း၊ နည်းပညာပံ့ပိုးခြင်းတို့ဖြင့် နှစ်ပေါင်း တစ်ဒါဇင်ခန့် သုတေသန ပြုခဲ့ကြပါသည်။ Si 1 ၏ အချက်အလက်အကျဉ်းကို ယခင်ဆောင်းပါးတွင်ဖော်ပြခဲ့ပြီးဖြစ်၍ ယခု Si 2၏ အချက်အလက်များကိုသာ ဖော်ပြလိုက်ပါသည်။ Si 2 တစ်စင်းလုံးကို ကာဗွန်ဖိုက်ဘာဖြင့် တည်ဆောက်ထားပါသည်။

| | |
|---|---|
| - တောင်ပံအကျယ် | ၇၂ မီတာ (ဘိုးရင်း ၇၄၇အကျယ်နှင့်တူသည်။) |
| - လေယာဉ်အလျား(အရှည်) | ၂၂. ၄ မီတာ |
| - လေယာဉ်အမြင့် | ၆. ၄ မီတာ |
| - လေယာဉ်တစ်စင်းလုံး အလေးချိန် | ၂၃၀၀ ကီလိုဂရမ် (အိမ်စီးကား တစ်စီး စာမျှလေးသည်။) |
| - လေယာဉ်တွင်တပ်ဆင် ထားသောဆိုလာပြားငယ် များအရေအတွက် | ၁၇၂၄၈ ပြား (တောင်ပံပေါ် တပ်ဆင်ထားသည်။) |
| - အမြန်ဆုံးပျံနှုန်း | တစ်နာရီ ၉၀ ကီလိုမီတာ |
| - တက်ရောက်နိုင်သည့်အမြင့် | ၈၅၀၀ မီတာ |

နေ့ညတောက်လျှောက် ငါးရက်ပျံသန်းနိုင်သည်။ တစ်ကြိမ်ပျံသန်းလျှင် ပိုင်းလော့ တစ်ဦးသာစီးနိုင်သည်။ စိတ်ဝင်စားဖွယ်ပျံသန်းမှုမှတ်တမ်းကို တွေ့ရပါသည်။

| | | | |
|---|---|---|---|
| ၁။ | ၂၀၁၀ | Si1 | နေ့ညပျံသန်းခဲ့သည်။ |
| ၂။ | ၂၀၁၁ | Si1 | ဥရောပနိုင်ငံများလှည့်လည်ပျံသန်း။ |
| ၃။ | ၂၀၁၂ | Si1 | စမ်းသပ်ပျံသန်းမှုများအကြိမ်ကြိမ် ပြုလုပ်။ |
| ၄။ | ၂၀၁၃ | Si1 | အတ္တလန္တိတ်သမုဒ္ဒရာကိုဖြတ်၍ အမေရိကန်ပြည်ထောင်စုသို့ ခရီးဆန့်ခြင်း။ |
| ၅။ | ၂၀၁၄ | Si2 | ထုတ်လုပ်ခြင်း၊ စမ်းသပ်ပျံသန်းခြင်း။ |

**စာမျက်နှာ ၁၉ သို့**

UNIQUE STAR TRAVELS & TOURS
ဥရောပ(အင်္ဂလန်) Apr:7,9,12,13 ($ 3900)
အမေရိကား Apr: 8 ($ 4400)
ဩစတြေးလျ Apr:11,12 ($ 3400)
ဟောင်ကောင်၊မကာအို Apr:12 ($ 1900)
ဂရိ Apr:11,13 ($ 3900)
ကိုရီးယား Apr:11,12 ($ 2300)
ပေကျင်း+ဟောင်ကောင် Apr:11,12 ($ 1900)
စင်္ကာပူ၊မလေးရှား Apr:13 ($ 1300)
ဂျပန် Apr:9,10,11,12,13 ($ 2300)
ကမ္ဘောဒီးယား၊ဗီယက်နမ် Apr:11 ($ 1300)
ဒူဘိုင်း Apr:12 ($ 2700)
အီဂျစ် Apr:11 ($ 2900)
ဗန်ကောက်၊ပတ္တရား(6)D[ Dream/Safari World, Emerald Buddha, Byoke Sky / Cruise Dinner, Tiger Zoo, Nong Nooch Garden, Alcaza Show, Ayutthaya]Feb:28/Mar:7,14,21,28/Apr:10,11,12,13,14,18($300)
ဗန်ကောက်၊ဖူးခက်(6)D [ PhiPhi / James Bond Island, Fantasy Show ] Feb : 28 / Mar : 21,28 / Apr : 10,11,12,13,18 ($500)
ဗန်ကောက်၊ချင်းမိုင်(6)D Feb: 28 / Mar: 7,21 / Apr: 11,12 ($500)
ဗန်ကောက်၊ဖူးခက်၊ချင်းမိုင်(8)D Mar: 7, 21 / Apr: 11, 12 ($700)
ဖူးခက်(4)D Feb: 28 / Mar: 14,28/ Apr: 10,11,12,13,18 ($300)
ချင်းမိုင်(4)D Feb: 28 / Mar: 14,21,28 / Apr: 12,13 ($300)
ကူမင်း၊သလီ၊လီကျန်း၊ရှန်ဂရီလာ(6)D Feb: 28 / Mar:14,28 ($400)
ရွှေလီ၊မန်စီ Feb:28 (280,000)
တောင်ကြီး Feb:28 (165,000)
ပုဂံ Feb:28 (165,000)
ပုဂံ၊ရွှေ Feb:28 (165,000)
ပုဂံ၊မန္တလေး Feb:28 (165,000)
ချောင်းသာ Feb:27 (Hotel Max) (80,000)
ငွေဆောင် Daily (80,000)
ငပလီ Daily (280,000) (Merciel Hotel & Resort)
(70/A),Kabaaye Pagoda Rd,Bahan Tsp.Ph:8604964, 8604965, 8604966, 708353, 705723, 09 7310 9133,09 7310 9144, 09 7310 9155,09 7310 9166

CitiAvenue Travels & Tours
Find us on facebook www.facebook.com/citiavenue
CitiAvenue Travels & Tours ၏ နှစ်သစ်ကူးပိတ်ရက် သကြၤန်ခရီးစဉ်များ
ဗန်ကောက် - ပတ္တရား (5D/4N) April 12 ~ 16 USD 750
ဟောင်ကောင် - ဘာလီ (8D/7N) April 11 ~ 18 USD 1770
ဒူဘိုင်း (9D/8N) April 13 ~ 21 USD 2750
စင်ကာပူ (5D/4N) April 12 ~ 16 USD 985
ဟောင်ကောင် - ရှန်ဟိုင်း - ပေကျင်း (8D/7N) April 13 ~ 20 USD 1890
ကိုရီးယား (7D/6N) April 12 ~ 18 USD 1730
ဗီယက်နမ် (5D/4N) April 13 ~ 17 USD 880
ကွမ်ကျိုး-ရှန်းကျန့်-ဟောင်ကောင်-မကာအို-ကျူးဟိုင် (8D/7N) April 14 ~ 21 USD 1595
ဂျပန် (8D/7N) April 12 ~ 19 USD 2650
ဩစတြေးလျ (7D/6N) April 10 ~ 16 USD 3400
အမှတ် ၁၃၉ (က) ၊ အောက်ကြည့်မြင်တိုင်လမ်း ၊ အလုံမြို့နယ် ၊ ရန်ကုန်။ 09 732356 12 ,09 732356 21 ,09 25090 1188 ,09 25090 1199 ,01 211609

ရေနှင့်ရောလိမ်းရန်မလိုသော အသင့်သုံး သနပ်ခါးခရင်(မ်)
Shwe
Anti ageing Thanakha Cream
-Forever Young
နံ့သာမြေရနံ့
ရွှေ အစဉ်နုပျိုစေသောသနပ်ခါးခရင်(မ်) Ph:09 450012380

## ပြည်တွင်းရေးရာ

စာမျက်နှာ ၁၈ မှ

၆။ ၂၀၁၅ Si2 ကမ္ဘာတစ်ပတ်ခရီးစဉ် (အဘူဒါဘီမှ အဘူဒါဘီသို့) ရေးဆွဲကြေညာခြင်း။

ကမ္ဘာတစ်ပတ်ခရီးစဉ်စတင်ရန် Si2 အဖွဲ့သည် ယူအေအီးနိုင်ငံ အဘူဒါဘီမြို့သို့ ၂၀၁၅ ဇန်နဝါရီလ ပထမပတ်တွင်ရောက်ရှိနေပြီး ခရီးစဉ်အတွက် အထွေထွေပြင်ဆင်နေကြပါပြီ။ ဖေဖော်ဝါရီလ နောက်ဆုံး ပတ် အဘူဒါဘီတွင် World Future Energy Summit အစည်းအဝေးကျင်းပမည်ဖြစ်ပါသည်။ အစည်းအဝေးပြီးလျှင် ဖေဖော်ဝါရီလကုန် သို့မဟုတ် မတ်လဆန်းပိုင်းတွင် (ရာသီဥတုအခြေအနေအရ) မဟာခရီးစဉ်ကြီးကို စတင်ပါမည်။ အဘူဒါဘီမှစတင်ထွက်ခွာပြီး ရပ်နားလိုက်၊ ပျံသန်းလိုက်ဖြင့် အီကွေတာနားကပ်၍ အီကွေတာနှင့်အပြိုင် ကမ္ဘာပတ်ပါတော့မည်။

၁။ အိုမန်နိုင်ငံ မူစကတ်မြို့။
၂။ အာရေဗျပင်လယ်ကိုဖြတ်၍ အိန္ဒိယနိုင်ငံ အာမီဒါဘတ်နှင့် ဗာရာဏသီမြို့။
၃။ မြန်မာနိုင်ငံ မန္တလေးမြို့ (တံတားဦးလေဆိပ်၌ သတင်းစာရှင်းလင်းပွဲ၊ ပုဂံမြို့ပေါ် အလှပျံသန်းပွဲ၊ ဓာတ်ပုံပြိုင်ပွဲများဖြင့် မြန်မာလူငယ်များ တန်ဖိုးမဖြတ်နိုင်သော မျှော်လင့်ချက်မျက်လုံးများကို ကြည့်ရှုသွားပါလိမ့်မည်။)
၄။ တရုတ်ပြည် ချုံကင်းမြို့နှင့် နန်ကျင်းမြို့။ (ကမ္ဘာ့အံ့ဖွယ်မဟာတံတိုင်းကြီးပေါ် ပျံသန်းမည့်အစီအစဉ်)
၅။ ပစိဖိတ်သမုဒ္ဒရာကိုဖြတ်သန်း၍ ဟာဝိုင်ယီကျွန်းသို့။
၆။ အမေရိကန်ပြည်ထောင်စု ဖီးနစ်မြို့၊ ဗစ်ဝစ်မြို့နှင့် နယူးယောက်။
၇။ အတ္တလန္တိတ်သမုဒ္ဒရာကိုဖြတ်၍ ဥရောပတောင်ပိုင်း သို့မဟုတ် အာဖရိကမြောက်ပိုင်း။
၈။ အဘူဒါဘီသို့ ပြန်လည်ဆင်းသက်ခြင်း။

ဤပျံသန်းမှုကို ဩဂုတ်လတွင် အဆုံးသတ်မည်ဟု လျာထားချက်။
ငါးလခန့်ကြာမြင့်သော်လည်း အသားတင်ပျံသန်းချိန် ၂၈ ရက်သာဖြစ်ပါမည်။
"One Can achieve the Impossible."

ဘာထရန်ပစ်ကတ်၏စိတ်ခွန်အားမြှင့်စကားဖြစ်ပါသည်။ သူကဆက်လက်၍ " အနာဂတ်သံတမန်ကြီး Si2 က Clean technology တွေကို အတွေးအမြင်သစ်ဖော်ဆောင်မှုနှင့် စွန့်ဦးတီထွင်မှုများဖြင့် ရယူနိုင်ကြောင်း စွမ်းအင်သတင်းစကားပြောကြားနေပါပြီ"ဟု ကြွေးကြော်သည်။

၂၀ ရာစုအဝင် စက်မှုတော်လှန်ရေးအစ ရိုက်ညီအစ်ကိုနှစ်ယောက်က ကမ္ဘာ့ဆွဲငင်အားကိုဆန့်ကျင်၍ လူသားလုပ်ငှက်ရုပ်လေယာဉ်ပျံကို တီထွင်အောင်မြင်ခဲ့ပါသည်။

၂၁ ရာစုအဝင် စွမ်းအင်တော်လှန်ရေးအစ ပစ်ကတ်နှင့် ဘော့ချ်ဘတ်တို့ နှစ်ယောက်ကလည်း ကမ္ဘာကြီး ပူနွေးမှုကိုဖြေလျှော့၍ ဇီဝရုပ်ကြွင်းစွမ်းအင်သုံးစွဲမှုအဆုံးသတ်စေမည့် နေရောင်ခြည်စွမ်းအင်သုံးဆိုလာငှက် ရုပ်ကို အောင်မြင်စွာထုတ်လုပ်နိုင်ခဲ့ပါပြီ။

သဘာဝကျိန်စာသင့်နေသော အဝါရောင်ဖျော့ဖျော့ကမ္ဘာကို သန့်စင်စွမ်းအင်ဖြင့် ပြန်လည်စိမ်းစိုစေပြီး မူလပိုင်ရှင်ကလေးတို့ထံ ပြန်လည်လွှဲအပ်နိုင်ရမည်။
Si 2 ကမ္ဘာတစ်ပတ်ခရီးစဉ် အောင်မြင်ပါစေ။
လာခြင်းကောင်းသော ဆိုလာငှက်ကြီးကို ကြိုဆိုပါ၏။

❑ ❑ ❑



ဥတ္တရခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ပြည်သူများ အသိပညာတိုးပွားပြီး စာပေဗဟုသုတကြွယ်ဝဖွံ့ဖြိုးရေးကို ရည်ရွယ်၍ ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီက ဥတ္တရသီရိမြို့နယ် မင်းကုန်းအုပ်စု၊ တံတားဦးကျေးရွာသို့ သုတ/ရသ စာအုပ်၊ စာစောင်များဖြင့် သွားရောက်၍ Mobile Library အဖြစ် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- ရွှေရဲရင့်

## အနန္တမေတ္တာကျန်းမာရေးကွန်ရက်မှအောက်ဆီဂျင်နှင့် သွေးလှူဒါန်းပွဲ ပဲခူးပြည်သူ့ဆေးရုံကြီးတွင်ပြုလုပ်

**ပဲခူး ဖေဖော်ဝါရီ ၂၆**

ပဲခူးမြို့ သမိုင်းဝင်မဟာကလျာဏီ ဘဒ္ဒန္တ အရှင်ကဝိန္ဒာဘိဝံသဦးစီးသည့် အနန္တမေတ္တာကျန်းမာရေးကွန်ရက် အောက်ဆီဂျင်နှင့် သွေးလှူရှင်အသင်း၏ပထမအကြိမ်မြောက် အောက်ဆီဂျင်ဘူးနှင့် သွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၈ နာရီက ပြည်သူ့ဆေးရုံကြီး ပြင်ပလူနာအထူးကုဆောင်၌ ကျင်းပခဲ့ကြောင်း သိရသည်။

အောက်ဆီဂျင်ဘူးနှင့် သွေးလှူဒါန်းပွဲတွင် အဆိုပါသိမ်ကျောင်းတိုက်မှ သံဃာတော်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှတ် (၁) ရဲတပ်ဖွဲ့ခွဲ ပဲခူးမြို့နယ်မှ တပ်ဖွဲ့ဝင်များနှင့် အနန္တမေတ္တာ သွေးလှူရှင်အသင်းဝင်များကအသီးသီး သွေးလှူဒါန်းကြပြီး အောက်ဆီဂျင်ဘူးနှင့် အလှူငွေများကို ဆရာတော်ဘဒ္ဒန္တအရှင်ကဝိန္ဒာ ဘိဝံသထံသို့ လှူဒါန်းကာ ဆရာတော်မှ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

အဆိုပါပွဲသို့ ပဲခူးမြို့ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာရဲမြင့်အောင်နှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပဲခူးမြို့နယ် အမှတ် (၁) ရဲတပ်ဖွဲ့ခွဲမှ ဒုရဲမှူးအောင်မျိုးနှင့် အရာရှိများ၊ ပဲခူးမြို့ အနန္တမေတ္တာကျန်းမာရေးကွန်ရက်မှ အသင်းဝင်များနှင့် ဖိတ်ကြားထားသူများ၊ အလှူရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုသားကြီး(ပဲခူး)**

## ဓမ္မရောင်ခြည်စာကြည့်တိုက်ဖွင့်

**ကျောက်တန်း ဖေဖော်ဝါရီ ၂၆**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့တွင် ဓမ္မရောင်ခြည် စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၈ နာရီခွဲက ပြုလုပ်ခဲ့သည်။

စာကြည့်တိုက်ကို တံတားမြို့ရှိ ဓမ္မရောင်ခြည်ဝတ်အသင်းနှင့် ဓမ္မဒါနအဖွဲ့တို့ ပူးပေါင်း၍ အလှူရှင် ဦးချစ်မင်း-ဒေါ်သင်းသင်းဆွေတို့က ငွေကျပ် ၂၅၀၀၀၀ မတည်၍ စိတ်ပါဝင်စားသူ အလှူရှင်များ၏ ထည့်ဝင်လှူဒါန်းငွေဖြင့် တည်ဆောက်ခဲ့ပြီး ဗုဒ္ဓဘာသာဝင် လူကြီး လူငယ်မကျန် ဗုဒ္ဓဘာသာ အခြေခံကောင်းများ ရရှိစေရန်၊ မြတ်ဗုဒ္ဓ၏ တရားတော်များကို နားလည်သိရှိလိုသူ၊လေ့လာလိုသူများ တရားခွေနှင့် တရားစာအုပ်များ လွယ်ကူစွာ ရရှိနိုင်ရန်နှင့် မြတ်နိဗ္ဗာန်အတွက် နည်းလမ်းကောင်းဖြစ်သည့် ဝိပဿနာတရားအားထုတ်နည်းများကို လွယ်ကူစွာ သိရှိနားလည်နိုင်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**

ကိုညာဏ် KO NYAN
Car Rental & Travel Service
ဘုရားဖူးခရီးစဉ်အမျိုးမျိုးနှင့်လချုပ်အတွက်
Model မြင့် ကားသစ် မျိုးစုံ ရောင်း/ဝယ်/ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။
09-5078440,01-551649,01-209183

တိုက်ခန်းငှားမည်
ဗိုလ်တထောင်လမ်းသွယ်(၂)
လမ်း၊ ၃လွှာတစ်ခန်း၊ ၄လွှာတစ်ခန်း
အသင့်ပြင်ဆင်ပြီး
Ph: 09-5114223,
09-5021235

ကားမောင်းသင်ပေးသည်
အိမ်စီးကားများကို
မောင်းနှင်နိုင်ရန် သင်ပေးပါသည်။
Ph: 09-421071159,
09-795401995

ဒီဇယ်၊ဓာတ်ဆီ
စက်ပြင်သင်တန်း
(နေထိုင်မှုအခမဲ့)
၂၁အနောက်မြင်းပြိုင်ကွင်းလမ်း
တာမွေမီးပွိုင့်အနီးရန်ကုန်ပြီ
ဖုန်း- ၄၀၀၆၃၄ ၊ ၅၄၄၉၂၄၊
၀၉ ၅၀၅၂၁၁၅

ဂိုဒေါင်ငှားရန်ရှိသည်
လှိုင်မြို့နယ်၊ ရန်ကုန်-အင်းစိန်လမ်းမ ကျောကပ်၊ အုတ်ကျင်းမှတ်တိုင်အနီး၊ အမှတ်(၄၃)၊ အာသောကလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ရှိ ပေ(၆၀×၈၀)မြေကွက် အပြည့်ဂိုဒေါင် ငှားမည်။
Ph:09-978805836,09-5406576

အမြန်အလိုရှိသည်
Air-con အလုပ်သင်အကူ(၃)ဦး
အတွေ့အကြုံရှိသူ ဦးစားပေးမည်။
Ph: 09-5406607,
09-798412608

## မြန်မာဂေါက်သီးရိုက်အသင်း
## အထိမ်းအမှတ်ရုပ်တုဒီဇိုင်းပြိုင်ပွဲဖိတ်ခေါ်ခြင်း

၁။ ရန်ကုန်မြို့၊ (၉)မိုင်၊ ပြည်လမ်းတွင်တည်ရှိသော မြန်မာဂေါက်သီးရိုက်အသင်း၏ ရှေ့မျက်နှာစာတွင် အထိမ်းအမှတ် ရုပ်တုတစ်ခုအားထားရှိရန် အလုပ်အမှုဆောင်အဖွဲ့အနေဖြင့် ဆောင်ရွက်လိုပါသည်။

၂။ အဆိုပါအထိမ်းအမှတ်ရုပ်တုဒီဇိုင်းအား စိတ်ပါဝင်စားသူ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။ ဒီဇိုင်းရွေးချယ်ခံရသည့် ပုဂ္ဂိုလ်၏အမည်အား ယင်းရုပ်တု၏အောက်ခြေတွင် မှတ်တမ်းတင်ဖော်ပြ၍ ဂုဏ်ပြုမည်ဖြစ်ပါသည်။

၃။ ရုပ်တုအရွယ်အစားမှာ-
(က) အောက်ခြေ ၃'×၃'မှ ၆'×၆'အတွင်း
(ခ) အမြင့် ၆' မှ ၉'အတွင်း
(ဂ) အဆိုပြုသူ၏စိတ်ကြိုက်ဒီဇိုင်းပုံစံရေးဆွဲနိုင်ပါသည်။

၄။ ရေးဆွဲထားသောဒီဇိုင်းနောက်ဆုံးတင်သွင်းရမည့်နေ့ရက်မှာ ၂၅-၃-၂၀၁၅ရက်နေ့ဖြစ်ပါသည်။ ဒီဇိုင်းအား ဖူးစကက်ဆိုက် Plain Sheet (သို့မဟုတ်) Photo Paper တွင်ရေးဆွဲလျက် အတိုင်းအတာများ ရေးသားဖော်ပြ ပေးပို့ရမည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက အထွေထွေမန်နေဂျာရုံး၊ မြန်မာဂေါက်သီးရိုက် အသင်း၊ (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းအမှတ်-၀၁-၆၅၂၀၈၂၊ ၀၉-၈၆၁၂၉၉၅ သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင် ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

ယုံပါ
(ဟိန်းလတ်)
အောင်မြင်လိုသော လူငယ်များအတွက် မဖြစ်မနေဖတ်ရမည့် စီးပွားရေးတက်ကျမ်းစာအုပ်ဖြစ်ပါသည်။ မလေးရှားနိုင်ငံတွင် လူသိထင်ရှားသော ကျော်ကြားသူ သူကြွယ်ကြီးတစ်ဦး "လီကာင်မ်ဆွန်း"၏ ကိုယ်တိုင်ရေးစာအုပ် ဖြစ်ပါသည်။ အလွန်ဆင်းရဲမွဲတေသည့်ဘဝ၊ ပညာမတတ်သည့် လူငယ်တစ်ဦး။ လမ်းဘေးဈေးသည် ဘဝမှသည် အောင်မြင်ကျော်ကြားသူ တစ်ယောက်အကြောင်းဖြစ်ပါသည်။ ဘဝတွင် အစစအရာရာ အားငယ်ရှုံ့တဲ့ ရှုံးနိမ့်နေသူများကို အားပေးသည့်စိတ်ဓါတ်မြှင့်တင်ရေးစာအုပ်ကောင်းတစ်အုပ်၊ အမ်ဝေးကုမ္ပဏီတွင် အရောင်းကိုယ်စားလှယ်လုပ်ရင်း ကိုယ်စားလှယ်ဘဝမှသည် သရဖူသံတမန်အဆင့်တည်ထောင်သူ တစ်ယောက်ဖြစ်လာသည့်သူ၏ဘဝဇာတ်ကြောင်းများ..
တန်ဖိုး ၂၀၀၀/-ကျပ်
မရှိမစာပေ
အမှတ်(၂၃၇)၊ ၃၉လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်။
ဖုန်း - ၃၉၂၈၃၅၊ ၀၉၅၀၅၆၈၄၃၊ ၀၉၇၃၀၅၉၉၃၅

LANCASTER Education Centre
၂၆-အေ (တတိယထပ်)နဝဒေးလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း-၃၇၄၆၆၄၊ ၀၉-၇၃၀၉၇၄၆၆
နွေရာသီအင်္ဂလိပ်စာအထူးသင်တန်းများ ( 9 March – 26 May )
Lancaster ကိုရွေးချယ်သင့်ပါတယ်
အသက် ၅ နှစ် မှ ၁၅ နှစ် အထိ
Cambridge ESOL YLE Exam ကို
ဝင်ရောက်ဖြေဆိုနိုင်သည်အထိသင်ကြားပေးမည်
English 4 Skills + Grammar Drawing Internet
Arts & crafts Story telling Excursions



# မြင်းမူ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ၈၀ ရာခိုင်နှုန်းပြီးစီး



**မြင်းမူ ဖေဖော်ဝါရီ ၂၆**

ငွေယမင်းကုမ္ပဏီမှတာဝန်ယူတည်ဆောက်နေသော ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံကို ကွင်းအမှတ်(၁-ဃ) အောင်ဇေယျရပ်ကွက် မြင်းမူမြို့တွင် တည်ဆောက်လျက်ရှိရာ အလျား ၁၂၄ ပေ၊ အနံ ၇၉ ပေ၊ မြေပြင်အထက်အမြင့် ၁၆ ပေတည်ဆောက်လျက်ရှိပြီး ကာလာသွပ်မိုးခြင်း၊ အတွင်းအပြင်အချောကိုင်ခြင်း၊ တံခါးရွက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။ ဆေးရုံတည်ဆောက်ခြင်းလုပ်ငန်းမှာ ဖေဖော်ဝါရီ ၂၄ ရက်အထိ ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း တာဝန်ရှိသူများ၏ ပြောပြချက်အရ သိရသည်။

ယင်းဆေးရုံဝင်းအတွင်း ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ ၄ ထပ် အဆောက်အအုံကို အလျား ပေ ၈၀၊ အနံ ပေ ၄၀၊ မြေပြင်အထက်အမြင့် ၄၂ ပေ၊ RC လေးထပ်ကိုလည်းဆောက်လုပ်လျက်ရှိရာ ၇၆ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။ ဝန်ထမ်းအိမ်ရာနှင့် ဆေးရုံ နှစ်ခုစလုံးအား မတ်လအတွင်း အပြီးသတ်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အဆောက်အအုံတွေ စတင်ဆောက်လုပ်ချိန်မှာ အခါမဲ့ မိုးရက်ရှည်ရွာသွန်းမှုကြောင့် လုပ်ငန်းများ လုပ်ကိုင်ရာတွင် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ခဲ့သော်လည်း သတ်မှတ်ကာလအတွင်း အပြီးသတ်လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အချိန်ပိုဆင်းပြီး ဆောင်ရွက်နေပါတယ်" ဟု တာဝန်ခံ ကိုမြင့်နိုင်ဦးက ပြောသည်၊

ဆေးရုံတည်ဆောက်ပြီးစီးသွားပါက ဆေးရုံ အဝင်၊ အထွက် မြေသားလမ်းတည်ဆောက်ခြင်း လုပ်ငန်းများလည်း လုပ်ဆောင်သွားမည်ဟု ၎င်းက ဆက်လက်ပြောသည်။

မြင်းမူ ၁၆ ခုတင်ဆံ့တိုင်းရင်းဆေးရုံ တည်ဆောက်ပြီးစီးသွားပါက မြင်းမူမြို့နယ်၊ စစ်ကိုင်းမြို့နယ်၊ ငါန်းဇွန်မြို့နယ်၊ မြောင်မြို့နယ်များရှိ ဝေဒနာရှင်များ ခရီးစရိတ်သက်သာစွာဖြင့် လာရောက်ဆေးကုသမှုခံယူနိုင်မည်ဖြစ်သည်။ **(၆၂၄)**

# ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့အတွက်တွေ့ဆုံရှင်းလင်း

**တွံတေး ဖေဖော်ဝါရီ ၂၆**

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်တွင် မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းနှင့် ကျန်းမာရေးဦးစီးဌာနယူနီဆက်အဖွဲ့တို့ပူပေါင်းဆောင်ရွက်သည့် ၂၀၁၄ ခုနှစ်၊ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့အတွက် မြို့နယ်အဆင့် ရှင်းလင်းပွဲကို မြို့နယ်ပြည်သူ့ဆေးရုံခန်းမ၌ ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါရှင်းလင်းပွဲ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေဝင်းသွင်တို့က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ကျန်းမာရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးစံမြင့်ဝင်းက ကမ္ဘာ့အေအိုင်ဒီအက်(စ်) တိုက်ဖျက်ရေးနေ့ကျင်းပမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ကျောင်းကျန်းမာရေး ဒေါက်တာကြင်အုန်း၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူး၊ ရေကျော်ကျန်းမာရေးဌာနဆေးမှူးနှင့် သူနာပြုအဆင့်(၁) ဆရာမကြီးဒေါ်သောင်ကြည်တို့က ဖြည့်စွက်အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**

# မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများပန်လုံ၌ပြုလုပ်ပေး

**ပန်လုံ ဖေဖော်ဝါရီ ၂၆**

'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ပန်လုံမြို့တွင် မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးအပ်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက်တွင် ရပ်ကွက်(၈) ရပ်ကွက်ရုံး၌ ပြုလုပ်ရာ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးကော်မတီဥက္ကဋ္ဌဦးဝေမိုးဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေး အထောက်အကူပြုအဖွဲ့များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးတင်ထွန်းလင်းက နိုင်ငံသားအရည်အချင်းပြည့်မီသူ ၂၅ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နေ့ချင်းပြီးဆောင်ရွက်၍ ပေးအပ်ရာ ရပ်ကွက်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအိုက်ကျုံက ကိုယ်စားလက်ခံရယူခဲ့ကြောင်းသိရသည်။ **ခရိုင်ပြန်/ဆက်**

# ချင်းပြည်နယ်ရဲတပ်ဖွဲ့ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးသင်တန်းဖွင့်

**ဟားခါး ဖေဖော်ဝါရီ ၂၆**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအသိပညာပေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီက ချင်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရဲဇာနည်ခန်းမ၌ ကျင်းပရာ ပြည်နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကြီးမြင့်လွင် တက်ရောက်ခဲ့ကြောင်း သိရသည်။

ယင်းနောက် ချင်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ရွေးကောက်ပွဲအရာရှိလက်ထောက်ညွှန်ကြားရေးမှူးဦးလင်းကျော်က ရွေးကောက်ပွဲကော်မရှင်၏ လုပ်ငန်းများအား ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ရဲတပ်ဖွဲ့မှူးက ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး အသိပညာပေး လုပ်ငန်းများအားလည်းကောင်း၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ဦးစီးအရာရှိ(ပထမတန်း) ဒုတိယရဲမှူးကြီးကျော်စိုးဝင်းက ရွေးကောက်ပွဲလုံခြုံရေးစီမံချက်ကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ ဟားခါး၊ မင်းတပ်နှင့် ဖလမ်းခရိုင်ရုံးများမှ ခရိုင်ရဲတပ်ဖွဲ့မှူးများနှင့် ရဲအရာရှိများ တက်ရောက်ကြပြီး သင်တန်းကို ဖေဖော်ဝါရီ ၂၇ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်ကြောင်း သိရသည်။ **(ချင်းပြည်နယ် ပြန်/ဆက်)**


စာစီစာကုံး ကို ကိုယ်တိုင် တွေးတတ် ရေးတတ် လိုသူများအတွက်

ပညာမိုး အလယ်တန်း နှင့် အထက်တန်း ဆင့် မြန်မာစာ
ဒေါက်တာမိုးဟိန်းဇော်(မြန်မာစာ) စာစီစာကုံးသင်တန်း
ဖုန်း - ၀၁ ၂၀၂၂၁၃၊ ၀၉ ၅၁၈၀၁၄၁ | သင်တန်းသား လက်ခံပြီ

၂၃၊ (6,D)၊ လှည်းတန်းလမ်းမ၊ လှည်းတန်းမီးပွိုင့်အနီး၊ ကမာရွတ်မြို့နယ်၊
တနင်္လာ၊အင်္ဂါ - နံနက် ၉ - ၁၀း၃၀ မတ်လ (၁၆ ရက်) စမည်

၄၆၊ (ပထမထပ်)၊ ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊သိမ်ဖြူတင်းနစ်ကွင်းရှေ့
ကြာသပတေး၊ သောကြာ - နံနက် ၇ - ၈း၃၀ မတ်လ (၁၂ ရက်)။ စနေ၊ တနင်္ဂနွေ - နံနက် ၇ - ၈း၃၀ မတ်လ (၁၄ ရက်) စမည်

၁၈၃၊ (၃လွှာ)၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊(မြောင်းမြလမ်းထိပ်)
ကြာသပတေး၊ သောကြာ - နံနက် ၉ - ၁၀း၃၀ မတ်လ (၁၂ ရက်) စမည်

၅၃၊ A-2 ၊ ရန်ကုန်-အင်းစိန်လမ်း၊ ၃ ရပ်ကွက်၊ မရမ်းကုန်း။ (သမိုင်းလမ်းဆုံ မှတ်တိုင်အနီး)
တနင်္လာ၊အင်္ဂါ - နံနက် ၇ - ၈း၃၀ မတ်လ(၁၆ ရက်) စမည် | လူဦးရေ ကန့်သတ်ထားသည်

ဦးဝင်းဆွေဦး(ဆရာလေး) - အလယ်တန်း သချာ်(သီးသန့်)
၁၈၃၊ (၂/၃လွှာ)၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊(မြောင်းမြလမ်းထိပ်) သင်တန်းသား လက်ခံပြီ
ဖုန်း - ၀၉ ၅၁၇၉၃၂၅ | လူဦးရေ ကန့်သတ်ထားသည်



**Rising Tide Travel & Tours**

| | | | |
|---|---|---|---|
| *ဗန်ကောက်-ပတ္တရား | (၅ညအိပ်-၆ရက်) | Apr 11 ရက် | : USD 760 |
| *ကိုရီးယားခရီးစဉ် | (၇ညအိပ်-၈ရက်) | Apr 11 ရက် | : USD 1990 |
| *ဩစတြေးလျခရီးစဉ် | (၁၀ညအိပ်-၁၁ရက်) | Apr 11ရက် | : USD 4200 |
| *ဥရောပခရီးစဉ် | (၁၃ညအိပ်-၁၄ရက်) | Apr 11ရက် | : USD 5300 |
| *အမေရိကခရီးစဉ် | (၁၅ညအိပ်-၁၆ရက်) | Apr 10 ရက် | : USD 6700 |

ခရီးစဉ်အားလုံးအတွက်Air Ticket ၊ဗီဇာကြေး၊ဝင်ကြေးများ၊ကားခ၊ဟိုတယ်၊စားသောက်ဆိုင်၊ Tour Leader ၊ Guide နှင့်ပြည့်စုံသော ဝန်ဆောင်မှု၊
Booking များကိုစတင်လက်ခံနေပါပြီ၊
Address:No.103, 5th Floor, Room(5-B), Kyun Taw Road, Sanchaung Tsp., Yangon.
Pls Contact Us: 09 798335531, 09 31250070, 09 43034182, 09798335527, 09798335532
e mail: sales@risingtidetravels.com



**EAGLE GUEST HOUSE**

ရန်ကုန်လေဆိပ်၊ အောင်မင်္ဂလာအဝေးပြေးဂိတ်သို့ သွားရလွယ်ကူသော EAGLE တည်းခိုရိပ်သာ
၁၉၂၊ အာသာဝတီလမ်း(ဘုန်းကြီးလမ်း)၊ မြောက်ဥက္ကလာ၊ မယ်လမုဘုရားမီးပွိုင့်အနီး
ဖုန်း ၀၁ ၆၅၆၀၈၈
၀၉ ၇၃၀၄၃၆၇၃
၀၉ ၃၂၂၂၁၄၄၇
၁၀၀၀၀ ကျပ် ၁၅၀၀၀ ကျပ်



**တိုက်ခန်းရောင်းမည်**

ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း၊ အောင်ဇေယျလမ်းမကြီးပေါ်၊
18'×50'(5F) ထောင့်ခန်း၊ (၅၅၀)သိန်း(ညှိနှိုင်း)
Ph: 09-450052004, 09-450038081, 09-794803671



**နန်းဦးလှိုင်** ထားဝယ်ရှင်ကိုးရှင်၊ မြိတ်

- ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ ကျိုက်ကမီ၊ စက်စဲ(၆)ရက်- ဆက်၍- မြိတ်(ဘိတ်)ပါ (၈)ရက်
- ရွှေစက်တော်၊ စက္ကိန်းတဲ၊နဂါးပွက်၊ကျောင်းတော်ရာ၊မကွေးမြသလွန်၊ပြည်(၃)ရက် | ကြိုတင်လက်မှတ် ရောင်းပြီ။
- ရွှေစက်တော်၊ ပုဂံဘုရားစုံဖူး၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူသီဟိုဠ်ရှင် (၅)ရက်
- ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊စွယ်တော်လေးဆူ၊တောင်ကြီး၊အင်းလေး၊ထမ့်စမ်းဂူ၊မွေတော်ကက္ကူ(၈)ရက်
- ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်၊ အလောင်းတော်ကဿပ (၈)ရက်
- ရွှေစက်တော်၊ အလောင်းတော်ကဿပ(၅)ရက် ● အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာဘုရားစုံ (၃)ရက်
- အင်းတော်ကြီး၊ ရွှေမဥ္ဇူ၊ မြစ်ကြီးနား၊ မေခ-မလိခမြစ်ဆုံ၊ ရွှေဘို၊ မိုးကုတ်၊ မန္တလေး | အပတ်စဉ် သောကြာ
- တောင်ကြီး၊အင်းလေး၊ထမ့်စမ်းဂူ၊လှိုင်ကော်ဘုရားစုံ(၆)ရက် ☎ 01-391577, 09-5122961

အမှတ်(၄၂)၊ လမ်းမတော်လမ်း၊ မြို့မဈေးအနောက်၊ သန်လျင်မြို့နယ်။ 09-254340569
အမှတ်(၁၇)၊ ကျိုက္ကစံလမ်း၊ ကျောက်မြောင်းဈေး၊ တာမွေမြို့နယ်။ 09-254821597



**ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ (၁၅)လမ်း၊ အမှတ်(၇၁)နှင့် အမှတ်(၇၃)ဟုခေါ်တွင်သည့်မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ(၈)ထပ်ခွဲ အဆောက်အအုံသစ်တွင် ဦးနီ(၁၂/သဃက(နိုင်) ၀၂၇၀၅၅) (စီအေ-၀၃၈၈၀၁)တရားဝင်အမည်ပေါက် ပိုင်ဆိုင်သော အမှတ်(၇၁)အခြမ်းမှ အကျယ်အဝန်း(၂၄ပေ×၄၅ပေ)ရှိ မြေညီတိုက်ခန်း[အဆောက်အအုံသစ်တစ်ခုလုံးမှ သတ်မှတ်ခေါ်ဝေါ်လျှင်-မြေညီ(ဝဲဘက်)တိုက်ခန်း]နှင့် ဆက်နွယ်တည်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံအဆိုပြုသူ မြေရှင် ဦးနီ (၁၂/သဃက(နိုင်)၀၂၇၀၅၅) (စီအေ-၀၃၈၈၀၁)၊ ဒေါ်ကျော့ကျော့ဆွေ (၁၂/သဃက(နိုင်)၀၂၇၀၅၇)နှင့် မအုံ့ကျော့နီ (၉/ပဥလ(နိုင်)၀၂၁၀၅၃) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေတို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ရာ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ခိုင်မာသောတရားဝင်ပိုင်ဆိုင်မှု အထောက်အထားမှုရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်မာလာဆွေ
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၄၆၆)
L.L.B.,H.G.P.,D.B.L.,D.M.L.,D.I.L.,D.A.Psy.
အမှတ်-၁၁၊ ဦးဘဟန်လမ်း၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉ ၅၁၂၇၈၂၀



**အမွေပြတ်စွန့်လွှတ်ခြင်း**

ဦးစိန်ကြိုင်+ဒေါ်ငွေငွေတို့၏သမီးဖြစ်သူ မလွင်မာလာကြိုင်(၁၂/ရပသ(နိုင်)၀၃၈၈၂၃) ကိုင်ဆောင်သူသည် မိဘမောင်နှမနှင့် လင်ယောက်ျားဆွေမျိုး များ၏ဂုဏ်သိက္ခာကျဆင်းအောင် ပြုလုပ်ပြီး မိမိသဘောဆန္ဒအရ အိမ်ပေါ်မှဆင်းသွားပါသဖြင့်၎င်းအားသားသမီးအဖြစ်မှလည်းကောင်း၊မောင်နှမအဖြစ်မှလည်းကောင်း၊ဇနီးအဖြစ်မှလည်းကောင်း တော်စပ်ခြင်းမရှိစေတော့ဘဲ အမွေပြတ်စွန့်လွှတ်လိုက်သည်။နောက်နောင်၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။ ဒေါ်ငွေငွေ



**သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း**

(ဦးစောလှရွှေ)-ဒေါ်ချိုချိုပြုံး၏ သားဖြစ်သူ မောင်မင်းဇေယျာစော [၁၄/ညတန(နိုင်)၁၂၉၇၇၅]သည် မိဘများကို အကြိမ်ကြိမ်စိတ်ဆင်းရဲ အောင်ပြုလုပ်နေပါဖြင့် ယခုကြော်ငြာပါသည့်နေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်မည်သည့်ကိစ္စမျှ လုံးဝတာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါ။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)



**Job Vacancy**

(Hanvico Myanmar) Bedding and Linens Trading
Hanvico Myanmar Company is looking for below dynamic staff;

**1. Sale Executive** **1 Post**
- To lead family bedding and linens sale
- Able for travelling
- 1 Year experience in sale
- English Speaking
- Education : Graduate

**2. Sale Executive** **2 Post**
- For Hotel Bedding & Linens sale
- Able for Travelling
- 1 Year experience in sale
- English speaking
- Education : Graduate

Age :20-35
Salary : Basic salary+sale Bonus
If Interest please sent CV to email: **hanvicomyanmar@gmail.com**
**Ph: 09-401602895**

# ကံမတွင် လျှပ်စစ်ဓာတ်အားခွဲရုံအကောင်အထည်ဖော်

**ကံမ ဖေဖော်ဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရာတွင် တစ်နေ့လျှင် ၂ နာရီသာဖြန့်ဖြူးနိုင်ခဲ့သော်လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်၍ နိုင်ငံတော်ခွင့်ပြုငွေဖြင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ မြို့နယ်အတွင်းနေထိုင်ကြသော ပြည်သူများ ၂၄ နာရီ လျှပ်စစ်ဓာတ်အားအသုံးပြုခွင့်ရရှိစေရန် အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ပန်းတောင်းမြို့နယ် 230၊ 66 KV အုပ်ရှစ်ပင် ဓာတ်အားခွဲရုံမှတစ်ဆင့် ၃၅ မိုင်ရှည်သော 66 KV ဓာတ်အားလိုင်းကို သွယ်တန်း၍ ကံမမြို့နယ် စီကျေးရွာတွင် ၇ ဒသမ ၅၄ ဧကအကျယ်ရှိမြေနေရာပေါ်၌ 66၊ 11 KV (5)MVA စီ ဓာတ်အားခွဲရုံအား စတင်တည်ဆောက်နေပြီဖြစ်ကြောင်းသိရသည်။

ယင်းကြောင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် အဆိုပါဓာတ်အားခွဲရုံမှတစ်ဆင့် ၁၄ မိုင်ရှိသော 11 KV ဓာတ်အားလိုင်းဖြင့် ကံမမြို့သို့သွယ်တန်း၍ မြို့ပေါ်ရပ်ကွက်များတွင် 200 KVA ထရန်စဖော်မာ ၅ လုံးဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးသွားမည်ဖြစ်သည်။

ယင်းအပြင်သွယ်တန်းထားသောဓာတ်အားလိုင်းတစ်လျှောက်ရှိ ကျေးရွာများတွင်လည်း ထရန်စဖော်မာများ တပ်ဆင်ပြီး လျှပ်စစ်မီးရရှိရန်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ကျော်ဇေယျာဝင်း(ပြန်/ဆက်)**

# တောင်သူများ ခေတ်မီလယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းရေးသင်တန်း သန်လျင်၌ဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ခေတ်မီထွန်စက်ကြီးများ၊ စပါးရိတ်သိမ်းခြွေလှေ့စက်နှင့် ကောက်စိုက်စက်များကို တောင်သူများသုံးစွဲလျက်ရှိရာ ယင်းစက်များကိုစနစ်တကျ ကိုင်တွယ်မောင်းနှင်တတ်စေရန် ရည်ရွယ်၍ ဌာနမှ ကျွမ်းကျင်ဝန်ထမ်းများနှင့် ပြည်ပထွန်စက်ကုမ္ပဏီများမှ ပညာရှင်များပူးပေါင်း၍ ခေတ်မီလယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီတွင် သန်လျင်မြို့ အမှတ်(၁၈) စက်မှုလယ်ယာထွန်စက်စခန်း၌ ကျင်းပခဲ့ကြောင်း သိရသည်။



အဆိုပါသင်တန်းဖွင့်ပွဲတွင် မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးထွန်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသော တောင်သူများက ခေတ်မီ Kubota, Saralika, Shibaura ထွန်စက်များနှင့် Kubota စပါးရိတ်သိမ်းခြွေလှေ့စက်များကို လေ့လာကြည့်ရှုကြသည်။

အဆိုပါသင်တန်းသို့ သန်လျင်မြို့နယ် ကရင်ဆိပ်၊ ဘော့သပြေကန်၊ စစ်ပင်ကွင်းနှင့် သုံးခွမြို့နယ်မှ သင်တန်းသား ၃၀ ဦး တက်ရောက်ခဲ့သည်။

လယ်ယာလုပ်ငန်းခွင်တွင် လုပ်သားရှားပါးလာမှုကြောင့် စက်မှုလယ်ယာကူးပြောင်းရေးသည် မဖြစ်မနေ လုပ်ဆောင်ရမည့် အဓိကလုပ်ငန်းတစ်ခုဖြစ်ရာ လယ်ယာသုံးစက်ကိရိယာ များ သုံးစွဲမှုမှာလည်းတိုးတက်များပြားလာသည်။ **သန်းဝင်း(သန်လျင်)**

# ဝဏ္ဏသိဒ္ဓိရပ်ကွက်တွင် ဝန်ထမ်း ဆိုင်ကယ်များ ပျောက်ဆုံး

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဝန်ထမ်းအိမ်ရာများတွင် ဆိုင်ကယ်ပျောက်ဆုံးမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၉ ရက်ညက ဝဏ္ဏသိဒ္ဓိရပ်ကွက် တိုက်အမှတ် (၅၃၇၅) အခန်း (၁၆) တွင်နေထိုင်သူ ဦးဟိန်းမင်းသူ၏ဆိုင်ကယ် Lou Jia-110 အမျိုးအစား အပြာရောင်နှင့် တိုက်အမှတ် (၃၇၆) အခန်း (၂၆) တွင်နေထိုင်သူ ဦးညီညီဇော်၏ ဌာနပိုင်ဆိုင်ကယ် J-Honda-125 အမျိုးအစား အနက်ရောင်တို့သည် အဆိုပါညတွင် ဇက်သော့ခတ်၊ ရှေ့နောက်ဘီး သံကြိုးနှင့်သော့ခတ်ရပ်ထားရာ ထပ်မံပျောက်ဆုံးသွားခဲ့ကြောင်း သိရသည်။

"အခုလို ဝန်ထမ်းအိမ်ရာတွေမှာ လုံခြုံရေးကို စိုးရိမ်ရတယ်။ အရင်ဝင်းထရံကာရံမှုများပြုလုပ်မယ်ဆိုရင် ဒီထက်တော့လုံခြုံမှုရှိနိုင်မယ်လို့ထင်တယ်" ဟု ဝေဖန်ပြောဆိုမှုများလည်း ရှိနေသည်။

အဆိုပါဝန်ထမ်း ဆိုင်ကယ်ပျောက်ဆုံးမှုကို သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။ **ကိုပေါက်(ဥတ္တရာမြေ)**

# မီးဘေးကာကွယ်ရေး သရက်စည်ပင်သို့ ကွင်းဆင်းစစ်ဆေး

**သရက် ဖေဖော်ဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်သည် ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီက သရက်မြို့မဈေးရှိ ဂါလန် ၅၀၀၀ ဆံ့ရေကန်၊ ဂါလန် ၈၀၀ ဆံ့ရေကန်၊ ဂါလန် ၃၀၀၀ ဆံ့ရေကန်နှင့် ဒိုင်းရှင်းစက်များ စုဖွဲ့ထားရှိမှု၊ မီးငြိမ်းသတ်ရေးအတွက် ကြိုတင်ဇာတ်တိုက် လေ့ကျင့်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းနောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌တွေ့ဆုံရာ အမှုဆောင်အရာရှိ ဦးသိန်းနိုင်က ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် လုပ်ငန်းဆောင်ရွက်နိုင်မှုများတင်ပြခြင်း၊ Mini back hoe ဝယ်ယူရရှိနိုင်ရေးတင်ပြရာ ညွှန်ကြားရေးမှူးက ၂၀၁၅-၂၀၁၆ နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်များတွင် အရစ်ကျချေးငွေဖြင့် ဝယ်ယူနိုင်ရေးတင်ပြရန် မှာကြားခဲ့သည်။

ယင်းနောက် မီးသင်္ဂြိုဟ်စက်ဆောင်ရွက်သည့်အစီအစဉ်၊ နွားပွဲဈေးမြေနေရာတို့အား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။ **ဇော်ထက်(သရက်)**


## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းရှိ ရန်ကုန်ပုံနှိပ်စက်ရုံများ၊ အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)နှင့် နေပြည်တော်ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)တို့မှ ထွက်ရှိသောဘေးထွက်ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၂၄-၂-၂၀၁၅မှ ၉-၃-၂၀၁၅ ထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်ရက်မှာ ၉-၃-၂၀၁၅ရက်၊ ၁၆း၀၀ နာရီဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၂၅၁၉၀၈၊ ၀၆၇-၄၁၂၂၀၈ နှင့် ၀၂-၆၂၉၃၁သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
အမှတ်-၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၆)၊ မြေကွက်အမှတ်၃(A)၊ မြေကွက်တည်နေရာအမှတ်(၃A)၊ မြို့မကျောင်းလမ်း၊ အိမ်တော်ရာဘုရားဘဏ္ဍာတော်ထိန်းအဖွဲ့လူကြီးများ အမည်ပေါက်ဂရန်ရှိ သာသနာ့မြေအား အိမ်တော်ရာဘုရားဘဏ္ဍာတော်ထိန်းအဖွဲ့ လူကြီးများကိုယ်စား ဦးတင်ဆန်း [၁၂/လမန(နိုင်)၀၂၀၀၃၃]မှ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်၊ မြို့နယ်၊ တိုင်းသာသနာရေးဦးစီးဌာနထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ အစည်းအဝေးဆုံးဖြတ်ချက်၊ ကျမ်းကျိန်လွှာများတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၁၃၄/၂)၊ မြေကွက်တည်နေရာအမှတ်(၁၃၄/၂)၊ ဇီဇဝါ(၁)လမ်း၊ ဦးစိန်မြင့် (S/OKA-၀၄၅၄၂၅)၊ ဒေါ်သိန်းခင် (MMN၀၇၄၀၂၉)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ခင်ပွန်းဦးစိန်မြင့် ကွယ်လွန်သဖြင့် ဒေါ်သိန်းခင် [၁၂/ဥကမ(နိုင်)၁၂၅၃၈၁]က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ၎င်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၄၃၆၁/၁၄)ဖြင့်ရရှိသူ ဦးထွန်းအောင်[၁၄/ဟသတ(နိုင်)၀၂၅၈၆၂]က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့ဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။


မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန်ကြေညာခြင်း

အမှတ်(ပ/၁၆၄)၊ မြို့မဈေး၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်တွင်နေထိုင်သူ ဦးစန်းလွင် [၁၂/ပဇတ(နိုင်)၀၁၅၅၃၄]၊ အဖအမည် ဦးထွန်းရှိန်ပိုင်ဆိုင်သည့် ပြင်ဦးလွင်မိုးကုတ်လမ်း၊ မိုင်တိုင်အမှတ်(၁၆)မိုင်၊ (၃)ဖာလုံမှ (၁၇)မိုင်(၃)ဖာလုံညာဘက်အခြမ်း မေးတင်မျက်စာအကျယ်ပေ(၅၂၈၀)၊ အနံပေ(၉၅၈)၊ ဧက(၂၃၀)အကျယ်အဝန်းရှိဥယျာဉ်ခြံမြေအား သီးစားပြေစာအတုဖြင့်ရောင်းချနေသူ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်၊ သံဘိုကျေးရွာနေ ဦးသူရိန်ထွန်း [၁၃/နခတ(နိုင်)၀၆၈၅၇၇] ကိုင်ဆောင်သူ အဖအမည် ဦးဘိုကြီးအား နောင်ချိုမြို့နယ်၊ ဒိုးပင်ရဲစခန်းတွင် ၁၅-၁-၂၀၁၅ရက်တွင် အမှုဖွင့်ထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မှားယွင်းဝယ်ယူထားသူများသည် ထပ်မံရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း အစရှိသဖြင့် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ အဆောက်အအုံများဆက်လက်ဆောက်လုပ်ခြင်း၊ ခြံစည်းရိုးခတ်ခြင်းများ ဆက်လက်ဆောင်ရွက်ခြင်းမပြုကြပါရန် အသိပေးမေတ္တာရပ်ခံအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ငြိမ့် (စဉ်-၃၆၀၇၅)
အထက်တန်းရှေ့နေ
ဖုန်း-၀၉-၄၀၁၆၈၂၂၈၂

## လုပ်ငန်းတံဆိပ်၊ အမည်၊ အမှတ်အသားကို တစ်ဦးတည်း မူပိုင်ဖြစ်ကြောင်း ကြေညာခြင်း




စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၁၄၆၆/၂၀၁၅)

အမှတ်(၁၉)၊ ဝိဇ္ဇာလမ်း၊ (၅)ရပ်ကွက်၊ (၉)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တွင်နေထိုင်သူ ဒေါ်ငွေးရီ[၁၂/ကမတ(နိုင်)၀၁၈၉၄၅]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

အထက်တွင်ကပ်နှိပ်ဖော်ပြထားသော လုပ်ငန်းတံဆိပ်အမည်အမှတ်အသားမှာ "သပိတ်ပုံသဏ္ဌာန်တည်ရှိသော ဖန်လုံးအတွင်း၌ ပန်းသီးတစ်လုံး ကို ထည့်သွင်းထားသည့်ပုံစံ" ဖြစ်ပါသည်။

ဖော်ပြပါ သပိတ်ပုံသဏ္ဌာန်ဖန်လုံးအား တစ်စောင်းအနေအထားဖြင့် ရစ်ပတ်ထားသောအပြာရောင်အနားသတ်နှစ်ခု၏ အလယ်ရှိခဲရောင် ပတ်ပေါ်တွင် Apple Villa ဟူသည့် အင်္ဂလိပ်စာလုံးကို ရေးသားဖော်ပြထားပါသည်။ ၎င်းတွင် A အင်္ဂလိပ်စာလုံးအကြီးနှင့် V အင်္ဂလိပ်စာလုံး အကြီးတို့ကို အစိမ်းရောင်ဖြင့်ဖော်ပြထားပြီး ကျန်စာလုံးများကို အဖြူရောင်အင်္ဂလိပ်စာလုံးအသေးများဖြင့် ဖော်ပြထားပါသည်။ ဖော်ပြပါလုပ်ငန်းတံဆိပ် အမည်အမှတ်အသားဖြင့် Mobile တယ်လီဖုန်းများနှင့်ပတ်သက်သည့် ဆက်စပ်ပစ္စည်းများရောင်းခြင်း၊ ဝယ်ခြင်း၊ Software နှင့် သက်ဆိုင်သည့် လုပ်ငန်းများ၊ Application လုပ်ငန်းများ၊ အသံပိုင်းဆိုင်ရာ ကြည်လင်ပြတ်သားမှုလုပ်ငန်းများ၊ အင်တာနက်အသုံးပြုခြင်းနှင့်သက်ဆိုင်သည့် လုပ်ငန်းများအပြင် အခြားသော ဆက်စပ်လုပ်ငန်းများကို ဆောင်ရွက်လုပ်ကိုင်သွားပါမည်။

အထက်ဖော်ပြပါ လုပ်ငန်းတံဆိပ်အမည်အမှတ်အသားကို တစ်စိတ်တစ်ဒေသဖြစ်စေ၊ လုံးဝဖြစ်စေ၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှားပြုလုပ်၍ မည်သူမဆို အသုံးပြုလာခြင်းများတွေ့ရှိပါက တည်ဆဲဥပဒေများအရ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်အေးမြင့်ရီ(စဉ်-၃၁၀၅၄)
**B.Sc, D.A, H.G.P, R.L, D.B.L, D.M.L, D.I.L**
ဒေါ်ချောချောအေး **LL.B** (စဉ်-၂၇၄၆၇)
ဒေါ်ဝါဝါစံ **LL.B**(စဉ်-၂၇၈၆၀)
အထက်တန်းရှေ့နေများ
ဖုန်း-၀၉-၇၃၀၈၅၀၉၀၊ ၀၉-၄၂၁၀၁၅၂၅၅

ဦးသိန်းညွှန့်
**B.A, H.G.P, R.L, D.B.L, D.M.L, D.I.L**
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁)
အမှတ်(၁၂၂)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်။ ရန်ကုန်မြို့
ဖုန်း-၀၉-၅၀၀၁၈၃၇၊ ၀၉-၃၆၀၅၉၅၀၃

# ရှောက်ပင်အင်းကျေးရွာ၌ အ.ထ.က (ခွဲ) ဖွင့်လှစ်၍ ကျောင်းဆောင်သစ် လွှဲပြောင်း

**ဆိပ်ဖြူ ဖေဖော်ဝါရီ ၂၆**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ရှောက်ပင်အင်းကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်း (ခွဲ) တိုးချဲ့ဖွင့်လှစ်ခြင်းအခမ်းအနားနှင့် ပါရမီဖောင်ဒေးရှင်း အရှင်ပညာဒီပ (ဒေါက်တာ USA) နှင့်အရှင်ဟောဘိတ (ဒေါက်တာသီရိလင်္ကာ)တို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အလှူရှင်ဦးဟန်ရီ၊ ဆရာမကြီးဒေါ်ရွှေရီ၏ မတည်လှူဒါန်းငွေကျပ်သိန်း ၂၄၀ ဖြင့် ဆောက်လုပ်လှူဒါန်းသော အလျား ၁၂၀ ပေ၊ အနံ ၃၀ ပေ၊ အမြင့် ၁၆ ပေ၊ RC သွပ်မိုး (၃၀×၂၀) ပေ လေးခန်းပါ အဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ အထက်တန်းကျောင်းခွဲတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ဆင်ဖြူကျွန်း ဆရာတော်ဦးပဏ္ဍိစ္စ၊ အရှင်သောဘိတ (ဒေါက်တာသီရိလင်္ကာ)နှင့် ဆရာတော် သံဃာတော်များ၊ နယ်မြေခံ တပ်မှ ဗိုလ်မှူးကြီးချစ်ညွန့်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်မျိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ပညာရေးဝန်ထမ်းများ၊ အလှူရှင်မိသားစုနှင့် ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာ ဖွံ့ဖြိုးရေးကောင်စီဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဆိပ်ဖြူမြို့နယ် ပညာရေးမှူးမှ ရှောက်ပင်အင်းကျေးရွာအထက်တန်းကျောင်းခွဲ တိုးမြှင့်ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ အလှူရှင်၏ ကိုယ်စား ဦးသီဟက ကျောင်းဆောက်လုပ်လှူဒါန်းရခြင်း၏ရည်ရွယ်ချက်များ ပြောကြား ရှင်းလင်းပေးပြီး ကျောင်းဆောင် အဆင့်တိုးမြှင့်ဖွင့်လှစ်ရခြင်းနှင့် ကျောင်းဆောင်သစ်ဆောက် လုပ်လှူဒါန်းသည့် အလှူရှင်များအား ကျေးရွာ ပြည်သူများ၏ ကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းဆုမောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ထူးချွန်ဆုရကျောင်းသား၊ ကျောင်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးခဲ့ပြီး ကျောင်းဆောင်သစ်အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ပြီး ကျောင်းဆောင်သစ်အလှူရှင်မှ ကျောင်းသား၊ ကျောင်းသူများ ညစာကျက်တန်းဝင်နိုင်ရန်အတွက် ခြောက်သိန်းတန် နှစ်လုံးထိုး အသံငြိမ်မီးစက်တစ်လုံး၊ ကျောင်းတွင်အသုံးပြုနိုင်ရန် ကွန်ပျူတာတစ်စုံတို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



ကျောင်းဆောင်အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း အထိမ်းအမှတ်အလံနှင့် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ခြင်း အထိမ်းအမှတ်အလံများကို တက်ရောက်လာကြသော ဌာနဆိုင်ရာ ဧည့်သည်တော်များအား ပေးအပ်ခဲ့သည်။ **စိုးလင်းနိုင်(ပြန်/ဆက်)**

# မိုင်းပန်မြို့နယ်၌ နွေရာသီမီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြ

**မိုင်းပန် ဖေဖော်ဝါရီ ၂၆**

မီးဘေးလုံခြုံရေးနှင့် မီးလောင်မှုကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရည်ရွယ်ပြီး မောက်မယ်မြို့နယ် စည်ပင်သာယာဈေးအတွင်းရှိဈေးများတွင် ဖေဖော်ဝါရီ ၂၃ ရက်က မြို့နယ်မီးသတ်စခန်းမှူး ဦးကျော်ကျော်ဦး၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ ဦးစီးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဈေးတာဝန်ခံနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ မိုင်းပန်မြို့နယ် စည်ပင်သာယာဈေးမျက်နှာစာရှိ ဈေးဆိုင်ခန်းအား မီးငြိမ်းသတ်ခြင်း သရုပ်ပြခဲ့ကြောင်း သိရသည်။

အဆိုပါ မီးငြိမ်းသတ်ခြင်း လေ့ကျင့်ရာတွင် မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှုများကို ဈေးသူ၊ ဈေးသားများအား မီးသတိမူစေရေးအတွက် မီးသုံးစွဲမှုများနှင့် လျှပ်စစ်သွယ်တန်းမှုများကို လိုက်လံစစ်ဆေးအကြံပြုခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းများ ပြုလုပ်ခဲ့သည်။

ယင်းသရုပ်ပြပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မိုင်းပန် ပြန်/ဆက်)**

# အရင်းမပျောက်မတည်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ပေးအပ်

**ခင်ဦး ဖေဖော်ဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်၌ ငါးလုပ်ငန်းဦးစီးဌာန ငါးလုပ်ငန်းဆိုင်ရာ မြစိမ်းရောင်ကျေးရွာအရင်းမပျောက် မတည်ရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရာဇာအေးက အမှာစကား ပြောကြားပြီး ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိန်မြင့်က ငါးလုပ်ငန်းဆိုင်ရာ မြစိမ်းရောင် ကျေးရွာအရင်းမပျောက် မတည်ရန်ပုံငွေကျပ်သိန်း ၃၀၀ နှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်း ပြောကြားခဲ့သည်။

ယင်းနောက်မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ခရိုင်ငါးလုပ်ငန်းဦးစီးမှူးတို့က ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို ရုံးစုကျေးရွာ မြစိမ်းရောင်ကော်မတီဥက္ကဋ္ဌ ဦးငွေဒေါင်းထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

# ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်ပြီးစီး

**တိုက်ကြီး ဖေဖော်ဝါရီ ၂၆**

တိုက်ကြီးမြို့နယ်အတွင်းရှိ ရေတွင်းကုန်း၊ ကံသုံးဆင့် ကျေးရွာချင်းဆက်လမ်းအား ၁၉ ဒသမ ၃၆၀ သန်းဖြင့် လမ်းအရှည်ပေ ၁ မိုင် ၄ ဖာလုံ အကျယ် ၁၈ ပေ ရှိသော မြေသားလမ်း ဖောက်လုပ်ခဲ့ရာ ဖေဖော်ဝါရီ ၁၀ ရက်က တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းမောင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှတင်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခင်မောင်မြင့်တို့က ဖွင့်လှစ်ပေးခဲ့သည်။

တိုက်ကြီးမြို့နယ် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ သွားရေးလာရေး အဆင်ပြေစေနိုင်ရန် ကျေးလက်လမ်းများ ဖောက်လုပ်ပေးလျက်ရှိရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေ ကျပ် ၇၃၆ ဒသမ ၂၄၀ သန်းဖြင့် အရှည်ပေ ၄ ဒသမ ၄ မိုင်ရှိ ကွန်ကရစ်လမ်း (၁)လမ်း၊ အရှည်ပေ ၈ မိုင်ရှိ မြေသားလမ်း ငါးလမ်း၊ အရှည်ပေ ၂၂၀ ရှိ ကွန်ကရစ်ဘိုးပိုင်သစ်သားတံတား တစ်စင်းနှင့် ရေပေးရေးလုပ်ငန်းအနေဖြင့် တွင်းနက် သုံးတွင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**ထွန်းလှိုင် (မြိုင်)**

**ပြင်ဆင်ဖတ်ရှုပါရန်**

(၂၄-၂-၂၀၁၅) ရက်နေ့ထုတ်ကြေးမုံသတင်းစာ စာမျက်နှာ (၂၂)တွင် ဖော်ပြခဲ့သော ‘ချစ်စရာပူတာအိုဒေသ’ ဖတ်စရာ ဒုတိယကော်လံတွင် ပါရှိသည့် ခါကာဘိုရာဇီတောင်၏ အမြင့်ကို **“ပေ ၁၉၂၉၈၆”** အစား **“ပေ ၁၉၃၁၅”** ဟုပြင်ဆင်ဖတ်ရှုပါရန်။

(စာတည်း)

**ရွှေဥဒေါင်းမင်း 09250512576, 09421122687**
+ ရွှေစက်တော်၊ မကွေးမြသလွန်၊ စက္ကိန်းတဲ၊ နဂါးပွက်၊ ကျောင်းတော်ရာ၊ ပြည် 45000
+ ရွှေစက်တော်၊ အာလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ Guest House 75000
+ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ အာလောင်းတော်ကဿပ Guest House 75000
+ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော၊ ထမ်စမ်း Guest House 75000 Feb27, Mar 6,13,20,27
+ စစ်ကိုင်း၊ မုံရွာ၊ အာလောင်းတော်ကဿပ Guest House 50000
အထက်ဆိုင် ယောကြာ
ကားမျိုးစုံ ငှားရမ်းပေးသည်။

**ကား မျိုးစုံ**
(Alphard/Crown/MarkII/အနိစတုံး/Hiace ၉/၁၃ယောက်စီး၊ ၂၄/၂၆/၃၃/၄၅/၄၉ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် ချိုသာသောဈေးနှုန်းဖြင့် အငှားလိုက်ပါသည်။
Ph: 09795549249, 095418126

**Konica ရွှေရာဇ** Wedding Dress Photo Studio



စိုင်းစိုင်းခမ်းလှိုင်
ဘွဲ့ခါတ်ပုံ၊ ဘွဲ့ဝတ်စုံ
မိတ်ကပ်ဆံပင် အတွက်
ကြိုတင် စာရင်းပေးသွင်းနိုင်ပြီ။
♛ အမှတ် (၇၀)၊ လမ်းမတော် လှည်းတန်းလမ်း၊ ၁၀ လမ်း နှင့် ၁၁ လမ်းကြား၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ ။ ဖုန်း- ၂၂၅၀၈၄
♛ အမှတ် (၃၆)၊ လှည်းတန်းမီးပွိုင့်အနီး၊ ရန်ကုန်အင်းစိန်လမ်းမ၊ ကမာရွတ်။ ဖုန်း-၅၂၅၃၀၄

## REQUEST FOR EXPRESSIONS OF INTEREST
## (CONSULTING SERVICES-FIRMS SELECTION)

**The Republic of the Union of Myanmar**
**Electric Power Project**
**Credit No:IDA-53060-MM**
Assignment Title:Implementation Consultant of CCGT power plant at Thaton, Mon State, Myanmar.
Reference No:MEPE-CS-8

The Ministry of Electric Power has received financing from the World Bank toward the cost of the Electric Power Project, and intends to apply part of the proceeds for consulting services plans to build a105 MW Combined Cycle Gas Turbine (CCGT) Power Plants at Thaton, Mon State, Myanmar. MEPE invites eligible consulting firms("Consultants") to indicate their interest in providing the Services.

The consulting services ("the Services") include the following scopes:

1. ***Project Management***
2. ***Design Audit and Construction Supervision***
3. ***Testing and Commissioning***
4. ***Training and Capacity Development***
5. ***Environment and Social Management***
6. ***Contract Administrative/Financial management***

The Myanma Electric Power Enterprise(MEPE) now invites eligible consulting firms ("Consultants") to indicate their interest in providing the Services. Interested Consultants should provide information demonstrating that they have the required qualifications and relevant experience to perform the Services.

**The shortlisting criteria are:**

1. The firm should have the general experience in power plant engineering and construction management for at least twenty five(25)years.
2. The firm should have provided consulting services involving design audit and construction supervision for at least two CCGT projects with the capacity of 100MW or over that the firm has successfully competed in the last 10(ten)years;and
3. The firm should have experience of working in the Client's country or similar country environment.

The attention of interested Consultants is drawn to paragraph.1.9 of the World Bank's Guidelines: **Selection and Employment of Consultants [under IBRD Loans and IDA Credits & Grants] by World Bank Borrowers, January 2011("Consultant Guidelines"),** setting forth the World Bank's policy on conflict of interest.

Consultants may associate with other firms in the form of a joint venture or a sub-consultancy to enhance their qualifications.

A Consultant will be selected in accordance with the Quality Cost-based Selection(QCBS) method set out in the Consultant Guidelines.

Further information can be obtained at the address below during office hours (9:30 to 16:30 hours) Expressions of interest must be delivered in a written form to the address below(in person,or by mail,or by e-mail) by the close of business of **16th March 2015**.

**Myanmar Electric Power Enterprise (MEPE)**
**Attn: U Win Myint, Chief Engineer,**
**Thermal Power Department**
**Myanmar Electric Power Enterprise**
**Ministry of Electric Power**
**Building No.27, Nay Pyi Taw**
**The Republic of the Union of Myanmar**
**Telephone:+9567410443, 410557**
**Email:gtceoffice@gmail.com**

# မန်းလူငယ်ဖွံ့ဖြိုးရေးပရဟိတ မိဘမဲ့ကျောင်းသို့ လှူဒါန်းမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

အာဆီယံအသိုက်အဝန်း-မြန်မာ၏ မတ်လ တိုင်းနှင့်ပြည်နယ်အလှည့်ကျ အလှူအစီအစဉ်အတွက် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် ရဲဘော်ကွက်သစ်ရှိ ပြည်လုံးချမ်းသာ လူငယ်ဖွံ့ဖြိုးရေး ပရဟိတမိဘမဲ့ကျောင်းကို ရွေးချယ်ထားကြောင်း သိရသည်။

